BINA
Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ

# မိုးကြိုး သတင်းစာ

ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီကို ထောက်ခံကြ

The Lightning Newsletter

အမှတ် (၇၆) ခရစ်နှစ်၊ ၂၀၀၆ ခုနှစ်၊ ဩဂုတ်လ | မြန်မာသက္ကရာဇ် (၁၃၆၈) | (၁၅-၁-၉၉) ရက်နေ့တွင်စတင်တည်ထောင်သည်။

## ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်များကိုဂါရဝမပြုရဟူသော မတရားသည့်အမိန့်ကိုဖီဆန် အဟန့်အတားများဖြတ်ကျော် ကျောင်းသားအင်အားစုများ အာဇာနည်ဗိမာန်ဆီအရောက်ချီတက်

ဇူလိုင် (၁၉) ရက် အာဇာနည်နေ့က ရန်ကုန်မြို့တွင် လုံခြုံရေးများတင်းကြပ်ထားသည့်ကြားမှ မင်းကိုနိုင်ဦးဆောင်သော ကျောင်းသားအင်အားစုများသည် အာဇာနည်ဗိမာန်ဆီအရောက်ချီတက်၍ ကျဆုံးလေသောဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်များကို ဂါရဝပြုခဲ့ကြသည်။

အာဇာနည်နေ့မတိုင်ခင် ရက်ပိုင်းအလိုကတည်းက ရန်ကုန်မြို့တွင်းရှိ မီးပွိုင့်များတွင် လုံထိန်းရဲများနှင့် လက်နက်ကိုင်တပ်များချထားပြီး သတင်းစာများမှလည်း အာဇာနည်နေ့တွင်လူစုလူဝေးနှင့် စီတန်းလှည့်လည်ခြင်းပြုလုပ်လျှင် စွမ်းအားရှင်အမည်ခံလက်ရုံးတပ်များဖြင့် ဖြိုခွဲချေမှုန်းမည်ဟု ခြိမ်းခြောက်မှုများပြုလုပ်ခဲ့သည်။

အာဇာနည်နေ့တွင် အာဇာနည်ဗိမာန်အနီး၊ ဗဟန်းမြို့နယ် အမှတ် (၃) အလယ်တန်းကျောင်းသို့ ရန်ကုန်မြို့တော်ဝန်မောင်ပါကိုယ်တိုင်ရောက်လာစောင့်ကြည့်နေပြီး လုံခြုံရေးတပ်များလည်း အနီးအနားတဝိုက်တွင် အရပ်ဝတ်ဖြင့် နေရာယူထားကြသည်။

နေ့ခင်း (၁၁) နာရီတွင် ရှစ်လေးလုံးမျိုးဆက်ကျောင်းသားများဖြစ်ကြသော မင်းကိုနိုင်၊ မင်းဇေယျာ၊ ကိုပြုံးချို၊ ကိုမြအေးနှင့် လူ (၃၀) ခန့်သည် အတားအဆီးများကိုဖြတ်ကျော်ကာ အာဇာနည်ဗိမာန်အဝဆီရောက်လာကြပြီး ဂိတ်ချထားသော လုံခြုံရေးတပ်များနှင့် ထိပ်တိုက်တွေ့ခဲ့သည်။



အာဇာနည်ဗိမာန်သို့ချီတက်လာသော ကျောင်းသားများအား နအဖအာဏာပိုင်တို့မှ ပိတ်ပင်တားမြစ်နေစဉ်

"(၅) ယောက်တတန်း သူတို့ကခွဲသွင်းတယ်။ အချိန်တွေဆွဲထားတယ်။ အဲဒီအတွက် ကျနော်တို့က အာဇာနည်ကုန်းအောက်ခြေလည်းရောက်ရော ဆက်ပြီးမဝင်တော့ဘဲနဲ့ အာဇာနည်ကုန်းအောက်ခြေကနေ အလေးပြုပြီးတော့ လာလမ်းအတိုင်းပြန်ထွက်လာခဲ့တယ်" ကျောင်းသားခေါင်းဆောင်တဦးက ပြောသည်။

ရှစ်လေးလုံးကျောင်းသားခေါင်းဆောင် ကိုမင်းကိုနိုင်က အများအကျိုးအတွက် အသက်စွန့်သွားသော အာဇာနည်များခေါင်းဆောင်များ၏ ကျေးဇူးတရားကိုအောက်မေ့သည့်အနေဖြင့် အာဇာနည်များ၏ဂုဏ်ပုဒ်ကို အောက်မေ့သည့်အနေဖြင့် အတားအဆီးနှင့် ခြိမ်းခြောက်မှုများကြားမှ ရောက်အောင်သွားပြီး အလေးပြုခဲ့ခြင်းဖြစ်သည်ဟု ပြောသည်။

၎င်းအဖြစ်အပျက်မတိုင်ခင် နံနက်စောစောပိုင်းက အာဇာနည်ကုန်းသို့ချီတက်ခဲ့သော အဲန်အယ်ဒီအဖွဲ့ဝင် (၂၀၀) ကျော်ကိုလည်း အစောင့်များက အတွင်းသို့တက်ရောက်ခွင့်မပေးဘဲ ဂိတ်ပေါက်တွင်ပိတ်ဆို့ကာ ပါတီဝင်များဝတ်ဆင်လာသော ပင်နီအကျႌရင်ထိုး၊ ဖဲပြားများနှင့် ဗိုလ်ချုပ်အောင်ဆန်းပုံပါသောအကျႌများကို အတင်းချွတ်ခိုင်းခဲ့သဖြင့် နှစ်ဖက်တင်းမာမှုများဖြစ်ခဲ့သည်။

"မ,ပေးတက်တော့လည်း ဗိုလ်ချုပ်အောင်ဆန်းတို့ကျဆုံးတဲ့အချိန် မနက် (၁၀) နာရီ (၃၇) မိနစ်မှာပဲ လမ်းအကွေ့လေးကနေ အာဇာနည်ကုန်းဘက်ကို အလေးပြုလိုက်တယ်။ ကိုယ့်ဖာသာအလေးပြုပြီး ပြန်လာခဲ့ကြတယ်"ဟု အဖွဲ့ချုပ်ဝင် အမျိုးသမီးတဦးကပြောသည်။

အလားတူ ဗိုလ်ချုပ်အောင်ဆန်းပုံ လွှမ်းသူ့ပန်းခွေ၊ ပန်းခြင်းများနှင့် "အာနည်မျိုးသေရိုးမရှိ" စာတမ်းများကိုင်ဆောင် ချီတက်လာသော အဲန်အယ်လ်ဒီလူငယ် (၅၀၀) ခန့်လည်း အာဇာနည်ဗိမာန်အတွင်းသို့ ဝင်ခွင့်မရဘဲလှည့်ပြန်ခဲ့ကြကြောင်း သိရှိရသည်။

ထို့နေ့ နေ့လည်ပိုင်းတွင် အမျိုးသားဒီမိုရေစီအဖွဲ့ချုပ်ရုံးတွင်၌ (၅၉) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားတရပ်ကျင်းပခဲ့ပြီး အာဇာနည်ခေါင်းဆောင်များအတွက် ကောင်းမှုကုသိုလ်ပြုလုပ်ခြင်းနှင့် အလေးပြုခြင်းများပြုလုပ်ခဲ့သည်။

အဖွဲ့ချုပ်အဖွဲ့ဝင်များ၊ ဧည့်သည်တော်များ၊ သံတမန်များ၊ စုစုပေါင်းအင်အား

စာမျက်နှာ (၁၀) ကော်လံ (၄) သို့





အလေးပြုနေစဉ်



မင်းဆိုးကို မိုးကြိုး ပစ်ပြီ

## အယ်ဒီတာ့အာဘော်

# တပ်ပေါင်းစုနှင့် ယနေ့တာဝန်

ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးတာမလာဘောက''တချို့လူတွေက တူရင်တဲ့လုပ်၊ မတူရင်ခွဲလုပ်လို့ ပြောကြတယ်။ ဒါ တပ်ပေါင်းစု လုပ်ဟန်မှမဟုတ်ပဲ။ တကယ်က မတူတဲ့အမြင်တွေကိုစုစည်းပြီး တူညီတဲ့အလုပ်တခုကို အားလုံးစုပေါင်းလုပ်နိုင်တဲ့ အခြေအနေဖန်တီးရမှာ။ ဒါမှ တပ်ပေါင်းစုပေါ့။ မဟုတ်ရင်အလကားပဲ။''ဟုမကြာခဏဆိုသလို အလျဉ်းသင့်သည့်အခါတိုင်း သူ၏တပ်ပေါင်းစုနှင့်စပ်လျဉ်းသော သဘောထားအမြင်ကို ရှင်းပြလေ့ရှိသည်။

မှန်ပေသည်။ လေးလံသောကျောက်တုံးတတုံးကို သူတလှည့် ကိုယ်တလှည့် တွန်းရွှေ့နေပါက ဘယ်သောအခါမှ ရွှေ့မည်မဟုတ်ပေ။ လူအားလုံးက ပြိုင်တူအားစိုက်၍ ညီညီညွတ်ညွတ်တွန်းရွှေ့ပါက ရွှေ့သွားမည် (အလုပ်ပြီး မြောက်အောင်မြင်မည်) ဆိုသည်ကို လူတိုင်းလိုလိုနားလည်ကြသည်။ တပ်ပေါင်းစုတည်ဆောက်ရေးနှင့် လုပ်ဟန်ကိုကျင့်သုံးရာ၌လည်း ဤ''ကျောက်တုံးရွှေ့နည်းနာ'' ကိုကျင့်သုံးရာ၏။

ဆိုကြပါစို့။ လူ (၁၀) ယောက်တွန်းမှရွှေ့နိုင်သော ကျောက်တုံးကြီးအား (၅) ယောက်ဖြင့်တွန်းသော်မရွှေ့ရာ။ ချွေးဒီးဒီးကျအောင်တွန်းသော်လည်း (တွန်းနေသူများက အလုပ်လုပ်နေသည်ဟုယူဆသော်လည်း) ရူပဗေဒသဘောအရ အလုပ်မဖြစ်။ လိုအပ်သော နောက်ထပ်လူ (၅) ယောက်ကို ထပ်မံစည်းရုံး၍ ကျောက်တုံးရွှေ့အောင်လုပ်သောလုပ်ငန်းတွင် ပါဝင်စေရမည်။ တွန်းမည့်နည်းနာကိုလည်း (၁၀) ယောက် သဘောတူညီနိုင်းတိုင်ပင်၍ ပြိုင်တူအားစိုက်တွန်းပါက ဘယ်ကျောက်တုံးမရွှေ့ပဲခံနိုင်အံ့နည်း။

ထင်ရှားကျော်ကြားပြီး အတွေ့အကြုံကြီးမားသည့် နိုင်ငံရေးသမားဟောင်းတဦးက''ယနေ့တော်လှန်ရေးရဲ့အဓိကပြဿနာက တပ်ပေါင်းစုပြဿနာပဲ'' ဟု ဆိုခဲ့ဖူးသည်။ အပြည့်အဝမှန်ကန်သည်ဟု ကောက်ချက်မချနိုင်သည့်တိုင် ငြင်းပယ်နိုင်မည့် အချက်အလက်တချို့ကို အလွယ်တကူရှာမတွေ့ခဲ့။ တပ်ပေါင်းစုတရပ်တွင်ပါဝင်သော ပါတီအဖွဲ့အစည်းတခုချင်းစီ၏ ကြံ့ခိုင်သန်စွမ်းမှု၊ မှန်ကန်သောပါတီတည်ဆောက်ရေးအခြေခံနှင့် ထက်မြက်စူးရှသောခေါင်းဆောင်မှုတို့က တပ်ပေါင်းစုအရည်အသွေးကို ပြဋ္ဌာန်းလျက်ရှိသည်ကိုကား လက်တွေ့လုပ်ငန်းများမှ လေ့လာသိရှိရသည်။ သို့ပါ၍ တပ်ပေါင်းစုတည်ဆောက်ရေး အခြေခံသဘောတရားသည် ကျယ်ဝန်းနက်နဲသည်နှင့်အမျှ လက်တွေ့အခြေအနေ၊ ပြောင်းလဲနေသောအခြေအနေနှင့် ယင်းတပ်ပေါင်းစုတို့၏ ထူးခြားမှုတို့ကို အမိအရဆုပ်ကိုင်ကာ နိုင်ငံရေးအနုပညာရှိရှိလုပ်ဆောင်သွားရမည်မှာ အဆက်ဆက်သောတပ်ပေါင်းစုများကိုတာဝန်ယူခဲ့သည့် ခေါင်းဆောင်များ၏ ပင်မလုပ်ငန်းတာဝန်ပင်ဖြစ်သည်။

နှစ်ဆယ့်တစ်ရာစု၏ ပထမ (၁၀) စုနှစ် မကုန်ဆုံးမီပင် မြန်မာပြည်၏ နိုင်ငံရေးဖြစ်စဉ်ကို အဆုံးအဖြတ်ပေးနိုင်သောအခြေအနေများ ဖြစ်ထွန်းလာနိုင်ခြေရှိသည်ဟု အားလုံးက ယေဘုယျလက်ခံထားကြသည်။ စစ်အာဏာရှင်စနစ်ကတဖက်၊ ပြည်သူလူထုကတဖက်ဖြစ်ပွားနေသော မြန်မာပြည်၏အဓိကပဋိပက္ခသည်နှစ်အနည်းငယ်အတွင်း အဆုံးအဖြတ်ပေးမည့်အခြေအနေတရပ်သို့ ရောက်ရှိနေပြီဟု ဆိုလိုခြင်းဖြစ်သည်။ ဤကဲ့သို့အရေးကြီးလှသည့်ကာလမျိုးတွင် စစ်မှန်သောတပ်ပေါင်းစုတခုတည်ဆောက်ရေးနှင့် လက်တွေ့ကျပြီး အလုပ်ဖြစ်ထွန်းနိုင်မည့်တပ်ပေါင်းစုလုပ်ဟန်ကို ကျင့်သုံးရန်မှာ ယနေ့ကာလ ခေါင်းဆောင်များအတွက် ရှောင်လွှဲ၍မရသော သမိုင်းပေးတာဝန်ဖြစ်ပေသည်။ တယောက်အားသော်မရ၊ တသောင်းအားသော်ရ၏ဟူသော ဆိုရိုးစကားအတိုင်း တပ်ပေါင်းစုတွင်ပါဝင်သောနိုင်ငံရေးအဖွဲ့အစည်းများ၏ တော်တည့်မှန်ကန်သောစွမ်းပကားကို အသုံးချလျက် ယနေ့ကာလအမျိုးသားတာဝန်ကြီးများဖြစ်ကြသည့် ဒီမိုကရေစီရေး၊ အမျိုးသားရင်ကြားစေ့ရေး၊ ပြည်တွင်းငြိမ်းချမ်းမှုတည်ဆောက်ရေးမှသည် ခေတ်မီတိုးတက်၍ ပညာပြည့်ဝသောနိုင်ငံတော်သစ်ပေါ်ထွန်းလာရေးကို ရည်ရွယ်လျက်''ရောင်မီးထွန်းစိတ်ဓာတ်'' ဖြင့် နှလုံးလှစွာ တပ်ပေါင်းစုကြီးအတွက်အလုပ်လုပ်ကြရန် လိုအပ်လျက်ရှိပြီဖြစ်ကြောင်း တိုက်တွန်းရပေသည်။

❖

# ရှစ်လေးလုံးဒီမိုကရေစီလူထုအရေးတော်ပုံ (၁၈) နှစ်မြောက်အထိမ်းအမှတ်













စွန့်လွှတ်ပေးဆပ်သွားကြသော ဒီမိုကရေစီသူရဲကောင်းတို့အား ဦးညွှတ်ဂုဏ်ပြုကြ။
ရှစ်လေးလုံးစိတ်ဓာတ်ကို ကိုင်စွဲပြီး ရဲရင့်တည်ကြည်စွာချီတက်ကြ။
ဒီမိုကရေစီ လူထုအရေးတော်ပုံ မုချအောင်ရမည်။

----------------------






# ရန်ကုန်မှဆန်များကို စည်ပင်သာယာနယ်နိမိတ်ကျော် မသယ်ရဟုအမိန့်ထုတ်



ရန်ကုန်မြို့ပေါ်မှဆန်များကို နယ်နိမိတ်ကျော်သယ်လျှင် ထောင်ဒဏ် (၇) နှစ်ကျော်ချမှတ်မည်ဖြစ်ကြောင်း ရန်ကုန်မြို့မှ ဆန်ကုန်သည်များနှင့် ဧရာဝတီတိုင်းမှ ဆန်စ်ပိုင် ရှင်များကို အာဏာပိုင်များက ခေါ်ယူသတိပေးခဲ့ကြောင်းသိရသည်။

ပြီးခဲ့သည့်လဆန်းပိုင်းက ရန်ကုန်၊ မန္တလေးနှင့် အထက်မြန်မာပြည်မြို့များတွင် ဆန်ဈေးရုတ်တရက်ခုန်တက်ပြီးနောက် ဆန်စက်ပိုင်ရှင်များနှင့် ဆန်ကုန်သည် (၂၅၀) ကျော်ကိုလည်း ပြီးခဲ့သည့်လ (၂၄) ရက်နေ့က ရန်ကုန်မြို့တော်ဝန်က ဆင့်ခေါ်၍ ဆန်ဈေးမတက်အောင် ဝိုင်းဝန်းဖြေရှင်းပေးကြရန် ကြိမ်းမောင်းခဲ့သည်ဟု သိရှိရသည်။

ဇူလိုင်လအတွင်း ဆန်ကြမ်းတတင်းခဲ့တအိတ်လျှင် ကျပ်ငွေ (၁၃၀၀၀) ရှိနေပြီး ပေါ်ဆန်းမွှေးတအိတ်လျှင် (၂၃၀၀၀) ကျော်နေသဖြင့် ရန်ကုန်ဆင်ခြေဖုံးတွင် ထမင်းအစား ထမင်းရည်သောက်သူပိုမိုများပြားလာကြောင်းသိရသည်။

စပါးဈေးမှာလည်း မတ်လကရှိခဲ့သောတင်းတရာလျှင် ကျပ်လေးသိန်းခွဲမှ တရစ်ရစ်တက်ခဲ့ပြီး ယခုအခါ ရှစ်သိန်းသို့ရောက်နေပြီဖြစ်သည်။

လောလောဆယ်တွင်ဈေးကွက်၌ နှေ့စပါးတင်းတရာလျှင် (၄) သိန်းနှင့် မိုးစပါးလက်ကျန်တင်းတရာလျှင် ကျပ် (၆) သိန်းပေါက်သော်လည်း ရောင်းချမည့်သူ ရှားပါးနေသည်ဟုဆိုသည်။

ဤအတောအတွင်း မိုးကြီးမှုကြောင့် ပဲခူးတိုင်းရှိ ခရမ်း၊ သနပ်ပင်၊ ဝေါ၊ သုံးခွစသောဒေသများတွင် လယ်မြေဧက (၄၀၀) ကျော်ပျက်စီးသွားသည့်နေရာတွင် စပါးပြန်မစိုက်နိုင်ဖြစ်နေသည်။

ဧရာဝတီတိုင်းတွင်လည်း စပါးလက်ကျန်တင်း (၁၄) သိန်းသာရှိတော့သဖြင့် ရန်ကုန်သို့ဆန်အဝင်နည်းသွားခြင်းဖြစ်ကြောင်း သိရသည်။

ရန်ကုန်ဆန်ကုန်စည်ဒိုင် ဥက္ကဋ္ဌ ဦးအောင်သန်းဦးက ပြည်ပတင်ပို့ဆန်များကို ဈေးကွက်တွင် အဝယ်လိုက်နေသဖြင့် ရန်ကုန်တွင်ဆန်ဈေးကွက်ပျက်ရသည်ဟု ပြောသည်။

ရန်ကုန်တွင်ဆန်ပြတ်လပ်ခြင်းနှင့် ဆန်တက်နေသည့်ကိစ္စနှင့်ပတ်သက်၍ မြန်မာနိုင်ငံစက်မှုလက်မှုနှင့် ကုန်သည်ကြီးများအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ မြန်မာနိုင်ငံ ဆန်စက်ပိုင်ရှင် ဥက္ကဋ္ဌ ဦးတင်ဝင်းနှင့် ဧရာဝတီတိုင်းဆန်စက်ပိုင်ရှင်တို့ မြောင်းမြနှင့် ပုသိမ်မြို့များတွင်တွေ့ဆုံပြီးမကြာခင်တွင် ရန်ကုန်မြို့တော်ဝန်က ဆန်ကုန်သည်ကြီးများကို ခေါ်ယူခဲ့ခြင်းဖြစ်သည်။ ❖

# ဗိုလ်ချုပ်အောင်ဆန်းဓာတ်ပုံကိုအလေးပြုမှုဖြင့် ထောင်ချခံရသူ မတရားချမှတ်ခံရသူ တွံတေးမှ ကျူရှင်ဆရာအယူခံဝင်

၁၉၈၄ ခုနှစ် ဘာသာရပ်သင် ကိုယ်ပိုင်သင်တန်း ပုဒ်မ ၂၃ နှင့် (၂၀၀၅) ခုနှစ် ဩဂုတ်လက တရားစွဲဆိုခံရပြီး ထောင်ဒဏ် (၃) နှစ် စီရင်ခြင်းခံခဲ့ရသည့် ရန်ကုန်တိုင်း တွံတေးမြို့မှ ကျူရှင်ဆရာ ဦးခင်မောင်ဦး (ခေါ်) ဦးအောင်ဖေ၏အမှုကို ဇူလိုင် (၁၁) ရက်နေ့က အယူခံဝင်လျှောက်လဲခဲ့ကြောင်းသိရသည်။

ဦးအောင်ဖေ၏အမှုမှာ မြန်မာ့လွတ်လပ်ရေးဖခင် ဗိုလ်ချုပ်အောင်ဆန်း၏ ဓာတ်ပုံကားကို ပြီးခဲ့သည့်နှစ် အာဇာနည်နေ့က အလေးပြုခဲ့သည့်အတွက်ဖြစ်ကြောင်း ရန်ကုန် သတင်းများကဆိုသည်။

ဦးအောင်ဖေ၏နောက်ဆုံးအယူခံကို ဇူလိုင်လ (၁၁) ရက်နေ့တွင် ၎င်း၏ရှေ့နေ ဦးမြင့်သောင်းက ဗဟိုတရားရုံးတွင် လျှောက်လဲခဲ့သည်။

ထိုအကြောင်းနှင့်ပတ်သက်၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥပဒေအထောက်အကူပြုအဖွဲ့ဝင် ရှေ့နေဦးဉာဏ်ဝင်းက ပြောဆိုရာတွင် ဦးအောင်ဖေ၏အမှုလိုက်ရှေ့နေ ဦးမြင့်သောင်းက အထူးအယူခံလက်ခံရေး လက်မခံရေးကို ဗဟိုတရားရုံးတွင်လျှောက်လဲချက်ပေးခဲ့ကြောင်း၊ ရုံးတော်က လက်ခံပါက နောက်တဆင့်တက်လှမ်းရမည်ဖြစ်သည့်နောက်ဆုံးအယူခံဖြစ်ကြောင်း၊ ဦးအောင်ဖေသည် ယမန်နှစ် အာဇာနည်နေ့တွင် တပည့်များနှင့်အတူ ဗိုလ်ချုပ်အောင်ဆန်းကို အလေးပြုခဲ့ခြင်းသာဖြစ်ရာ ထိုကိစ္စအပေါ် အာဏာပိုင်များက အကြောင်းရှာပြီး တရားရုံးတင်ခြင်းသာဖြစ်ကြောင်း၊ မိမိတို့အနေဖြင့်မူ ပြစ်မှုကျူးလွန်ရာမရောက်ဟု မြင်မိကြောင်း ဦးဉာဏ်ဝင်းကပြောသည်။

ဆက်လက်၍ ဦးဉာဏ်ဝင်းက ပြောဆိုရာတွင် ယခုလျှောက်လဲချက်နှင့်ပတ်သက်၍ ဗဟိုတရားရုံး၏ဆုံးဖြတ်ချက်မှာ ရက်သတ္တပတ်အနည်းငယ်အတွင်း သိရတတ်သော်လည်း အသေအချာပြော၍ မရသေးကြောင်းပြောဆိုခဲ့သည်။

ဦးခင်မောင်ဦး (ခေါ်) ဦးအောင်ဖေကို တွံတေးမြို့နယ် ပညာရေးမှူး ဦးစိန်လွင်က (၂၀၀၅) ခုနှစ် ဩဂုတ်လ (၂၅) ရက်နေ့တွင် ပြစ်မှုကြီးအမှတ် ၂၁၀၊ ၁၉၈၄– ခုနှစ် ဘာသာရပ်ကိုယ်ပိုင်သင်တန်းပုဒ်မ ၂၃ တို့နှင့် တရားစွဲဆိုခဲ့ပြီး တွံတေးတရားရုံးက ထောင်ဒဏ် (၃) နှစ် ချမှတ်ခဲ့သည်။

ယခုလို ဦးအောင်ဖေကို ဖမ်းဆီးခဲ့ခြင်း၏အဓိကအကြောင်းရင်းသည် ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံကို အလေးပြုမှုနှင့် ဒေါ်အောင်ဆန်းစုကြည်ပုံပါသည့် တီရှပ်အကျႌကို ၎င်း၏ကျူရှင်တွင်ချိတ်ဆွဲထားခြင်းကြောင့်ဖြစ်ကြောင်း သိရှိရသည်။ ❖

## မင်းသိခ်ဟောသော မြန်မာပြည်ကံကြမ္မာ

မြန်မာပြည်တွင် စီးပွားရေးကြပ်တည်းလာသောလူထုသည် ဗေဒင်နှင့်ယတြာကိုယုံကြည်အားကိုးလာကြ။

မော်ဘီမြို့ရှိ နာမည်ကြီးဗေဒင်ပညာရှင် မင်းသိခ်၏ အာရုံမင်္ဂလာဥယျာဉ်သည် နေ့စဉ် လူနှစ်ရာကျော်လာရောက်။

နက္ခတ္တဗေဒပညာရှင် မင်းသိခ်က မြန်မာပြည်အကြပ်အတည်းသည် အဆိုးဆုံးအခြေအနေတွင်ရောက်နေပြီး လာမည့်ဖေဖော်ဝါရီလနောက်ပိုင်းတွင် အကောင်းဘက်သို့ ပြောင်းလဲလာမည်ဟု ဟောကိန်းထုတ်။



# တရုတ်နိုင်ငံ၏ငွေကြေးစနစ်အမွေကို နအဖဝန်ကြီးမှ တောင်းခံ

နိုင်ငံတကာဝိုင်းပယ်ခံထားရခြင်းနှင့် စီမံခန့်ခွဲမှုညံ့ဖျင်းမှုများကြောင့် ငွေကြေးစနစ် ချွတ်ခြုံကျနေသော နအဖလက်ထက် ဘဏ်လုပ်ငန်းများပြန်လည်ပြုပြင်ရေးအတွက် လိုအပ်သောအကူအညီများပေးရန် နအဖက တရုတ်နိုင်ငံမှ အကူအညီတောင်းခံခဲ့ကြောင်းတရုတ်အစိုးရပိုင် ဆင်ဟွာသတင်းဌာနက ယခုလ (၃) ရက်နေ့တွင် သတင်းထုတ်ပြန်သည်။



ဗိုလ်ချုပ်စိုးဝင်း

စစ်အုပ်စုရုံးစိုက်ရာ ပျဉ်းမနား ကြပ်ပြေးသို့သွားရောက်ခဲ့သော တရုတ်နိုင်ငံ ဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌနှင့် တွေ့ဆုံစဉ်တွင် နအဖဝန်ကြီးချုပ် ဗိုလ်ချုပ်စိုးဝင်းက တရုတ်နိုင်ငံနှင့်စီးပွားရေးအရ ပိုမိုနီးနီးကပ်ကပ် ဆောင်ရွက်လိုကြောင်းပြောဆိုခဲ့သည့်အပြင် လွန်ခဲ့သောဆယ်စုတခုစာ စော၍ဆောင်ရွက်ခဲ့သော တရုတ်နိုင်ငံ၏ ဘဏ်ပြုပြင်ရေးလုပ်ငန်းအောင်မြင်မှုများကို အတုယူချင်ကြောင်း ပြောကြားပြောကြားခဲ့သည်။

မြန်မာနိုင်ငံငွေကြေးစနစ် မတည်မငြိမ်ဖြစ်နေသော အကျိုးဆက်အဖြစ် ပုဂ္ဂလိဘဏ်လုပ်ငန်းအမြောက်အမြား ဒေဝါလီခံခဲ့သော လွန်ခဲ့သော (၃) နှစ်ကတည်းကဘဏ်များတွင် ငွေအပ်ရန် အယုံအကြည်နည်းပါးခဲ့သည်။

တရုတ်ဘဏ်များတွင် နိုင်ငံပိုင်ကုမ္ပဏီများကို အတင်းအကြပ်ငွေချေးရသော ဆိုးရွားသောငွေချေးစနစ်၏ ဆိုးမွေပြဿနာများရှိနေဆဲဖြစ်ပြီး တရုတ်အစိုးရသည် မတည်ငွေအမြောက်အမြားအသုံးပြု၍ ငွေကြေးလုပ်ငန်းများ နလံထလာရေးအတွက် ကြိုးပမ်းနေရဆဲဖြစ်သည်ဟု စီအဲန်အဲန်သတင်းတရပ်ကဆိုသည်။

အမေရိကန်ပြည်ထောင်စုနှင့် အီးယူနိုင်ငံများက နအဖကို ပြစ်ဒဏ်ခတ်သည့်အနေဖြင့် မြန်မာနိုင်ငံကို စီးပွားရေးပိတ်ဆို့ထားပြီး မြန်မာနိုင်ငံမှ ပုဂ္ဂလိကဘဏ်များတွင် ငွေမည်းခဝါချမှုများရှိကြောင်း စွပ်စွဲထားသည်။

တရုတ်အစိုးရသည် မြန်မာနိုင်ငံမှ သဘာဝဓာတ်ငွေ့နှင့် ကျွန်းသစ်များရလိုမှု ကိုယ်ကျိုးစီးပွားနှင့် မြန်မာ့ရေပိုင်နက်ကို သူတို့၏ အိန္ဒိယသမုဒ္ဒရာသို့ ပင်လယ်ထွက်ပေါက် စစ်အခြေစိုက်စခန်းအဖြစ် အသုံးပြုနိုင်ရည်ရှက်ချက်များဖြင့် နအဖနှင့်အလိုက်သင့်ပေါင်းသင်းနေသော ရှားရှားပါးပါး မဟာမိတ်တနိုင်ငံဖြစ်သည်။

❖

# မြင်းခြံမှကောလိပ်ကျောင်းသားတဦး ခယကဥက္ကဋ္ဌအဖွဲ့၏ မင်းမဲ့စရိုက်ဆန်ဆန် ဝိုင်းဝန်းရိုက်နှက်ခြင်းခံရ

ဇူလိုင် (၁၈) ရက်နေ့က မန္တလေးတိုင်းမြင်းခြံမြို့တွင် ကောလိပ်ကျောင်းသားတဦးကို ခယက (ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ) ဥက္ကဋ္ဌ ဗိုလ်မှူးထွန်းဝင်း၏တပည့်များက တုတ်ဓားများဖြင့် မင်းမဲ့စရိုက်ဆန်ဆန် ဝိုင်းဝန်းရိုက်နှက်တိုက်ခိုက်ခဲ့သည်ဟုသိရသည်။

အရိုက်ခံရသူမှာ မြင်းခြံဒီဂရီကောလိပ် ရူပဗေဒပထမနှစ်ကျောင်းသား ကိုဖြိုးဝေဝင်းဆိုသူဖြစ်ပြီး လူငယ်ချင်းခိုက်ရန်ဖြစ်ပွားခဲ့ရာမှ ကိုဖြိုးဝေဝင်းကို ခယကဥက္ကဋ္ဌ၏ တပည့်များက မြင်းခြံမြို့ ဗိုလ်ချုပ်လမ်း စွန်းလွန်းတံတားအနီးတွင် ဝိုင်းဝန်း တိုက်ခိုက်ကြခြင်းဖြစ်ကြောင်းသိရသည်။

တိုက်ခိုက်ခံရမှုတွင် ကိုဖြိုးဝေဝင်းသည် ဓားနှင့်အခုတ်ခံရသဖြင့် ဘယ်ဘက်လက်သန်းမှ အာရုံကြောပြတ်သွားသည့်အပြင် ခြေထောက်၊ နောက်ကျော၊ ပခုံးနှင့် ဦးခေါင်းတို့တွင်ပါ ဒဏ်ရာပြင်းထန်စွာရရှိသွားခဲ့သည်။ သို့ရာတွင် ထိုကိစ္စကို အာဏာပိုင်များက တစုံတရာအရေးယူပေးခြင်းမရှိသောကြောင့် မြို့ခံကျောင်းသားများ မကျေမနပ်ဖြစ်နေကြကြောင်းလည်း သိရသည်။

ထိုအမှုအတွက် ပြည်ပရောက် မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု (အက်ဖ်ဒီဘီ) က ကြေညာချက်တစောင်ထုတ်ပြန်ရာ ဤသို့ဥပဒေမဲ့အုပ်စုဖွဲ့အနိုင်ကျင့်မှုကို တရားနည်းလမ်းတကျ ဖြေရှင်းပေးခြင်းမရှိမှုအပေါ် ရှုတ်ချကြောင်း ဖော်ပြထားသည်။ အလားတူဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် နိုင်ငံခြားရေးရာကော်မတီကလည်း မြင်းခြံဒီဂရီကောလိပ် ပါမောက္ခချုပ် ဦးမောင်မောင်သည် အမှုမှန်ပေါ်ပေါက်ရန် ကူညီရမည့်အစား ယင်းကိစ္စနှင့်ပတ်သက်၍ အရေးယူပေးရေးတောင်းဆိုမှုမပြုလုပ်ရန် ကျောင်းသားများကို နှုတ်မိန့်ထုတ်ထားခြင်း၊ ကိုဖြိုးဝေဝင်းကိုလည်း ရန်ဖြစ်မှုဖြင့် ကျောင်းထုတ်ပစ်ရန်အထိ ခြိမ်းခြောက်ခြင်းတို့အပါအဝင် ယခုလိုမတရားအုပ်စုဖွဲ့ အနိုင်ကျင့်နေသည့်အပေါ် သက်ဆိုင်ရာအာဏာပိုင်များအနေဖြင့် အမြန်ဆုံးဖော်ထုတ်အရေးယူပေးရန်၊ ပြစ်မှုကျူးလွန်သူများအား ထိရောက်သောပြစ်ဒဏ်ပေးရန် ဇူလိုင်လ (၂၄) ရက်နေ့က ကြေညာချက်ထုတ်ပြန်ခဲ့သည်။ ❖

# မှန်ရှေ့မှာ တည့်တည့်ရပ်လိုက်ပါ ...

ဇွန်မိုး




(၁)

ကျနော် ကျောင်းသားဘဝကတည်းက ကျနော့်ရင်ထဲစွဲသွားစေခဲ့တဲ့တရားတခု ရှာတွေ့ခဲ့တယ်။ အဲဒီအချိန်တုန်းက ကျနော်ဟာ ဒီတရားကို ကျနော့်ကိုယ်ပိုင်လက်တွေ့ထဲက ရခဲ့တာတော့ မဟုတ်ပါဘူး။ ပြောရရင် အဲဒီအချိန်တုန်းဆီက ကျနော့်လို ကျောင်းသားငယ်တယောက်ရဲ့ လက်တွေ့ဆိုတာကလည်း ပြောပလောက်တဲ့လက်တွေ့လည်း ဟုတ်မှမဟုတ်တာ။

ဒါဖြင့်....ဒီတရားကို ကျနော်ဘယ်လိုရခဲ့တာလဲ။ အမှန်ကိုဝန်ခံရရင် .... ဒီတရားကို ကျနော်စာအုပ်တွေထဲကရခဲ့တာပါ။

ကျနော်က စာအစုံဖတ်တယ်။ လက်တဝါးလောက်ရှိတဲ့ စာအုပ်သေးသေးပါးပါးလေးကနေ လက်လေးငါးလုံးလောက်ထုတဲ့ စာအုပ်ထူထူခန့်ခန့်ကြီးတွေထိ ဖတ်တယ်။

နိုင်ငံတကာ တော်လှန်ရေးလက်တွေ့တွေနဲ့ မြန်မာနိုင်ငံတော်လှန်ရေးလက်တွေ့တွေကို ရနိုင်သမျှရှာဖွေပြီးဖတ်တယ်။

ဒီလိုကြောင့် ပဲထင်ပါရဲ့။ တနေ့မှာ ကံကောင်းထောက်မစွာပဲ ဒီတရားကို ကျနော်ရှာဖွေတွေ့ရှိခဲ့ပါတယ်။

(၂)

ပြဒါးရှင်လုံး (၃) လုံးတဲ့၊

တော်လှန်တဲ့အတွေးအခေါ်တဲ့၊

ကျနော်ရင်ကို တည့်တည့်ထိခဲ့တဲ့စကားလုံးတွေ။

“တော်လှန်ရေးတရပ်ကို အသေအချာဆင်နွှဲနိုင်ဖို့ဆိုရင် တော်လှန်တဲ့အတွေးအခေါ်၊ တော်လှန်တဲ့သဘောတရားတရပ် ရှိဖို့လိုတယ်”

သိပ်သေချာတာပေါ့။ ဒီစကားကို ကျနော် သဘောတူတယ်။

မှန်ကန်တဲ့၊ တော်လှန်တဲ့အတွေးအခေါ်တရပ်မရှိပဲ ဘယ်လိုတော်လှန်ရေးကိုမှ ဆင်နွှဲလို့ရမှာမဟုတ်ဘူး၊

ဘာအတွေးအခေါ်မှမရှိဘဲ ဘာနဲ့သွားပြီး ဘာတွေလုပ်ကြမှာလဲ။

ကျနော်စဉ်းစားကြည့်မိတယ်။ ဟုတ်တယ်။ ဒီစကားဟာ သိပ်ကိုမှန်ပါတယ်။

ပြီးတော့....

‘တော်လှန်တဲ့အတွေးအခေါ်တရပ်ကို ကိုင်စွဲထားတဲ့ ပါတီတခုရှိရမယ်။

အဲဒီပါတီက ပိုင်ဆိုင်တဲ့၊ အဲဒီပါတီကို အာမခံတဲ့ တပ်မတော်တခုရှိရမယ်။

အဲဒီပါတီ အဲဒီတပ်တွေနဲ့ အတူလက်တွဲပြီးတိုက်မယ့် အလွန်ကျစ်လစ်ခိုင်မာတဲ့ တပ်ပေါင်းစုတခု ရှိရမယ်။

ဒီသုံးခုဟာ .... တော်လှန်ရေးတရပ်ကို အဆုံးတိုင်ဆင်နွှဲပြီး အောင်ပွဲခံနိုင်မယ့် ပြဒါးရှင်လုံး (၃) လုံးဖြစ်တယ်’တဲ့ ....။

ကျနော့် အသက်ကလေးငယ်နုနုမှာ ဒီစကားတွေက တော်တော်ပဲကြီးနေမှာသေချာ ပါတယ်။

သို့ပေမယ့် ....

ဒီစကားတွေဟာ အလကားထွက်ကျလာတာမဟုတ်ဘူး။ မိုးပေါ်ကကျလာတာလည်းမဟုတ်ဘူး။ တန်ခိုးရှင်တယောက်က ဖန်ဆင်း ထုလုပ်ထားတာလည်း မဟုတ်ဘူး။ ဒီတရားဟာ တော်လှန်ရေးလက်တွေ့ပေါင်းများစွာက ထုတ်နှုတ်ယူထားတာ ....

ဘဝတွေ၊ အသက်တွေ ၊ နှစ်ကာလတွေအများကြီးရင်းနှီးပေးဆပ်ပြီးမှရတဲ့ တကယ့်လက်တွေ့ထဲက သစ္စာစကားတွေဆိုတာကို ကျနော်အလေးအနက် တန်ဖိုးထားယုံကြည်ခဲ့တာပါ။

(၃)

နောက်တော့ .... ရင်ထဲစွဲနေတဲ့ ဒီတရားတွေကို လက်တွေ့ပေါင်းများစွာ၊ မြန်မာပြည်တော်လှန်ရေး လက်တွေ့ပေါင်းများစွာနဲ့ တိုက်ကြည့်စစ်ဆေးကြည့်ဖြစ်တယ်။ ကိုယ်ကိုယ်တိုင်လည်း လက်တွေ့တချို့ထဲ တိုးဝင်ဖြတ်သန်းစပြုမိရက်သား ဖြစ်လာတယ်ဆိုတဲ့ အခုအနေအထားမှာ ....

ဒီတရားတွေဟာ ပိုလို့ ပိုလို့ မှန်ကန်နေကြောင်း ပိုပြီးသိမြင်နားလည်လာပါတယ်။

(၄)

ရှစ်လေးလုံး လူထုအရေးတော်ပုံကြီးအပြီးမှာ DAB (Democratic Alliance of Burma) မြန်မာပြည်ဒီမိုကရက်တစ်မဟာမိတ်များအဖွဲ့ချုပ်ကို ဖွဲ့စည်းလိုက်ကြတယ်။

ဒီမိုကရေစီနှင့် လူ့အခွင့်အရေးတွေကို အပြည့်အဝလိုချင်တဲ့ ....

အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တွေကို အပြည့်အဝလိုချင်တဲ့ ....

ပြည်တွင်းစစ်ကိုရပ်စဲစေပြီး ပြည်တွင်းငြိမ်းချမ်းရေးကိုအပြည့်အဝလိုချင်တဲ့ အင်အားစုတွေ ....

အဲဒီအင်အားစုတွေဟာသမိုင်းရေး လိုအပ်ချက်နှင့်အတူ ဒီတပ်ပေါင်းစုကို အခိုင်အမာ စုဖွဲ့ခဲ့ကြတယ်။ ဒီတပ်ပေါင်းစုကြီးက မြန်မာပြည်နိုင်ငံရေးကို အခုလို သုံးသပ်ကြတယ် ....

(၁) ဒီမိုကရေစီဆိတ်သုဉ်းခြင်း ပြဿနာနှင့် တိုင်ရင်းသားအခွင့်အရေးဆုံးရှုံးသည့်ပြဿနာတို့သည် အရင်းခံယှဉ်တွဲနေသည့် နိုင်ငံရေးပြဿနာနှစ်ရပ်ဖြစ်သည်။ ယင်းနိုင်ငံရေးပြဿနာနှစ်ရပ်ကို တပြိုင်နက်ဖြေရှင်းရမည်ဖြစ်သည်။

(၂) အဓိကနိုင်ငံရေးပဋိပက္ခသည် ဖိနှိပ်သူစစ်အာဏာရှင်စနစ်နှင့် ဒီမိုကရေစီရေးနှင့် တိုင်းရင်းသားအခွင့်အရေးတောင်းဆိုတိုင်ပွဲဝင်နေသောပြည်သူများအကြား ပဋိပက္ခဖြစ်သည်။

(၃) စစ်အာဏာရှင်စနစ်ချုပ်ငြိမ်းရေးမှာ ဒီမိုကရေစီရေးနှင့် တိုင်ရင်းသားအခွင့်အရေးအတွက် တောင်းဆိုတိုက်ပွဲဝင်နေသော ပြည်သူများ၏ နိုင်ငံရေးအရ ပေါင်းစည်းမှု၊ အင်အားစုစည်းညီညွတ်မှုအပေါ်တွင်မူတည်သည်။

ပြီးတော့မှ နိုင်ငံရေးရည်မှန်းချက်တွေကို တညီတညွတ်တည်း အခုလိုချမှတ်ခဲ့ကြပါတယ်။

(၁) စစ်အာဏာရှင်စနစ်ဖျက်သိမ်းပြီး ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်သွားမည်။

(၂) ပါတီစုံဒီမိုကရေစီနိုင်ငံရေးစနစ်ကျင့်သုံးသွားမည်။

(၃) နိုင်ငံသားတိုင်း လူ့အခွင့်အရေးအပြည့်အဝခံစားရရှိရေးအတွက် ကာကွယ်ပြဋ္ဌာန်းရမည်။

(၄) အမျိုးသားတန်းတူရည်တူ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရပြည်နယ်များ ပါဝင်ဖွဲ့စည်းသောဖယ်ဒရယ်ပြည်ထောင်စုကြီးကို တည်ဆောက်သွားမည်။

အင်မတန်ကိုအားရှိပြီး အင်မတန်ကိုမှန်ကန်တဲ့ နိုင်ငံရေးသုံးသပ်ချက်များနဲ့ နိုင်ငံရေးရည်မှန်းချက်များဖြစ်ပါတယ်။

ဒီအမြင် ဒီသုံးသပ်ချက် ဒီအတွေးအခေါ်မျိုးဟာ တော်လှန်ရေးတရပ်ကိုအသေအချာခေါင်းဆောင်ဆင်နွှဲသွားနိုင်လိမ့်မယ်လို့ ကျနော်အခိုင်အမာ ယုံကြည်တယ်။

(၅)

“မိမိရဲ့ မဟာမိတ်စည်းကို ကျယ်နိုင်သမျှ ကျယ်အောင်တိုးချဲ့၊ ရန်သူကို အထီးကျန်ဖြစ်အောင်၊ ရန်သူအဝန်းကိုကျဉ်းနိုင်သမျှ ကျဉ်းအောင်ချောင်ပိတ်”ဆိုတဲ့ပေါ်လစီကို အင်အားစုတိုင်းက အသိရှိရှိ ကိုင်စွဲခဲ့ကြတယ်။

ရည်ရွယ်ချက်တူလုပ်ငန်းတူ သမဂ္ဂတွေ၊ ပါတီတွေ၊ အဖွဲ့အစည်းတွေ စုစည်းနိုင်သမျှစုစည်းပြီး ပိုမိုကျယ်ပြန့်တဲ့၊ ပိုမိုကျစ်လစ်ခိုင်မာတဲ့၊ တခုလုံးကိုလွှမ်းခြုံနိုင်တဲ့ တပ်ပေါင်းစုမျိုးတည်ဆောက်ကြဖို့ အင်အားစုတိုင်းက အသိရှိရှိဆက်လက်လုံးပမ်းခဲ့ကြတယ်။

ဒီလိုနဲ့ ၁၉၉၂ စက်တင်ဘာ (၂၂) ရက်နေ့မှာတော့ .... ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ NCUB (National Council of The Union of Burma) ကိုတဆင့်တိုးဖွဲ့စည်းနိုင်ခဲ့ကြပါတယ်။

(၆)

ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီဟာ ....

(၁) စစ်အာဏာရှင်စနစ်တိုက်ဖျက်ရေး

(၂) ပြည်တွင်းငြိမ်းချမ်းရေး

(၃) ဒီမိုကရေစီရေး

(၄) ဖယ်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးဆိုတဲ့ နိုင်ငံရေးဦးတည်ချက်များရဲ့အောက်မှာ မြန်မာပြည်ဒီမိုကရေစီတော်လှန်ရေးတာဝန်ကို အကျေပွန်ဆုံးထမ်းရွက်ဖို့ သံန္နိဋ္ဌာန်ချခဲ့တယ်။

သမိုင်းရေးလိုအပ်ချက်များအရ၊ အခြေအနေသစ်များရဲ့တောင်းဆိုချက်များအရ၊ ညီလာခံများကျင်းပပြီး မဟာဗျူဟာလုပ်ငန်းစဉ်များကို လက်တွေ့လိုအပ်ချက်နဲ့ ကိုက်ညီအောင် အမြဲဖြည့်ဆီးခဲ့ကြတယ်။

ပိုမိုသစ်လွင်ပြီး ပိုမိုပြည့်စုံအောင် အမြဲမွမ်းမံတိုးချဲ့ခဲ့ကြတယ်။

(၇)

ဒီလိုနဲ့ ၂၀၀၄ ခုနှစ်ကိုရောက်လာတယ်။

ပြည်တွင်းမှာက ၂၀၀၃ မေ (၃၀) မှာ လူထုခေါင်းဆောင်ကို စစ်အုပ်စုရဲ့လက်မရွံ့ ဂိုဏ်းက လုပ်ကြံသတ်ဖြတ်ဖို့ထိ သရဲမရဲစီး နေပြီ။

အနိုင်ရပါတီတွေကို ခြေရောလက်ရော လက်ထိပ်ခတ်ထားသလိုမျိုး ရမ်းကားချင်တိုင်းရမ်းကားနေပြီ။

လူထုကြီးရဲ့ ဆန္ဒအစစ်အမှန်ဖြစ်တဲ့ ၉၀ ခုနှစ် ရွေးကောက်ပွဲရလဒ်ကို ချောင်ထိုးဖျက်သိမ်းပစ်ဖို့အတွက် ဉာဏ်နီ ဉာဏ်နက်တွေ အစွမ်းကုန်ထုတ်နေပြီ။

တွေ့ဆုံဆွေးနွေးအဖြေရှာရေးနည်းနာကို မျက်ကွယ်ပြုဖို့ အကွက်သစ် အကွက်ဆန်းတွေထွင်နေပြီ။

လူထုလှုပ်ရှားမှုတွေ ပေါ်ပေါက်မလာနိုင်ရေးအတွက် ဘက်ပေါင်းစုံ ဖိနှိပ်ကန့်သတ်မှုတွေကို လုပ်လာနေပြီ။

၂၀၀၃ ဩဂုတ်လ (၃၀) မှာ လမ်းပြမြေပုံ (၇) ချက်ကိုကြေညာပြီး အမျိုးသားညီလာခံအတုအယောင်ကို ပြန်လည်ကျင်းပတော့မလို ဟန်တပြင်ပြင်ဖြစ်နေပြီ။

ဒီလိုအခြေအနေမျိုးမှာ ....

ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီဟာ သတ္တမအကြိမ်ညီလာခံကိုကျင်းပပြီး တပ်ပေါင်းစုကြီးရဲ့ မဟာဗျူဟာလုပ်ငန်းစဉ် ရည်မှန်းချက် (၂) ရပ်နှင့် မဟာဗျူဟာလုပ်ငန်းစဉ် (၁၂) ရပ်ကို တညီတညွတ်တည်းချမှတ်ခဲ့ပါတယ် ။

(၁) ၉၀ ရွေးကောက်ပွဲရလဒ်ကို အခြေခံတဲ့ ပြည်သူ့လွှတ်တော်တရပ် ပေါ်ပေါက်ရေးနှင့်

(၂) သုံးပွင့်ဆိုင် တွေ့ဆုံဆွေးနွေးရေးဆိုတဲ့ ရည်မှန်းချက်တွေအောက်မှာ ....

လက်တွေ့လိုအပ်ချက်တွေနဲ့ ကိုက်ညီတဲ့မဟာဗျူဟာလုပ်လန်းစဉ်တွေကို အခုလိုချမှတ် အကောင်အထည်ဖော်ခဲ့ကြတာပါ။

၁။ တိုင်းပြည်အတွင်းရှိ သုံးပွင့်ဆိုင်ဆွေးနွေးပွဲကို ဦးတည်သော အဓိပ္ပါယ်ပြည့်ဝသည့် နိုင်ငံရေးဆွေးနွေးပွဲများ ပေါ်ထွန်းရေး။

၂။ ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီတို့၏တိုက်ပွဲများအား ထောက်ခံပံ့ပိုးသွားရန်။

၃။ ရွေးကောက်ခံ တိုင်းရင်းသားပါတီများ၊ UNLD, UNA တို့၏ နိုင်ငံရေးလှုပ်ရှားမှုများအား ထောက်ခံပံ့ပိုးသွားရန်။

၄။ စစ်အုပ်စုဆန့်ကျင်ရေး လူထုလှုပ်ရှားမှုများအား ဖော်ဆောင်သွားရန်။

၅။ နအဖ၏ အတုအယောင် အမျိုးသားညီလာခံနှင့် ၎င်း၏ရလဒ်များအား တိုက်ဖျက်သွားရန်။

၆။ နိုင်ငံတကာမှ မြန်မာပြည်ဒီမိုကရေစီရေးလှုပ်ရှားမှုအား ပိုမိုထောက်ခံလာစေရေးနှင့် နအဖစစ်အုပ်စုအား ပိုမိုဖိအားပေးလာစေရေး၊ မြန်မာပြည်ပြဿနာအား ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီမှတဆင့် အရေးယူဆောင်ရွက်နိုင်ရေး ကြိုပမ်းသွားရန်။

၇။ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ဒီမိုကရေစီဖော်ဆောင်ရေးအား ဦးတည်လျှက် အပစ်အခတ်ရပ်စဲရေးအင်အားစုများ၊ NCUB အဖွဲ့ဝင်မဟုတ်သော တိုင်းရင်းသားအင်အားစုများ၊ စစ်အုပ်စုအား ဆန့်ကျင်သည့် အင်အားစုများနှင့်နားလည်ယုံကြည်မှု

စာမျက်နှာ (၁၅) ကော်လံ (၁) သို့

# အာဆီယံခေါင်းဆောင်များအမြင်ကွဲပြား မြန်မာ့ဒီမိုကရေစီရေးတွင် လူထုသာအဓိက

**“ဘာလိုပဲဖြစ်ဖြစ် နောက်ဆုံးအပြောင်းအလဲကတော့ မြန်မာလူထုကိုယ်တိုင်ဆီက လာမှာပဲ”**

ဂျော့ရိုး၊ စင်ကာပူနိုင်ငံခြားရေးဝန်ကြီး

မြန်မာ့ဒီမိုကရေစီရေး၊ မြောက်ကိုးရီးယားနျူးကလီးယားအရေးနှင့် အရှေ့အလယ်ပိုင်းပြဿနာစသော ကြီးလေးသောဆွေးနွေးဖွယ်ရာများပြည့်နှက်နေသော အာဆီယံနိုင်ငံများ၏လုံခြုံရေးဆိုင်ရာဆွေးနွေးပွဲသည် မလေးရှားနိုင်ငံကွာလာလမ်ပူတွင် ဇူလိုင်လ (၂၅) ရက်နေ့တွင် စတင်ကျင်းပခဲ့သည်။

မလေးရှားဝန်ကြီးချုပ်၏ အခမ်းအနားအဖွင့်မိန့်ခွန်းတွင် အာဆီယံနိုင်ငံများအသင်းသည် ယခုအခါ စီးပွားရေး၊ လူမှုရေးနှင့် ဒေသတွင်းပြဿနာများသာမက မဟာဗျူဟာဆိုင်ရာပြဿနာများနှင့် ကမ္ဘာ့ရေးရာများကိုပါ ထိပ်တိုက်ရင်ဆိုင်နေရသည်ဟု ထည့်သွင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံနှင့်ပတ်သက်၍ ပြောကြားရာတွင် “မြန်မာပြဿနာကြောင့်ပဲ အာဆီယံအဖွဲ့လည်းသိက္ခာကျခဲ့ရတယ်။ ကျနော်တို့ဖြစ်စေချင်တာက စစ်အစိုးရကို အာဆီယံနိုင်ငံများနဲ့အတူ လိုက်ပါဆောင်ရွက်ဖို့ပါ” ဟု ဝန်ကြီးချုပ်က တိုက်တွန်းပြောဆိုခဲ့သည်။

သို့သော် (၂) ရက်ကြာ ဆွေးနွေးပွဲအပြီး ထုတ်ပြန်သောအာဆီယံ၏ပူးတွဲကြေညာချက်တွင် မြန်မာနိုင်ငံနှင့်ပတ်သက်၍ ယခင်နှစ်များအတိုင်းထူးခြားမှုမရှိဘဲ နိုင်ငံရေးအကျဉ်းသားများလွတ်မြောက်ရေးကိုသာ ထည့်သွင်းတောင်းဆိုထားသည်။

ကြေညာချက်တွင် အာဆီယံအနေဖြင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီရေးနှင့် အမျိုးသားသင့်မြတ်ရေးတွင် အချိန်နှင့်အပြောင်းအလဲအတွက် နိုင်ငံရေးအခြေအနေလိုအပ်သည်ကို အသိအမှတ်ပြုကြောင်း ထည့်သွင်းထားခြင်းသည် နအဖကို နောက်ထပ်အချိန်ဆွဲခွင့်ပေးလိုက်သည့်သဘောဖြစ်ကြောင်း ဝေဖန်သူများကဆိုသည်။

အာဆီယံအဖွဲ့က ရည်ညွှန်းသော “လိုအပ်သောအချိန်”နှင့်ပတ်သက်၍ သတင်းထောက်များ၏အမေးကို မလေးရှားနိုင်ငံခြားရေးဝန်ကြီးက “မြန်နိုင်သမျှ အမြန်ဆုံးအချိန်” ကို ဆိုလိုခြင်းဖြစ်ကြောင်း မရေမရာပြန်လည်ဖြေကြားသွားခဲ့သည်။

မလေးရှားနိုင်ငံခြားရေးဝန်ကြီး ဆီယက်ဟာမက်အယ်လ်ဘာထုတ်ပြန်ချက်တွင် ဖော်ပြထားခြင်းမရှိသော်လည်း အာဆီယံသည် ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေးနှင့် မြန်မာ့ဒီမိုကရေစီနှောင့်နှေးနေသည့်ကိစ္စများနှင့်စပ်လျဉ်း၍ နအဖအား သီးခြားပြောဆိုမှုများရှိခဲ့သည်ဟုဆိုသည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံး၏သဘောတူညီချက်ကို ရယူထားရသဖြင့် ကြေညာချက်တွင် စကားလုံးပြင်းပြင်းထန်ထန်ထည့်သွင်းနိုင်ခြင်းမရှိခဲ့ကြောင်း သူက အကြောင်းပြသည်။

ဆက်လက်၍ မြန်မာ့နိုင်ငံရေးအပြောင်းအလဲအတွက် နအဖကို အထီးကျန်ထားလိုက်ခြင်းထက် ဒီမိုကရေစီလမ်းပေါ်သို့ လက်တွဲခေါ်မည့်ဆက်ဆံရေးက ပိုထိရောက်မှုရှိသည်ဟု သူကပြောဆိုလိုက်ပြီး၊ အလားတူ စင်ကာပူနိုင်ငံခြားရေးနှင့် အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးတို့ကလည်း မြန်မာ့နိုင်ငံရေးတွင် အကြပ်အတည်းများနှင့်ရင်ဆိုင်နေရဆဲဖြစ်သဖြင့် အချိန်တခုလိုအပ်နေသေးသည်ကို မူအားဖြင့် သဘောတူသည်ဟုဆိုသည်။

စင်ကာပူနိုင်ငံခြားရေးဝန်ကြီး ဂျော့ရိုးက “ဘာလိုပဲဖြစ်ဖြစ် နောက်ဆုံးအပြောင်းအလဲကတော့ မြန်မာလူထုကိုယ်တိုင်ဆီက လာမှာပဲ” ဟု ပြောသည်။

အာဆီယံက နအဖက အထီးကျန်ထားလိုက်လျှင် တရုတ်နှင့်အိန္ဒိယ၏ဩဇာအောက်လုံးလုံးကျရောက်သွားနိုင်သဖြင့် အာဆီယံအတွက် အခက်တွေ့ရုံမျှမက မြန်မာပြည်ဒီမိုကရေစီနှင့် ပိုမိုအလှမ်းကွာသွားမည်ဟု ဂျော့ရိုးကပြောသည်။

အစောပိုင်းသတင်းများအရ စင်ကာပူ၊ ဖိလစ်ပိုင်နှင့် မလေးရှားနိုင်ငံများက မြန်မာ့ဒီမိုကရေစီအရေးနှင့်စပ်လျဉ်း၍ နအဖအပေါ် ပြင်းပြင်းထန်ထန်ဝေဖန်လိုသော်လည်း အခြားအာဆီယံနိုင်ငံများက သဘောမတူခဲ့ဟု သိရသည်။

အာဆီယံ (၁၀) နိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးများ၏ (၃၉) ကြိမ်မြောက် အစည်းအဝေးတွင် ကုသမဂ္ဂကိုယ်စားလှယ် မစ္စတာဂမ်ဘာရီကို မြန်မာနိုင်ငံသို့ နောက်တခေါက်သွားရောက်ခွင့်ကို နအဖဘက်က သဘောတူလက်ခံခဲ့သည်။

၎င်းအပြင် အစည်းအဝေးတွင် အာဆီယံနိုင်ငံအချင်းချင်း၊ နိုင်ငံသားများအကြားတွင် ဗီဇာမလိုဘဲနှစ်ပတ်ကြာ ကူးလူးသွားလာခွင့် နှင့်ပတ်သက်၍လည်း မူအားဖြင့် သဘောတူလက်မှတ်ထိုးခဲ့ကြသည်ဟုသိရသည်။

❖



အာဆီယံစည်းဝေးပွဲမြင်ကွင်း

# ဗိုလ်သန်းရွှေနှင့်တက်ခ်ဆင်တို့၏ တိုးတိတ်ဆွေးနွေးပွဲ အပြင်းအထန်ဝေဖန်ခံရ



နအဖဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ထိုင်းဝန်ကြီးချုပ် တက်ခ်ဆင်

မြန်မာပြည်ခရီးစဉ်သည် ထိုင်းဝန်ကြီးချုပ် တက်ခ်ဆင်နှင့် မြန်မာဗိုလ်ချုပ်ကြီးများ၏ ကိုယ်ကျိုးစီးပွားမှုလွဲ၍ နှစ်ဘက်ပြည်သူအကျိုးအတွက် သွားရောက်ခဲ့ခြင်းမဟုတ်ကြောင်း အတိုက်အခံပါတီနှင့် နိုင်ငံရေးသုံးသပ်သူများကဝေဖန်နေချိန်တွင် တက်ခ်ဆင်က သူ၏နေ့ဝက်ခရီးစဉ်ကို အလုပ်များသောနိုင်ငံခေါင်းဆောင်များပြုလုပ်လေ့ရှိသော ခေတ်သစ်နိုင်ငံတကာဆက်ဆံရေးပုံစံသစ်အဖြစ်ဟု ပြောဆိုလိုက်သည်။

သူ၏အပတ်စဉ်ရေဒီယိုမိန့်ခွန်းတွင် တက်ခ်ဆင်က သူနှင့် ဗိုလ်ချုပ်သန်းရွှေတို့၏ နာရီဝက်သာသာ ကြုပ်ပြေးဆွေးနွေးပွဲတွင် ထိုင်းနိုင်ငံ၏ အကျိုးစီးပွားအပေါ် အခြေခံဆွေးနွေးခဲ့သည်ဟုပြောသည်။ ထိုင်းနိုင်ငံ၏ ရေနံနှင့် စွမ်းအင်လိုအပ်ချက်များအတွက် မြန်မာနိုင်ငံသည် အဓိကအရင်းအမြစ်ဖြစ်သည်ဟု တက်ခ်ဆင်ကဆိုသည်။

သို့သော် တက်ခ်ဆင်အပေါ် မယုံမကြည်မေးခွန်းထုတ်နေသော အတိုက်အခံခေါင်းဆောင်များက ပွင့်လင်းမှုမရှိသောခရီးစဉ်ကို နိုင်ငံခေါင်းဆောင်တဦး၏ ခရီးစဉ်အဖြစ်သဘောမထားဘဲ ပစ္စည်းအရောင်းကိုယ်စားလှယ်တဦး၏ခရီးစဉ်ဖြစ်သည်ဟု ဘန်ကောက်ပို့စ်သတင်းစာမှတဆင့် ဝေဖန်သည်။

ယခင်က တက်ခ်ဆင်ပိုင်ဆိုင်သောရှင်းကုမ္ပဏီသည် မြန်မာနိုင်ငံ၏ ဂြိုလ်တုဆက်သွယ်ရေးလုပ်ငန်းကို အဓိကဝန်ဆောင်မှုပေးခဲ့သည်။

တက်ခ်ဆင်နှင့် အတူလိုက်ပါသွားသော ထိုင်းစစ်တပ်ဦးစီးချုပ်က ဆွေးနွေးသည့်အကြောင်းအရာများတွင် ကြက်ငှက်တုပ်ကွေးကိစ္စလည်းပါဝင်ခဲ့ပြီး စိတ်ဝင်စားဖွယ်မရှိသောအကြောင်းများကို ပြောဆိုခဲ့ကြသည်ဟုဆိုသည်။

ထိုင်းနိုင်ငံတွင် ဩဇာကြီးသော သနေးရှင်းသတင်းစာ၏ အယ်ဒီတာ့အာဘော်က ယဉ်ကျေးသောနိုင်ငံများက စစ်အုပ်စုအပေါ် ဖိအားတိုးလာချိန်နှင့် တိုက်ဆိုင်ပြီးသွားရောက်ခဲ့သော တက်ဆင်၏ခရီးသည် ထိုင်းနိုင်ငံ၏ဂုဏ်သိက္ခာကိုက ညှိုးငယ်စေခဲ့သည်ဟု ထောက်ပြခဲ့သည်။

နိုင်ငံတကာနှင့်အာဆီယံက နိုင်ငံရေးအပြောင်းအလဲနှင့် ဒေါ်အောင်ဆန်းစုကြည်ပြန်လွတ်မြောက်ရေးအတွက် စစ်အုပ်စုကိုတွန်းအားပေးရန် စုစည်းမိနေသည့်အခြေအနေတွင် စိတ်ဓာတ်ရေးရာ နာမကျန်းဖြစ်နေသောဗိုလ်ချုပ်သန်းရွှေကို အပေါင်းအသင်းကောင်းပီသကြောင်း ပြသသည့်အနေဖြင့် တက်ဆင်က အလျှင်အမြန်သွားရောက်ဂါရဝပြုခြင်းဖြစ်သည်ဟု အယ်ဒီတာ့အာဘော်တွင်ရေးသားထားသည်။

ငွေကြေးအလွဲသုံးစားမှုဖြင့် ဝေဖန်ခံနေရသော ထိုင်းနိုင်ငံ၏ကြားဖြတ်ဝန်ကြီးချုပ်သည် ယခုလ (၂) ရက်နေ့က မြန်မာပြည်ခရီးစဉ်ကို အလျင်စလိုစီစဉ်ခဲ့ပြီး နာရီဝက်အကြာမှ တိုင်းပြည်သို့အသိပေးခဲ့သည်။

တက်ခ်ဆင်၏ခရီးစဉ်သည် လတ်တလောတွင် ထိုင်းနိုင်ငံပိုင် ပီတီတီကုမ္ပဏီက မြန်မာပင်လယ်၌ ရေနံအမြောက်အမြား တွေ့ရှိထားသည့်ကိစ္စနှင့်လည်း ဆက်စပ်နိုင်သည်ဟူသောခန့်မှန်းချက်များလည်း ထွက်ပေါ်ခဲ့သည်။

တက်ခ်ဆင်ခရီးစဉ်နှင့် မရှေးမနှောင်းတွင် ပီတီတီကုမ္ပဏီက မြန်မာပင်လယ်ပြင်တွင် ရေနံမြေသစ်တခုတွေ့ရှိထားကြောင်း ကြေညာခဲ့သည်။ ❖

# မြန်မာ့အရေး ကုလသမဂ္ဂလုံခြုံရေးကောင်စီဆီရောက်ရန်နီးစပ် ဗြိတိသျှအောက်လွှတ်တော်အမတ်တဦးထုတ်ဖော်ပြောဆို



အီရန်မက်ကာနီ

လုံခြုံရေးကောင်စီက မြန်မာ့အရေးဆွေးနွေးနိုင်ရေးအတွက် လုံခြုံရေးကောင်စီဝင်တချို့၏ လိုအပ်သောထောက်ခံမဲအရေအတွက်ရရန်နီးစပ်နေပြီဟု ဗြိတိသျှအောက်လွှတ်တော်နိုင်ငံခြားရေးဝန်ကြီးဌာနမှ အီရန်မက်ကာနီ Ian McCartney က ယမန်နေ့ကပြောဆိုလိုက်သည်။

မြန်မာနိုင်ငံအရေးကို ကုလသမဂ္ဂလုံခြုံရေးကောင်စီအစည်းအဝေးတွင် ဆွေးနွေးမည့်အကြောင်းအရာများအနက် တခုဖြစ်လာရန်အတွက် လုံခြုံရေးကောင်စီအဖွဲ့ဝင် (၁၅) ဦးအနက်မှ ထောက်ခံမဲ (၉) မဲ အနည်းဆုံးရရန်လိုအပ်ပြီး၊ ၎င်း ပထမခြေလှမ်းသည် အောင်မြင်မှုနှင့်နီးစပ်နေပြီဟု မစ္စတာမက်ကာနီကပြောသည်။

“အခုဆိုရင် အမေရိကန်တနိုင်ငံတည်းသာမက တခြားလုံခြုံရေးကောင်စီဝင်နိုင်ငံများနဲ့ နီးနီးကပ်ကပ်ဆောင်ရွက်နေပါတယ်။ ကျနော်တို့ရဲ့ အခုလို့ကြိုးပမ်းချက်က မြန်မာ့အရေးကို လုံခြုံရေးကောင်စီက အကြိတ်အနယ်ဆွေးနွေးပြီး ဆုံးဖြတ်ချက်တခုချနိုင်ဖို့ပဲဖြစ်ပါတယ်”ဟု အီရန်မက်ကာနီကို ကိုးကား၍ အေအက်ဖ်ပီသတင်းကဆိုသည်။

သို့သော် မည်သည့်နိုင်ငံများ၏ထောက်ခံမဲရရှိထားသည်ဆိုသောအချက်ကို ထုတ်ဖော်ပြောဆိုရန်သူက ငြင်းဆန်သွားသည်။

“လိုအပ်တဲ့ထောက်ခံမဲတွေရပြီဆိုတာနဲ့ နိုင်ငံတကာက နအဖအပေါ်မှာ စိတ်မရှည်တော့ဘူး၊ အရေးယူဖို့ဆန္ဒရှိနေပြီဆိုတဲ့ သဘောကရှင်းသွားမှာပဲ။ ဒီအခြေအနေရောက်ပြီဆိုရင် ကိုယ့်တိုင်းပြည်ထဲမှာ အသံတိတ်ပြီးလျှောင်ပိတ်ခံထားရတဲ့၊ အင်အားချိနဲ့နေတဲ့ မြန်မာလူထုရဲ့ပြဿနာကို လုံခြုံရေးကောင်စီကဆင့် ကျနော်တို့ရှေ့တိုးဆောင်ရွက်နိုင်မှာဖြစ်ပါတယ်”ဟု မစ္စတာမက် ကာနီ၏ ပြောကြားချက်ကို သတင်းတွင်ဖော်ပြထားသည်။

လုံခြုံရေးကောင်စီဝင်များ၏ ထောက်ခံမဲ (၉) မဲရရှိခဲ့လျှင် မြန်မာ့အရေးဆွေးနွေးပွဲဖြစ်မြောက်လာရေးအပေါ် ကန့်ကွက်လိုသောတရုတ်နှင့်ရုရှတို့၏ သဘောထားလည်းအပြောင်းအလဲရှိလာနိုင်သည်ဟု မစ္စတာ မက်ကာနီကပြောသည်။

“ရုရှားနဲ့တရုတ်ပြည်ဟာ မြန်မာ့အရေးဆုံးဖြတ်ချက်ချတဲ့အချိန်ကျရင်တော့ ရွေးစရာလမ်းနှစ်ခုနဲ့ကြုံရပါလိမ့်မယ်။ ဒီဆုံးဖြတ်ချက်ကို ဗီတိုအာဏာသုံးပြီး ကန့်ကွက်မလား။ သို့တည်းမဟုတ် မဲမပေးဘဲနေနေမလားဆိုတာကို စဉ်းစားရမှာဖြစ်ပါတယ်။ အဲ့ဒီအချိန်မှာရုရှားနဲ့ တရုတ်နိုင်ငံတို့ဟာ အတော်ကြီးကို အကျပ်အတည်းနဲ့တွေ့နိုင်ပါတယ်” ဟု သူက ဘီဘီစီသတင်းဌာနသို့ပြောသည်။

သို့သော် စစ်အုပ်စုအပေါ် ပြင်းပြင်းထန်ထန်မဆန့်ကျင်သော လုံခြုံရေးကောင်စီမှ ဗီတိုအာဏာပိုင်အင်အားကြီး (၂) နိုင်ငံအနေဖြင့် ၎င်းတို့၏ အခွင့်အာဏာကိုအသုံးချ၍ စစ်အုပ်စုကို လူသိရှင်ကြားအကာအကွယ်ပေးရေးတွင် အရှက်ရဖွယ်ဖြစ်လာနိုင်သည်ဟု မစ္စတာမက်ကာနီက ဖြည့်စွက်ပြောကြားသွားသည်။ ❖

ဘယ်နေ့လိုတော့ မမှတ်မိတာအမှန်ပါပဲ။ ဒါပေမယ့် တိတိကျကျပြောနိုင်တာက "ဒီမိုကရေစီ ရှစ်လေးလုံးနေ့များထဲက တနေ့" ဆိုတာလောက်တော့ သေချာပေါက် ပြောနိုင်တယ်။ စာရေးသူရဲ့ "ဒီမိုကရေစီရှစ်လေးလုံးလှုပ်ရှားမှုမှတ်တမ်း"ကို ဒီဘက် (ထိုင်းနိုင်ငံနယ်စပ်) ထွက်လာတော့ လမ်းမှာ စစ်လားဆေးလား မေးလားမြန်းလား လုပ်လာရင် ပြဿနာရှိနိုင်တာမို့ အင်မတန်ရင်းနှီးတဲ့ ရဟန်းပျိုတပါးကို သိမ်းဆည်းထားဖို့အပ်ခဲ့တယ်။ အဲဒီအရှင်နဲ့ ဒီနေ့ထိ တွေ့မဖြစ်သေးတဲ့အတွက် ဘယ်နေ့ဘယ်အချိန် ဘယ်သူတွေနဲ့တွေ့ သွားလာလှုပ်ရှားဆိုတာတွေ တိတိကျကျမပြောနိုင်တော့ဘူး ….။ တချို့လူတွေကို အထူးသဖြင့် လူပုဂ္ဂိုလ်တွေရဲ့အမည်ကို တိတိကျကျသိပေမဲ့လို့ မပြောနိုင်ပြန်ဘူး။ သူတို့တွေရဲ့လုံခြုံရေးက ရှိသေးတယ်မဟုတ်လား ….။

အထွေထွေ သပိတ်ကော်မတီဖွဲ့ခဲ့တာကိုပဲ ယေဘုယျပြောချင်တယ်။ ဒီမိုကရေစီအရေးတော်ပုံအတွင်းထဲက တနေ့မှာပဲ ဆိုပါတော့ ….။ လုံခြုံရေးလုပ်၊ ဆန္ဒပြ၊ စည်းရုံးရေးတွေဆင်း၊ ဟိုပြေး ဒီပြေးနဲ့ ဆွမ်းစားတောင် (အဲဒီနေ့ကဆိုရင်) နန်နဲတောင် နောက်ကျနေပြီ။ မိုးကလဲ ခပ်ဖွဲဖွဲကလေးဖွဲနေတော့ ဝတ်ရုံထားတဲ့ သင်္ကန်းတောင် နဲနဲစိုထိုင်းထိုင်းဖြစ်နေတယ်။ အချိန်မလွန်အောင်ဆွမ်းကို အလောသုံးဆယ် ဘုန်းပေးပြီး နားမယ်လို့ စိတ်ကူးရှိသေး၊ ဝုန်းကနဲ ဟိုင်းလတ်ကား ပစ်ကပ်ကားကလေးတစီး လျှပ်တပြက်ဆိုက်ရောက်လာတယ်။ ကားထဲမှာလည်း ကျောင်းသားအရွယ် လူငယ်နှစ်ယောက်ပါလာတာတွေ့ရတယ်။ တယောက်က ရှစ်လေးလုံးကာလမှာ အတော်အတန်လူသိများခဲ့ပြီး ပါတီခေတ်မှာလည်း အတော်ကလေးထင်ရှားခဲ့သူ။ ပြီးတော့ နိုင်ငံတော်အစိုးရကို ဆဲရေးတိုင်းထွာတယ်ဆိုပြီး ထောင်ဒဏ် နှစ် (၂၀) စီရင်တာကို ခံခဲ့ရသူ၊ အင်း …. အဲဒီလူဟာ ခုတော့ ပြင်ပအနေနဲ့ပဲ ဒီမိုကရေစီကူရင်း စီးပွားရေးတပိုင်းလုပ်နေတယ်လို့သိရတယ်။

နောက်တယောက်ကိုတော့ နာမည်လည်းမမေးမိဘူး။ ဒီကနေ့ထိ ဘယ်သူဘယ်ဝါဆိုတာ မသိဘူး။ ဘာလုပ်နေမှန်းလည်း မသိဘူး။

"ဘုန်းဘုန်း ဘုရားတပည့်တော်တို့ သပိတ်ကော်မတီဖွဲ့ချင်လို့ဘုရား ….။ အဲဒါ ရဟန်းပျိုကိုယ်စားလှယ်လိုတယ်ဘုရား။ ဘုန်းဘုန်းဘုရားကြွပေးပါဘုရား"ဆိုပြီး အထက်ဖော်ပြပါအတိုင်း အနည်းငယ်ထင်ရှားတဲ့ ကျောင်းသားလူငယ်ကလေးလျှောက်ထားလာတော့ ဘာမှငြင်းချက်မထုတ်ဘဲ ခပ်သုတ်သုတ် သင်္ကန်းတော်ကိုရုံပြီး ကပျာကယာပဲလိုက်သွားခဲ့တယ်။ သူတို့မောင်းသွားတာက ရန်ကုန်မြို့လယ်ထဲက သရက်တောဘုန်းကြီးကျောင်းတိုက်ထဲက ဘုန်းကြီးကျောင်းတကျောင်းကိုပေါ့။ အဲဒီမှာ လူ (၆၀) ကျော်ခန့် တက်ရောက်နေတာ အသင့်တွေ့ရတယ်။ စာရေးသူနဲ့သိတဲ့ စက်မှုတက္ကသိုလ်က ကထိကဆရာမလေးတဦးနဲ့ အင်ဂျင်နီယာများသမဂ္ဂအဖွဲ့ဝင် အင်ဂျင်နီယာပေါက်စ ကိုရွှေအေးကို အသင့်တွေ့ရတယ်။ ခု အဲဒီကိုရွှေအေးဟာ အနောက်ဘက်ဒေသ ABSDF စစ်ရေးတာဝန်ခံဘဝ၊ ဒီကေဘီစစ်ကြောင်ဒုစစ်ကြောင်းမှူးတာဝန်ခံဘဝနဲ့ တော်လှန်ရေးနယ်မြေမှာ တော်လှန်ရေးတာဝန်ကိုထမ်းဆောင်ရင်း ဒီမိုကရေစီအတွက် အသက်ပေးလှူသွားခဲ့သူတဦး ဖြစ်တယ်။

နောက်တယောက်ကတော့ ဆေးတက္ကသိုလ်ကျောင်းသား နောက်ဆုံးနှစ် ကိုဇော်ထွန်းကို တွေ့ရတယ်။ သူလည်းပဲ ဒီမိုကရေစီအတွက် တော်လှန်ရေးမြေမှာ အသက်ပေးလှူသွားခဲ့သူတဦးဖြစ်တယ်။ စာရေးသူက သဘာပတိအဖြစ်ဆောင်ရွက်ပြီးတော့ ကိုဇော်ထွန်း (ဆေးတက္ကသိုလ်) က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်တယ်။ ညနေ (၄) နာရီမှာ အစည်းအဝေးပြီးဆုံးသွားတယ်။ အဲဒီအစည်းအဝေးမှာဖွဲ့တော့ မဖွဲ့ဖြစ်ခဲ့ဘူး။ နောက်တချိန်ကျတော့မှာပဲ ဖွဲ့စည်းရေးကို ဆက်ဆွေးနွေးကြရအောင်ဆိုပြီး နိဂုံးချုပ်ခဲ့ကြတယ်။

အထွေထွေသပိတ်ကော်မတီ ဘာကြောင့်ဖွဲ့ရသလဲဆိုတော့ (၁) အချက်က လမ်းပေါ်ဆန္ဒပြရေး (၂) အချက်က လုပ်ငန်းခွင်သပိတ်မှောက်ရေးဆိုတဲ့ ဦးတည်ချက်နှစ်ရပ်ကို အကောင်အထည်ဖော်ဖို့ ရည်ရွယ်ချက်နဲ့ "အထွေထွေသပိတ်ကော်မတီ"ကို ဖွဲ့ခဲ့ကြတယ်လို့ ပြောရပါလိမ့်မယ်။ အမှန်တကယ်ပဲ နောက်ထပ် ရက်အနည်းငယ်အကြာမှာ ထပ်မံစည်းဝေးပြီးတော့ ဖွဲ့ဖြစ်ခဲ့ကြတယ်။ အစောပိုင်းမှာ ရဟန်းပျို (၆) ပါး ပါဝင်ခဲ့ပြီး စာရေးသူကတော့ သိပ်အလုပ်မလုပ်နိုင်ခဲ့ပါဘူး။ ဘာကြောင့်လဲဆိုတော့ "အရေးတော်ပုံကြီးကြပ်ရေး"တို့၊ ရဟန်းပျိုသမဂ္ဂ (ရန်ကုန်) တို့၊ နယ်မြေရဟန်းပျိုသမဂ္ဂတို့မှာ ပါနေရလို့ပါပဲ။ ညညဆိုရင်လည်း လုံခြုံရေးတာဝန်၊ နေ့ဆိုရင်လည်း ရိက္ခာရရှိရေး၊ ဆန္ဒပြရေး၊ စည်းရုံးရေးနဲ့ တွေ့ဆုံပွဲစတာတွေနဲ့ တာဝန်တွေတပုံ တပင်ကြီးနဲ့ဆိုတော့ "အထွေထွေသပိတ်ကော်မတီ"မှာ အနုစိပ်မလှုပ်ရှားနိုင်တော့ဘူး။ ဆရာ ဦးမြင့်လှိုင်နဲ့ ကိုဇော်ထွန်း (ဆေးတက္ကသိုလ်) ကတော့ စာရေးသူဆီ ခဏခဏလာတတ်တယ်။ တိုင်ပင်တယ်။ ဆွေးနွေးတယ်။ အလုပ်ဆက်လုပ်ကြတယ်ဆိုပါတော့ ….။ အဲဒီတုန်းက "အထွေထွေသပိတ်ကော်မတီ"မှာ တနိုင်ငံလုံး ကိုယ်စားလှယ် (၃၆၀) ခန့်မျှ ရရှိထားခဲ့တယ် သိခဲ့ရတယ်။

၁၉၈၈ ခု စက်တင်ဘာ (၁၈) ရက်နေ့ စစ်တပ်က အာဏာသိမ်းပြီးတဲ့ နောက်စာရေးသူ ထိမ်းချုပ်ထားတဲ့နယ်မြေကို ကိုဇော်ထွန်းရောက်လာပြီး သူတောခိုတော့မယ်ဆိုပြီး ပြောသွားခဲ့တယ်။ ပြောသွားတာကလည်း အလုအယက်ပါပဲ ….။ "မင်းတို့ အစီအစဉ်ဘယ်လိုလဲ"လို့ မေးတာကိုတောင် ဖြေမအားခဲ့ဘူး။ ပြောရတာတင်ကြည့်ဦး ကားမှတ်တိုင်မှာဆိုတော့ ဘေးလူကြားလို့မဖြစ်ဘူး။ သိပ်ပူးကပ်လို့ အဆင်မပြေတဲ့ကာလမဟုတ်ပေလား။ အဲဒီတုန်းက စာရေးသူကိုယ်တိုင် တောခိုဖို့သွားဖို့လာဖို့ စီစဉ်နေချိန်ဆိုတော့ လျှပ်တပြက်ပဲပြောဆိုပြီး "နောက်မှတွေ့ကြတာပေါ့ ဘုန်းဘုန်း"ဆိုပြီး လူစုခွဲလိုက်ရတယ်။ အဲဒီနောက်ပိုင်း ကိုဇော်ထွန်း (ဆေးတက္ကသိုလ်) ပျောက်သွားတယ်။

ပုသိမ်ဇာတိ စာရေးသူ သူငယ်ချင်း ရဟန်းပျိုတပါးနဲ့အတူ စာရေးသူ ၁၉၈၈ ခု အောက်တိုဘာ (၃၀) ရက်နေ့မှာ ထိုင်း–မြန်မာနယ်စပ်ကို တောခိုဖို့ထွက်ခွာခဲ့တယ်။ လမ်းမှာ အားလုံး (၉) ရက်ကြာခဲ့တယ်။ တရက်ကတော့ ရထား၊ ကား၊ လှေစီးပြီး (၃) ရက်ကတော့ ရွာတရွာမှာ လူကြိုရှာရင်းနားနေခဲ့ရတယ်။ (၄) ရက်ကတော့ နယ်စပ်ထိ ခရီးပြင်း ခြေလျင်လမ်းလျှောက်ခဲ့ရတယ်။ အဲဒီတုန်းက အသက်ကငယ်သေးတော့ "ပျော်ရွှင်ဖွယ် တောတွင်းခရီး"လို့ တောင် အပျော်သဘောသတ်မှတ်နိုင်ခဲ့တယ်။ ခုပြန်တွေးကြည့်တော့ အင်မတန်ကြောက်စရာကောင်းပါလားလို့တောင် တွေးမိတယ်။

ဘာကြောင့်လဲဆိုတော့ (၄) ရက် ခရီးကြမ်းထဲမှာ လမ်းကလည်း မသိဘူး မဟုတ်လား။ ပြီးတော့ လမ်းကအင်မတန်ကြမ်းအင်မတန်ဆိုးဝါးတဲ့လမ်းကြမ်းကြီး၊ တောင်တက်တောင်ဆင်းလည်း များတယ်မဟုတ်လား။ တောနက်တောထူထူဆိုတော့ ညတွေမှာ အတော်ကလေးကြောက်စရာကောင်းတယ်။ ပင်လယ်ရေပြင်ထက် အမြင့်ပေ (၃၅၀၀) (၄၀၀၀) ကျော်မြင့်တယ်လို့ သိရတယ်။ လမ်းမှာ ဘာအကာအကွယ်မှမရှိဘဲ ကုန်သည်တွေဖြစ်သလိုဆောက်ထားတဲ့ အကာအဆီးမဲ့ ဝါးတဲကလေးမှာ အဖော်ရဟန်းပျိုတပါးနဲ့ ကျိန်းစက်ရတယ်။ တုန်နေအောင်ချမ်းတဲ့ ဆောင်းအဝင်ညတွေဆိုတော့ ကျိန်းစက်လို့မရဘူး။ ည (၂) နာရီမှာထပြီး ခရီးဆက်၊ ခဏကြာတော့ ပြန်နားပြီးတော့ ပြန်ခရီးဆက်….။ မအားရဘူး….။ မနားရဘူး….။ ခရီးရှည်သွားလေ့ထမရှိတော့ ခြေဖဝါးတွေ ပေါက်ပြဲကုန်တယ်။ ရောင်ကိုင်းလာတယ်။ ဖိနပ်တခြား ခြေတခြားဖြစ်သွားပြီး ကိုယ်ခြေကိုယ်မသယ်နိုင်တော့ဘူး။ တောကရိုင်းတော့ တောကောင်တွေကလည်း လန့်ကြပြေးကြ၊ အော်ကြဟစ်ကြ၊ မြူးကြ၊ ဖြတ်သွားဖြတ်လာလုပ်ကြ တကောင် တကောင် ရန်ထောင်ကြနဲ့ အတော်ကလေးစိတ်ချောက်ခြားစရာကောင်းတယ်။ ဒါပေမယ့် ဘာမှ မကြောက်နိုင်တော့ဘူး။ အများကို မီအောင်လိုက်ရတယ်။ နောက်တော့ အများတခြားစာရေးသူတို့တခြားဖြစ်ကုန်ပြီး ကုန်သည်တွေကို မီအောင်လည်းမလိုက်နိုင်တော့ဘူး။ ကံကောင်းထောက်မလို့ မူဆလင်ဘာသာဝင်တယောက်နဲ့ပေါင်းမိပေလို့ အဲဒီလူက ဒီလမ်းမှာ အတော်ကလေးကျွမ်းကျင်ပုံရတယ် ….။ အားပေးတယ် ….။ စောင့်ပြီးတော့ သူသွားတယ်….။ စာရေးသူတို့ နှစ်ပါးစလုံးရဲ့လက်ဆွဲအိတ်၊ ကျောပိုးအိတ်တွေကိုလည်း ဝိုင်းကူသယ်ပေးတဲ့အပြင် ဆွမ်းပါချက်ကပ်သေးတယ်။ သူပြောတယ် ပိုက်ဆံရှိရင်လည်းပေးပါ။ မရှိရင်လည်း မပေးနိုင်လည်းရပါတယ်တဲ့ ….။ ဒီလမ်းခရီးမှာတော့ ဒီမိုကရေစီရတာမရတာထားတော့ ကျားစာမဖြစ်သွားတာကိုပဲ ကံကောင်းတယ်လို့ ပြောရမှာပဲ ….။

ဒီလိုနဲ့နယ်စပ်ရောက်၊ နယ်စပ်ကတဆင့် ခရယ်ဒေးစခန်းကိုရောက် အဲဒီခရယ်ဒေးစခန်းမှာ ရဟန်းပျိုတွေကို ပြန်စုစည်းပြီး အချိန်မှာ အထွေထွေသပိတ်ကော်မတီအတွင်းရေးမှူး ကိုဇော်ထွန်းကို ပြန်တွေ့တယ်။ ကိုဇော်ထွန်းကပဲ အထွေထွေသပိတ်ကော်မတီအနေနဲ့ ဒီအေဘီမဟာမိတ်အဖွဲ့အစည်းမှာ ဝင်ရောက်ထားပြီဖြစ်ကြောင်း ပြောပြတယ်….။ ရဟန်းပျိုသမဂ္ဂက ဒီအေဘီဝင်ရောက်ရေးမှာ ကိုဇော်ထွန်း အများကြီး အကူအညီပေးခဲ့တယ် ….။ စာရေးသူ ငှက်ဖျားတက်နေတော့ ကိုဇော်ထွန်းပဲ ဆေးကုပေးတယ်။ အဲဒီကတဆင့် စစ်ရေးအခြေအနေကြောင့် "မာနယ်ပလော"ကို ရွှေ့ခဲ့ကြစဉ်မှာလည်း အထွေထွေသပိတ်ကော်မတီက ကိုဇော်ထွန်း၊ ကိုမြင့်လှိုင်ကို တွေ့ရပြန်တယ်။ တနေ့တော့ စစ်အာဏာရှင် နဝတက စာရေးသူနဲ့ကိုဇော်ထွန်းအကြောင်း မြန်မာ့အသံရေဒီယိုကနေပြီး နေ့လည် (၁) နာရီ သတင်းကြေညာချိန်မှာ ထည့်ကြေညာသွားတယ်။ "ဗကပ ယူဂျီတွေဆိုပြီး စွပ်စွဲသွားသလို ဝေဖန်ရှုတ်ချပြောဆိုသွားတာလည်း ကြားရတယ်။ အဲဒီတုန်းက လှည်းကူးအထက်တန်းကျောင်းဆရာ ဆရာကြီး ဦးခိုင်ဦးမောင် (ယခု မဲဆောက်မှာ စေတနာကျောင်းဖွင့်ပြီး ကျောင်းပြနေသည်) ကတော့ တောက်တခေါက်ခေါက်နဲ့ "ဒီကောင်တွေ တော်တော်ရိုင်းတယ်။ ခွေးကောင်တွေ ဘုန်းကြီးတောင်မှ ချမ်းသာမပေးဘူး။ ဗကပယူဂျီလေး ဘာလေး"ဆိုပြီး ပြောနေသေးတယ်။

အဲဒီနောက်တော့ "အထွေထွေသပိတ်ကော်မတီ"နဲ့ အဆက်အစပ်ပြတ်သလောက် ဖြစ်သွားတယ်။ ၂၀၀၃ ခု ၂၀၀၄ ခုမှာ အကြောင်းအမျိုးမျိုးကြောင့် စာရေးသူ အမေရိကန်နိုင်ငံသို့ ခေတ္တထွက်ခဲ့တယ်။ ၂၀၀၄ ခုမှာပဲ ထိုင်း–မြန်မာနယ်စပ်ကိုပြန်ရောက်လာတော့ အထွေထွေသပိတ်ကော်မတီဒုဥက္ကဋ္ဌ ဦးသီဟနဲ့ပြန်ဆုံခဲ့ရတယ်။ ဒုဥက္ကဋ္ဌဦးသီဟလည်း ထောင်ဒဏ် (၁၃) နှစ်ကျခံခဲ့ရတော့ ပြင်ပအထွေထွေသပိတ်ကော်မတီဝင်တွေရဲ့ အခြေအနေမှန်ကို ဘယ်လောက်အထိသိသလဲ မသိဘူး။ ထောင်တွင်းတိုက်ပွဲတွေကြောင့် ဦးသီဟကိုကြည့်ရတာ အတော်ကလေး နွမ်းကြေနေပုံရတယ်။ စိတ်တောင်မကောင်းမိဘူး။ ရွှေ့ပြောင်းနှောင်းဖြစ်တွေ၊ ကိုရွှေအေးအကြောင်းတွေ၊ ကိုဇော်ထွန်းအကြောင်းတွေ၊ လုပ်ဖော်ကိုင်ဖက်အကြောင်းတွေ သပိတ်အကြောင်းတွေ၊ အရေးတော်ပုံအကြောင်းတွေ၊ ထောင်တွင်းအကြောင်းတွေ တောတွင်းအကြောင်းတွေ၊ စုံနေအောင်ပြောရင်းနဲ့ မျက်ရည်တောင်လည်ခဲ့ရတယ်။

တမြန်နေ့က မီဒီယာတခုက အထွေထွေသပိတ်ကော်မတီဝင် (၄) ဦးကို တွေ့ဆုံလိုကြောင်းပြောတော့ စိတ်ထဲမှာတမျိုးခံစားမိတယ် ….။ စာရေးသူမှတ်မိသလောက်တော့ အထွေထွေသပိတ်ကော်မတီဝင်တွေဟာ မူလဦးတည်ချက်ဖြစ်တဲ့ "လမ်းပေါ်ဆန္ဒပြရေး၊ လုပ်ငန်းခွင်သပိတ်မှောက်ရေး" သတ်မှတ်ချက်တွေကို ၁၉၈၈ ခုအရေးတော်ပုံကာလတွေမှာ အမှန်တကယ်ပဲ အစွမ်းထက်ထက်နဲ့ အကောင်အထည်ဖော်ခဲ့တယ်။ သပိတ်ကော်မတီအဖွဲ့ဝင်တွေလည်း ယခင်ကရော၊ ခုရော နောင်ရော စွမ်းစွမ်းတမံ အပတ်တကုတ် ကြိုးပမ်းအားထုတ်နေကြတယ်။ ဒီမိုကရေစီကို အကောင်အထည်ဖော်နေဆဲဖြစ်တယ်ဆိုတာတွေကို အဲဒီ မီဒီယာကိုပြောပြဖို့ စောင့်မျှော်နေခဲ့မိတာတော့ အမှန်တကယ်ပါပဲ ….။

❖

အရှင်ခေမာစာရ (ရဟန်းပျိုသမဂ္ဂ)

●●● ●●● ●●●

# ဤသို့ ဦးတည်ချက်အရ အထွေထွေသပိတ်ကော်မတီကို ဖွဲ့စည်းခဲ့ကြသည် …

ပြင်ပအထွေထွေသပိတ် ကော်မတီဝင်တွေရဲ့ အခြေအနေမှန်ကို ဘယ်လောက်အထိသိသလဲမသိဘူး။
ထောင်တွင်း တိုက်ပွဲတွေကြောင့် သူ့ကိုကြည့်ရတာ အတော်ကလေးနွမ်းကြေနေပုံရတယ်။
စိတ်တောင်မကောင်းမိဘူး။



# ထိုင်းနိုင်ငံရောက် တရားမဝင်မြန်မာ အလုပ်သမားများကို မော်လမြိုင်တွင် ပြန်လည်စိစစ်မည်

ဇူလိုင် (၁၄ )ရက်

ထိုင်းနိုင်ငံတွင် တရားမဝင်လာရောက် အလုပ်လုပ်ကိုင်နေသော မြန်မာနိုင်ငံသားများကို ထိုင်းအစိုးရ၏နိုင်ငံသားစိစစ်ရေး အစီအစဉ်အရ မြန်မာအာဏာပိုင်များက မွန်ပြည်နယ်မော်လမြိုင်မြို့တွင် ပြန်လည်စိစစ်သွားရန် သဘောတူလိုက်ပြီဖြစ်ကြောင်း သိရသည်။

ဇူလိုင် (၁၃) ရက် ထိုင်းနိုင်ငံ ဘန်ကောက်တွင်ပြုလုပ်သည့် ဌာနဆိုင်ရာအစည်းအဝေးတွင် ထိုင်းအလုပ်သမားရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် မစ္စတာဘီချင်းက မြန်မာအလုပ်သမားများအား မော်လမြိုင်မြို့တွင် စိစစ်သွားမည်ဖြစ်ကြောင်း ပြောဆိုသည်။ ထိုအစီအစဉ်ကို ယခုနှစ်ကုန်ပိုင်းတွင် မော်လမြိုင်မြို့တွင်စတင်မည်ဖြစ်ပြီး မြန်မာနိုင်ငံသား တရားမဝင်အလုပ်သမားများအားလုံးကို ထိုင်းအစိုးရ၏အစီအစဉ်ဖြင့် မော်လမြိုင်သို့ခေါ်ယူသွားမည်ဖြစ်ပြီး မြန်မာအာဏာပိုင်များထံမှ အထောက်အထားရယူရမည်ဖြစ်သည်။

ထိုင်းအစိုးရက နိုင်ငံအတွင်းရှိတရားမဝင်အလုပ်သမားများကို တရားဝင်ဖြစ်စေမည့်ထိုအစီအစဉ်တွင် အလုပ်သမားများအား ထိုင်းနိုင်ငံအတွင်းရှိ ဒုက္ခသည်များစုထားသည့်ပုံစံမျိုး စခန်းများ ဖွင့်လှစ်ထားရှိကာ အလုပ်သမားငှားရမ်းလိုသူ ထိုင်းအလုပ်ရှင်များက စခန်းတာဝန်ခံများထံတွင် စပေါ်ငွေပေးသွင်း၍ ငှားရမ်းရမည်ဖြစ်သည်။

ထိုအစီအစဉ်တွင် ထိုင်းနိုင်ငံအတွင်းရောက်ရှိနေသည့် မြန်မာအလုပ်သမားများအပါအဝင် တရားမဝင်အလုပ်သမားများအားလုံးကို ထိုင်းလူဝင်မှုကြီးကြပ်ရေးအရာရှိများနှင့် ထိုင်းတပ်ဖွဲ့ဝင်များကြီးကြပ်၍ တနေ့လျှင် အလုပ်သမားတထောင်ဝန်းကျင်နှုန်း စုထားမည်ဖြစ်ပြီး အလုပ်ခန့်လိုသည့် အလုပ်ရှင်များက စခန်းသို့လာရောက်ကြရမည်ဖြစ်သည်။

အလုပ်သမားများသည် ထိုင်းအလုပ်သမားများနှင့် တန်းတူရနိုင်မည်ဟု မစ္စတာဘီချင်းက ဆိုသည်။ အထူးသဖြင့် ထိုင်းနိုင်ငံမဲဆောက်မြို့မှ စက်ရုံဟောင်းနေရာကို အလုပ်သမားငှားရမ်းရေးစခန်းအဖြစ် အသုံးပြုသတ်မှတ်သွားမည်ဟုသိရပြီး ထိုင်းအစိုးရဘက်မှ ဘတ်ဂျက်ငွေချပေးပါက စက်တင်ဘာလအတွင်း အလုပ်သမားငှားရမ်းရေးစခန်း တည်ဆောက်ပြီးစီးမည်ဖြစ်ကြောင်း မစ္စတာဘီချင်းက ဆက်လက်ပြောဆိုသွားသည်။

❖

# ဒေဝူးကုမ္ပဏီကို မြန်မာနိုင်ငံမှ ထွက်သွားရန် ရွှေဓာတ်ငွေ့စီမံကိန်းဆန့်ကျင်ရေးအဖွဲ့များတောင်းဆို



ဒေဝူးကုမ္ပဏီကို မြန်မာနိုင်ငံမှထွက်ခွာသွားရန် ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင်ဆန္ဒပြနေစဉ်

မြန်မာလူထုအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုများကျူးလွန်နေသော စစ်အုပ်စုအတွက် ဒေါ်လာဘီလီယံချီ၍ ဝင်ငွေကောင်းစေမည့် ရခိုင်ကမ်းလွန်ဒေသမှ ဓာတ်ငွေ့စီမံကိန်းကိုရပ်ဆိုင်းပေးရန် ကိုးရီးယားနှင့် အိန္ဒိယကုမ္ပဏီများကို ပြည်ပရောက် မြန်မာ့အင်အားစုများက ဇူလိုင်လ (၁၁) ရက်နေ့က တိုက်တွန်းတောင်းဆိုလိုက်ကြသည်။

အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နှင့်ထိုင်းနိုင်ငံများတွင်လှုပ်ရှားနေသော ရွှေဓာတ်ငွေ့စီမံကိန်းဆန့်ကျင်ရေးအဖွဲ့များက နအဖအုပ်စုနှင့် စီးပွားရေးလုပ်ကိုင်နေသော ဒေဝူးနှင့် နိုင်ငံခြားကုမ္ပဏီများအားလုံးကို မြန်မာနိုင်ငံမှ ထွက်ခွာသွားပေးရန် မေတ္တာရပ်ခံလိုက်သည်။

(Supply and Command) ဟု အမည်ပေးထားသောအစီရင်ခံစာတွင် အိန္ဒိယ၊ တရုတ်နိုင်ငံများသို့ရောင်းချရန် ကြံရွယ်ထားသောဓာတ်ငွေ့မှ ဝင်ငွေသည် (၁၂) ဘီလီယံဖြစ်သဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုမှတ်တမ်းများကြောင့် အနောက်နိုင်ငံများ၏ စီးပွားရေးအရ အရေးယူခံထားရသော နအဖအုပ်စုကို အသက်ရှုပေါက်တခုပေးသလိုဖြစ်သွားမည်ဟု ဖော်ပြထားသည်။

ထို့အပြင် ယခင်က နိုင်ငံခြားကုမ္ပဏီများနှင့်လုပ်ကိုင်ခဲ့သော စွမ်းအင်စီမံကိန်းလုပ်ငန်းများအတွင်း နအဖစစ်တပ်က ထပ်တလဲလဲကျူးလွန်နေသော လူ့အခွင့်အရေးချိုးဖောက်မှုများကိုထောက်ပြ၍ "ရွှေ" ဓာတ်ငွေ့စီမံကိုလုပ်ကိုင်မည့် ကုမဏီများနှင့် ရှယ်ယာဝင်များအနေဖြင့် အလားတူကိစ္စများတွင် ကြံရာပါအဖြစ်မခံကြရန် အစီရင်ခံစာက မီးမောင်းထိုးပြထားသည်။

"ကုမ္ပဏီများ၊ ရှယ်ယာဝင်များအနေဖြင့် ယခင်က ရဲတခွန်နှင့်ရတနာဓာတ်ငွေ့စီမံကိန်းလုပ်ငန်းများကြောင့် စီမံကိန်းဒေသများတွင် မြန်မာစစ်တပ်များတိုးမြှင့်ဝင်ရောက်လာပြီး၊ ဒေသခံလူထုအပေါ် လူ့အခွင့်အရေးချိုးဖောက်မှု၊ လုပ်အားပေးခိုင်းစေမှုများဖြစ်ပွားခဲ့သည့် နမူနာကိုသတိချပ်သင့်သည်" ဟု အစီရင်ခံစာကဆိုသည်။

အာရှကုမ္ပဏီများသည် အီးယူနှင့်အမေရိကန်ကုမ္ပဏီများ မြန်မာနိုင်ငံမှထွက်ခွာသွားပြီးနောက်ပိုင်း၊ လစ်လပ်သွားသောနေရာများတွင် အစားထိုး၍ စီးပွားရေးလုပ်ကိုင်နေသည်မှာ နှစ်အတန်ကြာနေပြီဖြစ်သည်။

ဒေဝူးကုမ္ပဏီ၏ အရာရှိတဦးက လောလောဆယ်တွင် ကုမ္ပဏီသည် မြန်မာကမ်းလွန်ဒေသတွင် ဓာတ်ငွေ့ရှာဖွေရေးလုပ်ငန်းများကိုလုပ်ကိုင်နေဆဲဖြစ်သဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုကိစ္စများအပေါ် ဆွေးနွေးရန် အချိန်မတန်သေးဟုဆိုသည်။

ရခိုင်ကမ်းလွန်အနောက်ဘက်ဒေသ၊ ရွှေဓာတ်ငွေ့စီမံကိန်း၏ တစိတ်တပိုင်းဖြစ်သော အေဝမ်းဓာတ်ငွေ့ကွက်၏ ရှယ်ယာ (၆၀) ရာခိုင်နှုန်းကို ဒေဝူးကုမ္ပဏီက ပိုင်ဆိုင်ထားပြီး၊ အခြားရှယ်ယာများကို အိန္ဒိယနှင့် ကိုရီယားကုမ္ပဏီများက ပိုင်ဆိုင်ထားသည်။

အကြိုတိုင်းတာတွေ့ရှိထားချက်များအရ အေဝမ်းဓာတ်ငွေ့ကွက်ရှိ ဓာတ်ငွေ့တွင်းများမှရရှိမည့် ဓာတ်ငွေ့ပမာဏသည် ရဲတံခွန်နှင့် ရတနာဓာတ်ငွေ့စီမံကိန်းများတွင် ရရှိပမာဏထက်အဆမတန်ပိုများရုံမျှမက အရှေ့တောင်အာရှ၏ အကြီးဆုံးဓာတ်ငွေ့သိုက်ဖြစ်မည်ဟု ခန့်မှန်းထားသည်။

ရဲတံခွန်နှင့် ရတနာဓာတ်ငွေ့သိုက်များမှ နှစ်ပေါင်း (၂၀) အတွင်း ရရှိမည့် အသားဝင်ငွေမှာ အမေရိကန်ဒေါ်လာ (၈) ဘီလီယံဖြစ်သည်။

ရွှေဓာတ်ငွေ့စီမံကိန်းဆန့်ကျင်သူများက နအဖသည် ရွှေဓာတ်ငွေ့စီမံကိန်းမှရသောငွေကို ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် သုံးပြုမည်မဟုတ်ဘဲ၊ စစ်တပ်တိုးချဲ့ဖွဲ့စည်းရန်နှင့် စစ်လက်နက်ပစ္စည်းများဝယ်ယူရာတွင်သာ အသုံးပြုမည်ဟု ပြောဆိုနေကြသည်။

❖

# မြန်မာပြည်မှာ ရမ်ဘို ရန်သူတွေ့သွားပြီ




အောက်တိုဘာလ ထိုင်းမြေတွင် စတင်ရိုက်ကူးမည့် ရန်ဘိုဇာတ်ကားအပိုင်း (၄) တွင် မင်းသား "ရန်ဘို" က မြန်မာပြည်အတွင်း ဝင်ရောက်ကယ်တင်ရေးလုပ်မည့် ဇာတ်လမ်းဖြစ်ကြောင်း မင်းသားစတားလုံးက အပတ်စဉ်ထုတ် Entertainment ဂျာနယ်သို့ ဇူလိုင် (၃၀) ရက်နေ့တွင် ပြောသည်။

ရန်ဘိုဇာတ်လမ်း အပိုင်း (၃) ဖြင့် နာမည်ကျော်ခဲ့သော စတားလုံးသည် လွန်ခဲ့သည့်နှစ်ကပင် အပိုင်း (၄) ကို ရိုက်ကူးရန် ဆုံးဖြတ်ခဲ့သော်လည်း ဇာတ်လမ်းတွင် တိုက်ခိုက်ရမည့် စိတ်ကြိုက်ရန်သူရှာမတွေ့ဘဲဖြစ်နေခဲ့သည်။

နောက်ဆုံးတွင် စတားလုံးသည် ကမ္ဘာတလွှားမှ စစ်သားများအကြောင်း အသားပေးဖော်ပြသောSoldier of Fortune မဂ္ဂဇင်းသို့ဖုန်းဆက်ပြီး "ကမ္ဘာပေါ်တွင် လူလူချင်းအပေါ် လူမဆန်တဲ့ အလုပ်ကို ဘယ်သူလုပ်နေသလဲ" ဟု မေးမြန်းအကြံဉာဏ်တောင်းခံရာ မဂ္ဂဇင်းက "မြန်မာပြည်"ဟု ပြန်လည်ဖြေကြားခဲ့သည်ဟု စတားလုံးကပြောသည်။

ထိုအဖြေကြောင့် ရန်သူတွေ့သွားသော စတားလုံးသည် အခြားဇာတ်ညွှန်းဆရာတဦးနှင့်အတူ မြန်မာ့နိုင်ငံရေးကို နောက်ခံထားကာ ဇာတ်ညွှန်းရေးသားရာ ယခုအခါပြီးစီးနေပြီဖြစ်သည်။ ဇာတ်လမ်းမှာ မြန်မာနိုင်ငံသို့ အကူအညီပစ္စည်းများပို့ဆောင်ရင်းပျောက်ဆုံးသွားသော စေတနာဝန်ထမ်းအဖွဲ့တဖွဲ့ကို ရမ်ဘိုက လူငယ်တဦးနှင့်အတူ ရှာဖွေကယ်တင်ရမည်ဖြစ်သည်။ ❖

# ယူအဲန်အိပ်ပ်စီအာရ်တွင် ဒုက္ခသည်လျှောက်ထားသူအတော်များများ ထိုင်းအစိုးရ၏ အစီအစဉ်သစ်တွင် စာရင်းလာမပေးကြ

ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၊ UNHCR တွင် ဒုက္ခသည်အဖြစ်လျှောက်ထားသူ အရေအတွက်များပြားသော်လည်း ထိုင်းအစိုးရက ပြန်လည်ပြုလုပ်သော ဒုက္ခသည်လျှောက်ထားသူများကို ပြန်လည်မှတ်ပုံတင်သည့်အစီအစဉ်တွင် အရေအတွက် သိသိသာသာလျော့နည်းနေကြောင်း သိရသည်။

ဇူလိုင်လ (၁၀) ရက်နေ့က စတင်သော ထိုင်းအစိုးရ၏အစီအစဉ်အရ (၂၀၀၄ ၂၀၀၅) ခုနှစ်အတွင်း ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးတွင် ဒုက္ခသည်လျှောက်ထားသူ (၃၀၀၀) ကျော် စခန်းဝင်ရေးအတွက် ထိုင်းနိုင်ငံမဲဆောက်ရှိ မြို့ပိုင်ရုံးတွင် ဓာတ်ပုံအရိုက်ခံရကြရန်ညွှန်ကြားခဲ့သည်။

သို့သော် နောက်ဆုံးသတ်မှတ်ရက်မတိုင်ခင်တရက်အလို၊ ဇွန်လ (၁၅) ရက်နေ့အထိ ဓာတ်ပုံလာရောက်အရိုက်ခံသူ ဒုက္ခသည်အရေအတွက် (၁၈၀၀) ခန့်ရှိကြောင်း UNHCR နှင့် နီးစပ်သောသတင်းရပ်ကွက်များကဆိုသည်။

UNHCR ၏ စာရင်းအရ ဒုက္ခသည်များကို နို့ဖိုး၊ မယ်လနှင့် အုန်းဖျန်ဒုက္ခသည်စခန်းများတွင် စခန်းသွင်းရန် ထိုင်းအစိုးရက ယခင်ကစီစဉ်ထားသော်လည်း ယခုအရေအတွက်အတိုင်းဆိုလျှင် နို့ဖိုးဒုက္ခသည်စခန်းတခုတည်း၌သာ နေရာချထားနိုင်ဖွယ်ရှိသည်ဟု နိုင်ငံရေးဒုက္ခသည်တဦးက ပြောသည်။

၎င်းကဆက်လက်၍ "ဒီလိုအရေအတွက်လျော့သွားတာက ဒုက္ခသည်စခန်းမှာနှစ်ချီကြာမယ်လို့ပြောတာရယ်၊ အကြောင်းမခိုင်လုံရင် မြန်မာပြည်ပြန်ပို့မယ်ဆိုတာရယ်ကြောင့် တချို့ကျတော့ ဒုက္ခသည်လျှောက်ထားပြီးမှ ဓာတ်ပုံလာအရိုက်မခံကြတော့ဘူး။ ပြောရရင်စျေးထဲက တချို့စျေးသည်တွေတောင် UNHCR လက်မှတ်ကိုင်ထားတာတွေရှိတာကိုး" ဟု သုံးသပ်သည်။

ထိုင်းအစိုးရ၏ ဒုက္ခသည်လျှောက်ထားသူများအား ဓာတ်ပုံရိုက်မှတ်တမ်းတင်သည့် အစီအစဉ်ကို ယခုလ (၁၀) ရက်နေ့မှ (၁၆) ရက်နေ့အထိ ရက်သတ်မှတ်ထားပြီး၊ ၎င်းအစီအစဉ်တွင် လိုက်ပါသူများအားလုံးကို နယ်စပ်ဒုက္ခသည် စခန်းများသို့ပို့ပြီးနောက်ပိုင်းတွင်မှ ဒုက္ခသည်အသိအမှတ်ပြုရေးအတွက် ထိုင်းစိစစ်ရေးဘုတ်အဖွဲ့က ဆက်လက်စိစစ်သွားမည်ဖြစ်သည်။

ဒုက္ခသည်စိစစ်ရေးအစီအစဉ်တွင် အကျုံးဝင်သူများ၏ စားဝတ်နေရေးကို ဒုက္ခသည်စခန်းရှိ အခြားဒုက္ခသည်များနည်းတူ UNHCR က ထောက်ပံ့ပေးထားမည်ဖြစ်သော်လည်း ဒုက္ခသည်အဖြစ် အကြောင်းမခိုင်လုံ၍အပယ်ခံရသူများကို ထိုင်းလူဝင်မှုဥပဒေအရ အရေးယူမည်ဟု ထိုင်းလူဝင်မှုဌာနမှ အရာရှိတဦးကပြောသည်။

UNHCR တွင် ဒုက္ခသည်အဖြစ် လျှောက်ထားသော်လည်း ထိုင်းအစိုးရ၏ ယခုအစီအစဉ်တွင်လိုက်မပါသူများကို ထိုင်းအစိုးရက မည်သို့အရေးယူဆောင်ရွက်ပေးမည်ဆိုသောအချက်မှာ ယခုတိုင် ရှင်းရှင်းလင်းလင်းမရှိသေးပေ။ ❖

# ဦးဉာဏ်ဝင်းကို အစည်းအဝေးဖိတ်ကြားခြင်းသည် မူဝါဒပြောင်းလဲသွားခြင်းမဟုတ်ဟု အီးယူအရာရှိဆို



နအဖနိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်း

နအဖနိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်းကို ဖင်လန်နိုင်ငံတွင်ကျင်းပမည့် အာရှ–ဥရောပထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်ခွင့်ပေးလိုက်ခြင်းသည် နအဖအဖွဲ့ဝင်များကို ဗီဇာပိတ်ပင်ထားသော အီးယူ၏ မူဝါဒပြောင်းလဲသွားခြင်းမဟုတ်ဟု အီးယူတာဝန်ရှိသူတဦးက ခုခံပြောဆိုလိုက်သည်။

အာရှ–ဥရောပအစည်းအဝေးသို့ ဦးဉာဏ်ဝင်းတက်ရောက်လာခြင်းဖြင့် ဥရောပနိုင်ငံများဘက်က မြန်မာကိစ္စနှင့်ပတ်သက်၍ ထိပ်တိုက်ဝေဖန်ရန်ရည်ရွယ်ထားသည်ဟု အာဆမ် (ASEM) ရုံးတာဝန်ခံ မီးဟာနာလဲတီနန်က သတင်းထောက်များအားပြောသည်။

မလေးရှားနိုင်ငံဆိုင်ရာ ဖင်လန်သံအမတ်ကြီးတဖြစ်လဲ မီတာနာလဲတီနန်က အာဆီယံနှင့်အီးယူအကြား အကျိုးဖြစ်ထွန်းသောဆွေးနွေးမှုများဖြစ်မည်ဆိုလျှင် မိမိတို့အနေဖြင့် နအဖအပေါ်ထားသော ဗီဇာပိတ်ဆို့မှုများကို ခြွင်းချက်ထားသွားမည်ဟုဆိုသည်။

အစည်းအဝေးသို့ အာရှ–ဥရောပ (၃၈) နိုင်ငံများမှ ခေါင်းဆောင်များနှင့် အီးယူအဖွဲ့ ဥက္ကဋ္ဌတို့တက်ရောက်ကြမည်ဖြစ်သည်။

ဖင်လန်နိုင်ငံ ဟယ်လ်ဆင်ကီမြို့တွင် စက်တင်ဘာ (၁၀) ရက်မှ (၁၁) ရက်နေ့အထိကျင်းပမည့် အာရှ–ဥရောပခေါင်းဆောင်များ၏ (၆) ကြိမ်မြောက် ထိပ်သီးအစည်းအဝေးသို့ လူ့အခွင့်အရေးချိုးဖောက်သော နအဖဝန်ကြီးတဦးကို တက်ရောက်ခွင့်ပြုလိုက်သည့်အပေါ် ဖင်လန်ရှိ လူ့အခွင့်အရေးအဖွဲ့များကလည်း ကန့်ကွက်ခဲ့ကြသည်။

သို့သော် အီးယူနှင့်အာဆီယံနိုင်ငံများအကြားတွင် နအဖကြောင့် သဘောထားကွဲလွဲ၍ အီးယူအတွက် နစ်နာစရာများရှိမည့်ကိစ္စမျိုးကို အီးယူက လိုလားမည်မဟုတ်ဟု မီတာနာလဲတီနန်က မလေးရှားနိုင်ငံတွင် သတင်းထောက်များအား ရှင်းပြခဲ့သည်။

ယခုလ (၂၅) ရက်နေ့ မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့တွင် ကျင်းပပြီးစီးသွားသော အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ (၂) ရက်ကြာ အစည်းအဝေးသည်လည်း အာဆီယံက နအဖစစ်အုပ်စုကို ပြင်းပြင်းထန်ထန်ဖိအားပေးမည်ဟူသောအများ၏မျှော်လင့်ချက်နှင့် ဆန့်ကျင်အဆုံးသတ်ခဲ့သည်။

နိုင်ငံရေးအကျဉ်းသားများပြန်လွှတ်ပေးရေး တောင်းဆိုထားသော အစည်းအဝေးပူးတွဲကြေညာချက်တွင် လက်တွေ့ကျသော ဒီမိုကရေစီဖြစ်ပေါ်တိုးတက်ရေးကို ဆောင်ရွက်ရန်ဖော်ပြထားသော်လည်း နိုင်ငံရေးအပြောင်းအလဲအတွက် အချိန်ဆွဲလိုသော နအဖကို ပြတ်ပြတ်သားသား တိုက်တွန်းထားခြင်းမရှိဟု ဝေဖန်သူများကဆိုသည်။

ဤအတောအတွင်း အမေရိကန်ပြည်ထောင်စုအထက်လွှတ်တော်က မြန်မာနိုင်ငံအပေါ် စီးပွားရေးအရဒဏ်ခတ်သော ဥပဒေကို နောက်ထပ် (၃) နှစ် သက်တမ်းတိုးခဲ့သည်။

# နယ်စပ်တွင် ထိုင်းစစ်လေယာဉ်ကို နအဖတပ်ကပစ်ချ

ဇူလိုင် (၁၀) ရက်နေ့က ထိုင်း–မြန်မာနယ်စပ်တွင်ပျံသန်းနေသော ထိုင်းစစ်လေယာဉ်တစင်းကို နယ်စပ်တွင်တပ်စွဲထားသော နအဖတပ်မ (၆၆) မှ အကြောင်းမဲ့ပစ်ခတ်ခဲ့ရာ ထိုင်းစစ်လေယာဉ်အမြီးပိုင်းကို ထိမှန်ခဲ့ပြီး၊ မဲဟောင်ဆောင် တောင်ဘက်အခြမ်း၊ မောင်းခရိုင်တွင် အရေးပေါ်ဆင်းသက်ခဲ့ရသည်။

လေယာဉ်ပေါ်တွင် ထိုင်းစစ်လေယာဉ်မှူး (၂) ဦး၊ အင်ဂျင်နီယာ (၂) ဦးနှင့် စစ်သား (၄) ဦး လိုက်ပါလာသော်လည်း ထိခိုက်ဒဏ်ရာရခြင်းမရှိခဲ့ပေ။

မထင်မှတ်သော တိုက်ခိုက်မှုကြောင့် အဆိုပါဒေသသို့ ထိုင်းတပ်များတိုးချဲ့ချထားလိုက်ပြီး၊ ပစ်ခတ်မှုအတွက် လျော်ကြေးပေးရန်၊ လေယာဉ်ကို ပစ်ခတ်ခဲ့သော တပ်သားမှ တပ်ရင်းမှူးအထိ အရေးယူပေးရန်၊ နောင်တွင် အလားတူကိစ္စမျိုးမပေါ်ပေါက်အောင် ကာကွယ်ရန် စသောအချက်များကို ထိုင်းဘက်က တောင်းဆိုခဲ့သည်။

ပစ်ခတ်မှုဖြစ်ပွားပြီး (၃) ရက် အကြာတွင် တာချီလိတ်၌ပြုလုပ်သော အရေးပေါ် နယ်ခြားကော်မတီအစည်းအဝေးတွင် မြန်မာဘက်က တာချီလိတ်မြို့တာဝန်ခံ ဗိုလ်မှူးကြီးမြင့်ဟန်က ပစ်ခတ်မှုသည် သာမန်ရိုးရိုးရဲဘော်တဦး၏ မှားယွင်းပစ်ခတ်မှုဖြစ်ကြောင်း တောင်းပန်စကားဆိုခဲ့ပြီး ထိုင်းဘက်မှတောင်းဆိုမှုများကို လိုလိုလားလားလက်ခံခဲ့သည်။

ယခုတကြိမ်တွင် လေယာဉ်ပေါ် ပါလာသူတဦးမျှ အထိအခိုက်မရှိခဲ့သော်လည်း နောင်တွင် အလားတူပစ်ခတ်မှုများဖြစ်ပွားလာမည်ကို ထိုင်းဘက်ကစိုးရိမ်မိကြောင်း နယ်ခြားအစည်းအဝေးသို့တက်ရောက်ခဲ့သူ ထိုင်း–မြန်မာနယ်စပ်ကော်မတီတာဝန်ခံ ဒုတိယဗိုလ်မှူးကြီး ဆူရင်ခပ်ခမ်းက ပြောသည်။

သို့သော် လျော်ကြေးအတွက် မည်၍မည်မျှသဘောတူညီမှုရခဲ့သည်ကို နှစ်ဖက်စလုံးမှ ထုတ်ဖော်ပြောဆိုခဲ့ခြင်းမရှိပေ။ ❖

# တရုတ်ဆင်းရဲသားလယ်သမားများနှင့် တိတ်တဆိတ်ပေါင်းသင်းနေသော မြန်မာအမျိုးသမီးများ ပြန်ပို့ခံရ

တရုတ်နိုင်ငံအလယ်ပိုင်း ဟီနန်ပြည်နယ်တွင် တရုတ်လယ်သမားများနှင့် တရားမဝင်သွားရောက်ပေါင်းသင်းနေသော မြန်မာအမျိုးသမီး (၆) ဦးကို ဒေသလုံခြုံရေးအာဏာပိုင်များက ပြီးခဲ့သည့်ရက်များအတွင်း မြန်မာဘက်သို့ ပြန်လည်ပို့ဆောင်လိုက်ကြောင်း တရုတ်နိုင်ငံထုတ် ရှန်းဟိုင်းဒေးလီးသတင်းတွင် ဇူလိုင်လ (၁၈) ရက်နေ့က ဖော်ပြထားသည်။

မကြာသေးမီလများမှစ၍ တရုတ်အာဏာပိုင်များသည် တရားမဝင်ရွှေ့ပြောင်းနေထိုင်သူများကို နေရပ်ပြန်လည်ပို့ဆောင်ခြင်းများပြုလုပ်ခဲ့သော်လည်း အလားတူပြန်လည်ပို့ဆောင်ခဲ့သောအရေအတွက်အတိအကျကို ယခုတိုင် ထုတ်ပြန်ခြင်းမရှိပါ။

လွန်ခဲ့သော (၂) နှစ်အတွင်း တရုတ်လယ်သမားများ၏ဇနီးအဖြစ် လာရောက်နေထိုင်သူ မြန်မာအမျိုးသမီးများ များပြားလာခဲ့ရာ ပြည်နယ်တချို့တွင် မြန်မာအမျိုးသမီးအရေအတွက်မှာ သိသာလွန်းသောပမာဏသို့ရောက်နေသည်ဟု ဒေသတွင်းသတင်းတရပ်ကဆိုသည်။

မြန်မာအမျိုးသမီးများ ယခုကဲ့သို့ လူမျိုးခြားများ၏ တရားမဝင်ဇနီးများဖြစ်လာရခြင်း၏ အဓိကအကြောင်းမှာ နိုင်ငံ၏ ဆင်းရဲမွဲတေမှုဖြစ်သည်ဟု သတင်းတွင်ဆက်လက်ဖော်ပြထားသည်။

တရားမဝင်မြန်မာအမျိုးသမီးများ၏ အမှုတွင် ဘာသာပြန်အဖြစ် လုပ်ကိုင်နေသူတဦး၏အဆိုအရ ဖွံ့ဖြိုးမှုနောက်ကျကျန်နေသော မြန်မာနိုင်ငံဘက်မှ အမျိုးသမီးများသည် တရုတ်နိုင်ငံသို့သွားရောက်၍ တရုတ်လယ်သမားများနှင့် အိမ်ထောင်ပြုခြင်းဖြင့် ၎င်းတို့အတွက် ပိုမိုကောင်းမွန်သော ဘဝအခြေအနေသို့ ပို့ဆောင်ပေးမည့်နည်းလမ်းတခုအဖြစ် မျှော်လင့်နေကြသည်။

ဆင်းရဲသား တရုတ်လယ်သမားများအနေဖြင့်လည်း မြန်မာအမျိုးသမီးတဦးကို လက်ထပ်ခြင်းဖြင့် တရုတ်ဓလေ့ထုံးတမ်းအရ တရုတ်အမျိုးသမီးတဦးကိုလက်ထပ်ခြင်းထက် ကုန်ကျစရိတ်သက်သာသည်ဟု သတင်းကဆိုသည်။

မြန်မာအမျိုးသမီးတဦးနှင့် လက်ထပ်ထားသောတရုတ်တဦး၏ဖခင်က တရုတ်ဓလေ့အတိုင်းလက်ထပ်လျှင် မင်္ဂလာလက်ဖွဲ့အဖြစ် စုစုပေါင်းကုန်ကျစရိတ် တရုတ်ယွမ်ငွေတသောင်းမှ သုံးသောင်းအထိ (အမေရိကန်ဒေါ်လာ ၂၅၀၀ မှ ၃၇၀၀) ကုန်ကျမှုရှိသော်လည်း မြန်မာအမျိုးသမီးတဦးနှင့် လက်ထပ်လျှင် တရုတ်ယွမ် (၁) သောင်းသာ ကုန်ကျသည်ဟုဆိုသည်။

❖

# အိန္ဒိယပေါ်လစီသည် မြန်မာလူထုအပေါ် အမှားတခုကို ကျူးလွန်နေခြင်းဟု အတိုက်အခံများဝေဖန်



Rao Indenjit Singh

မြန်မာနိုင်ငံကို ဒီမိုကရေစီနိုင်ငံတခုအဖြစ်မြင်ချင်သော်လည်း လောလောဆယ်တွင် နအဖအုပ်စုအပေါ် ဖိအားမပေးလိုသော အိန္ဒိယ၏နိုင်ငံခြားရေးပေါ်လစီသည် တကိုယ်ကောင်းဆန်လွန်းပြီး၊ မြန်မာလူထုအပေါ် အမှားတခုကျူးလွန်ခြင်းဖြစ်ကြောင်း မြန်မာ့နိုင်ငံရေးအသိုင်းအဝိုင်းက ဝေဖန်လိုက်သည်။

ယမန်နေ့ကကျင်းပသော မလေးရှားနိုင်ငံမြို့တော်၊ ကွာလာလမ်ပူတွင်ကျင်းပသော အာဆီယံဒေသဆိုင်ရာလုံခြုံရေးအစည်းအဝေးတွင် အိန္ဒိယကာကွယ်ရေးဝန်ကြီးဌာန အငယ်တန်းဝန်ကြီး Rao Indenjit Singh က ဒေသတွင်း ကမ္ဘာပေါ်တွင်ရှိနေသော အာဏာရှင်နိုင်ငံများကိုလျစ်လျူရှု၍ အိမ်နီးချင်းမြန်မာတနိုင်ငံတည်းကို ဖိအားပေးခြင်းကို အိန္ဒိယကလုပ်ဆောင်မည်မဟုတ်ကြောင်း သတင်းထောက်များကို ပြောကြားခဲ့သည်။

အဝေးရောက်ညွန့်ပေါင်းအစိုးရဝန်ကြီး ဒေါက်တာတင့်ဆွေက အိန္ဒိယအရာရှိ၏ပြောဆိုချက်သည် အသစ်အဆန်းတခုမဟုတ်သော်လည်း မြန်မာလူထု၏ဆန္ဒအမှန်နှင့် ဒီမိုကရေစီအရေးကို မသိကျိုးကျွံပြုလွန်းသည်ဟု ဝေဖန်သည်။

"အိန္ဒိယဟာ မြန်မာပြည်အရေးမှာ လူထုနဲ့ဒီမိုကရေစီရေးကို ဇောင်းမပေးဘဲ သူ့ရဲ့ အမျိုးသားအကျိုးစီးပွားကို တရားလွန်အားပေးလွန်းရာရောက်တယ်လို့ ကျနော်တို့ ပွင့်ပွင့်လင်းလင်းဝေဖန်ချင်ပါတယ်" ဒေါက်တာတင့်ဆွေက ဗွီအိုအေသို့ပြောသည်။

မြန်မာ့ဒီမိုကရေစီအရေးနှင့်စပ်လျဉ်း၍ အာဆီယံနိုင်ငံများအကြားတွင်ပင် အားမလိုအားမရမှုများထုတ်ဖော်ပြောဆိုနေချိန်တွင် အိန္ဒိယ၏မပြောင်းမလဲပေါ်လစီသည် တကိုယ်ကောင်းဝါဒီဆန်လွန်းသည်ဟု ဒေါက်တာတင့်ဆွေကဆိုသည်။

ဆက်လက်၍ အိန္ဒိယသည် ဒေသတွင်းတွင် တရုတ်၏ဩဇာသက်ရောက်မှုကိုချေဖျက်ရန်၊ မြန်မာနှင့်နယ်နိမိတ်ချင်းဆက်နေသော အိန္ဒိယအရှေ့မြောက်ဒေသမှာရှိ သူပုန်များကိုနှိမ်နင်းရန်၊ မြန်မာပြည်မှ သဘာဝဓာတ်ငွေ့ကိုရလိုမှုနှင့် လက်နက်ရောင်းချလိုမှုစသော ကိုယ်ကျိုးစီးပွားများကြောင့် နအဖကို မျက်နှာချိုသွေးသောစကားကို ပြောဆိုခြင်းဟု ယူဆနိုင်ကြောင်း ဒေါက်တာတင့်ဆွေက ပြောသည်။ ❖

**ရှစ်လေးလုံးအရေးတော်ပုံတွင် စွန့်လွှတ်ပေးဆပ်သွားကြသော ဒီမိုကရေစီသူရဲကောင်းတို့အား ဦးညွှတ်ဂုဏ်ပြုကြ**

# ပြည်သူလူထုအတွက်ရည်ရွယ်သော ကျန်းမာရေးထောက်ပံ့ငွေများကို ပြည်သူလူထုဆီအရောက်ပို့ရန် ပြည်သူ့ကိုယ်စားလှယ်များတောင်းဆို




ဝန်ကြီးချုပ်ဒေါက်တာစိန်ဝင်း၊ ဦးဗိတာလင်းပင်၊ ဦးဘိုလှတင့်တို့ကို အီတလီနိုင်ငံ တူရင်းမြို့တွင်ကျင်းပသော အစည်းအဝေးတွင်တွေ့ရစဉ်

ဥရောပသမဂ္ဂ (အီးယူ) နိုင်ငံများက မြန်မာနိုင်ငံသို့ပေးအပ်မည့် ကျန်းမာရေး စောင့်ရှောက်မှုအကူငွေများကို လူထုဆီသို့ အရောက်ပို့ပေးရန်လိုအပ်သည်ဟု ၁၉၉၀ ရွေးကောက်ပွဲအနိုင်ရ ပြည်သူ့လွှတ်တော် အမတ်များအဖွဲ့က ပြောဆိုလိုက်သည်။

ဥရောပနိုင်ငံများမှ လွှတ်တော်အမတ်များနှင့် အီတလီနိုင်ငံ တူရင်းမြို့တွင် ပြုလုပ်သော မြန်မာ့နိုင်ငံဒီမိုကရေစီရရှိရေးမဟာဗျူဟာ ညှိနှိုင်းအစည်းအဝေးသို့တင်ပြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့ (အမ်ပီယူ) အဆိုပြုချက်တွင် ယင်းကဲ့သို့ ထည့်သွင်းတောင်းဆိုလိုက်ခြင်းဖြစ်သည်။

ဇူလိုင်လ (၁၀) ရက်နေ့မှ (၁၅) ရက်နေ့အထိ ကျင်းပသောဆွေးနွေးပွဲတွင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်နှင့် အထွေထွေညီလာခံ၏ လုပ်ပိုင်ခွင့်များမှ တဆင့် မြန်မာ့နိုင်ငံရေးအကြပ်အတည်းကို ဖြေရှင်းနိုင်ရေးအတွက် လုံခြုံရေးကောင်စီကို ဆက်လက်ဖိအားပေးရန် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက တောင်းဆိုထားသည်။

ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသား ညွန့်ပေါင်းအစိုးရ၊ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီ၊ ပြည်သူ့လွှတ်တော်ကိုယ် စားလှယ်အမတ်များအဖွဲ့၊ အမျိုးသားဒီမို ကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) မြန်မာ့ဒီမိုကရေစီအရေးလှုပ်ရှားသော အဖွဲ့ အစည်းများ၊ ကျောင်းသားအဖွဲ့များနှင့် အမျိုးသမီးအဖွဲ့များ တက်ရောက်ဆွေးနွေး ခဲ့သော တူရင်းဆွေးနွေးပွဲတွင် ပြည်တွင်း ပြည်ပရှိ ဒီမိုကရေစီအင်အားစုများ၊ တိုင်းရင်း သားအင်အားစုများအနေဖြင့် မြန်မာ့ဒီမို ကရေစီရေးအတွက် ဆက်လက်ဆောင်ရွက် မည့် ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ မဟာဗျူဟာချမှတ်နိုင်ခဲ့ကြသည်။

ဎင်းအပြင် မြန်မာအင်အားစုများအနေ ဖြင့် မြန်မာ့နိုင်ငံရေးအပြောင်းအလဲအတွက် အာရှ၊ ဥရောပနိုင်ငံများ၊ ကမ္ဘာ့အလုပ်သမား ရေးရာအဖွဲ့ချုပ်၊ အပြည်ပြည်ဆိုင်ရာတရား ရုံးချုပ်တို့၏ ပူပေါင်းဆောင်ရွက်မှုပိုမိုရရှိ နိုင်ရေး အပြည်ပြည်ဆိုင်ရာလုပ်ငန်းစဉ်များ ကိုလည်း အသေးစိတ်ဆွေးနွေးခဲ့ကြသည်။

မြန်မာ့အရေး မဟာဗျူဟာဆွေးနွေးပွဲ ကို အီတလီအလုပ်သမားအဖွဲ့ချုပ်က ကမက ထပြုလုပ်ပေးခဲ့ခြင်းဖြစ်ပြီး အီတလီအစိုးရ ကိုယ်စားလှယ်များ၊ ILO အပြည်ပြည်ဆိုင် ရာအလုပ်သမားအဖွဲ့ချုပ်၊ အာရှနှင့် ဥရောပ နိုင်ငံများမှ လွှတ်တော်ကိုယ်စားလှယ်များ လည်းတက်ရောက်ခဲ့ကြသည်။

❖

# သာမန်ပြည်သူလူထုက ထိခိုက်စေမည့်အရေးယူမှုမျိုးကို လက်မခံဟုအမျိုးသားညွန့်ပေါင်းအစိုးရဝန်ကြီးဆို

ကုလသမဂ္ဂအနေဖြင့် စစ်အစိုးရကိုပိတ်ဆို့အရေးယူမှုများပြုလုပ်သည့်အခါ မြန်မာပြည်မှ သာမန်ပြည်သူလူထု၏ အကျိုးစီးပွားကိုထိခိုက်စေခြင်းမရှိသော အရေးယူမှုမျိုးကိုသာရွေးချယ်သင့်သည်ဟု ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရက ဇူလိုင်လ (၂၄) ရက်နေ့က ထုတ်ဖော်ပြောဆိုလိုက်သည်။

မလေးရှားနိုင်ငံ ကွာလာလမ်ပူတွင် ကျင်းပသော အာဆီယံလွှတ်တော်အမတ်များ၏ (၂) ရက်တာ အစည်းအဝေးအပြီး သတင်းစာရှင်းလင်းပွဲတွင် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ ဝန်ကြီးချုပ်ရုံးဝန်ကြီး ဦးဘိုလှတင့်က "ကုလသမဂ္ဂအနေနဲ့ ဘယ်လိုဆုံးဖြတ်ချက်တွေပဲချသည်ဖြစ်စေ စစ်အာဏာရှင်စနစ်အောက်မှာ နှစ်ပေါင်း (၅၀) လောက် ခံစားခဲ့ရတဲ့ မြန်မာပြည်က သာမန်လူထုကိုမထိခိုက်စေတဲ့ ဆုံးဖြတ်ချက်မျိုးပဲဖြစ်သင့်ပါတယ်" ဟု ပြောကြားခဲ့သည်။

သို့သော် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အဆုံးအဖြတ်သည် နအဖကို အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ဒီမိုကရေစီရေးနှင့် တွေ့ဆုံဆွေးနွေးရေး လမ်းကြောင်းဆီသို့ ဆွဲတင်သည့် အစီအစဉ်မျိုးဖြစ်သင့်သည်ဟု ဆိုသည်။

ဆက်လက်၍ တရုတ်နှင့်အိန္ဒိယစသော နိုင်ငံများက နအဖနှင့်စီးပွားရေးအရ နီးနီးကပ်ကပ်ရှိနေသရွေ့ မြန်မာနိုင်ငံကို မည်သို့ပင်စီးပွားရေးအရပိတ်ဆို့မှုပြုလုပ်လုပ်၊ ထိရောက်မှုရှိမည်မဟုတ်ဘဲ၊ ဆိုးကျိုးကိုသာဖြစ်စေမည်ဟုပြောသည်။

"ကျနော်တို့ဘက်က လက်စားချေရေးအတွက်လုပ်နေတာမဟုတ်ဘူးဗျ။ အမျိုးသားရင်ကြားစေ့ရေးအတွက် လုပ်နေတာဖြစ်တယ်။ လူထုရဲ့အကျိုးအတွက်ဆိုရင် နအဖနဲ့အလုပ်အတူတူလုပ်ဖို့လည်း အသင့်ရှိပါတယ်" ဟု ဦးဘိုလှတင့်ကပြောကြောင်း မလေးရှားမှလာသောသတင်းများကဆိုသည်။

ဆက်လက်၍ မြန်မာနိုင်ငံအပေါ်ချမှတ်သော အမေရိကန်၏ပိတ်ဆို့မှုများသည် မြန်မာပြည်အရေးတွင် ပါဝင်နေသူအားလုံးကလက်ခံနိုင်သည့် ပျော့ပျောင်းသောအခြေအနေတခုဖြစ်လာစေရန် အမျိုးသားညွန့်ပေါင်းအစိုးရအနေဖြင့် အမေရိကန်အစိုးရနှင့် နီးနီးကပ်ကပ်ဆောင်ရွက်ခဲ့သည်ဟုဆိုသည်။

ကုလသမဂ္ဂလူ့အခွင့်အရေးကော်မရှင်၏ (၁၉၉၁) ခုနှစ်က ချမှတ်ထားသော မြန်မာနိုင်ငံနှင့်ပတ်သက်သောဆုံးဖြတ်ချက်များသည် စစ်အုပ်စုအပေါ် တစုံတရာသက်ရောက်မှုမရှိသည့်အပေါ် ညွန့်ပေါင်းအစိုးရဝန်ကြီး ဦးဘိုလှတင့်က ဝေဖန်ခဲ့သည်။ ❖

## THE SUPREME HEADQUARTER
## KAREN NATIONAL UNION
## KAWTHOOLEI

### လတ်တလောအဖြစ်အပျက်များအပေါ် ကရင်အမျိုးသားအစည်းအရုံး KNU ၏ ထုတ်ပြန်ကြေညာချက် ၃/၈/၂၀၀၆

လတ်တလောအဖြစ်အပျက်များအပေါ် ပြည်သူများနှင့် ပြည်တွင်းပြည်ပ နှစ်ရပ်စလုံးက ရှင်းရှင်းလင်းလင်းသိရှိနိုင်စေရန် KNU အနေဖြင့် အောက်ပါအတိုင်း ထုတ်ပြန်လိုက်ပါသည်။

KNU သည် ၂၀၀၄ ခုနှစ်က နအဖနှင့် Gentlemen Agreement တခုကို ပြုလုပ်ခဲ့ပြီး ဤအစပြုချက်မှတဆင့် အပြုသဘောဆောင်သည့်ခြေလှမ်းများကို နှစ်ဦးနှစ်ဖက်စလုံးလှမ်းတက်ရင်း ကရင်အမျိုးသားရေးပြဿနာ၊ တိုင်းပြည်၏ နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့် တရားမျှတစွာ ဆွေးနွေးဖြေရှင်းသွားရန် မျှော်လင့်ကြိုးပမ်းခဲ့သည်။

ထိုသို့ ကြိုးပမ်းစဉ် ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလမှစ၍ နအဖတပ်များ KNU နှင့် ကရင်ပြည်သူများကို ပြင်းထန်စွာစစ်ဆင်လာ၍ ကရင်ပြည်သူ နှစ်သောင်းနီးပါး ရပ်ရွာအိုးအိမ်ပစ္စည်းများကိုစွန့်၍ ထွက်ပြေးခဲ့ကြရ၊ အချို့သတ်ဖြတ်ခံခဲ့ရသည်။ တဆက်တည်းမှာပင် KNU ကို သတင်းစာရှင်းလင်းပွဲများတွင်လည်းကောင်း၊ စာနယ်ဇင်းများတွင်လည်းကောင်း၊ အမျိုးမျိုးစွပ်စွဲပုတ်ခတ် ဖွင့်ချတိုက်ခိုက်ခဲ့သည်။

ဤအခြေအနေမှာပင် နအဖသည် ၂၀၀၆ ခုနှစ် ဇူလိုင်လ ပထမအပတ်အတွင်း စင်ကာပူ၊ ရန်ကုန်အခြေစိုက် ကရင်ဆရာဝန်တချို့ကို ဗိုလ်ချုပ်မြထံစေလွှတ်၍ ဗိုလ်ချုပ်မြကို ရန်ကုန်သို့ခေါ်ယူဆေးဝါးကုသပေးရန်၊ ဗိုလ်ချုပ်မြနှင့်လိုက်ပါသွားမည့် စစ်ဖက်အရာရှိအချို့နှင့် ရန်ကုန်တွင်ဆွေးနွေးကြရန် စီစဉ်ခဲ့ကြသည်။ ဗိုလ်ချုပ်မြကို လေယာဉ်နှင့်ခေါ်ယူပြီး ကျန်လိုက်ပါသူများကို ဇူလိုင်လ (၁၂) ရက်နေ့တွင် သက်န်းညီနောင်အနီး ခမရ (၂၇၅) မြေနီကုန်း၊ တပ်ရင်းရုံးတွင် တကြိမ်၊ ကော့ကရိတ်တွင်တကြိမ်၊ ရန်ကုန်တွင် တကြိမ် ခမ်းနားသည့်ကြိုဆိုပွဲများနှင့်ကြိုဆိုရန်လည်း စနစ်တကျစီစဉ်ခဲ့ကြသည်။ သို့ရာတွင် ဤစီမံချက်ကို ဗိုလ်ချုပ်မြလည်း ဘာမျှမသိ KNU ခေါင်းဆောင်များလည်းမသိရုံမက ဤမူမမှန်သောလုပ်ကြံမှုကြီးကို ဗိုလ်ချုပ်မြကပယ်ချခဲ့သည့်အတွက် ဤစီမံချက် ပျက်ခဲ့သည်။

ဎင်းနောက် ဇူလိုင်လ (၁၄) ရက်နေ့တွင် နအဖ၏ MI ဗိုလ်မှူးကြီးမြတ်ထွန်းဦး ရောက်ရှိလာပြန်ပြီး KNLA တပ်မှူးတချို့နှင့်တွေ့ဆုံခဲ့သည်။ ဤတွေ့ဆုံမှုတွင် KNLA တပ်မှူးတို့က နအဖအနေနှင့် KNU နှင့်လာရောက်ဆက်သွယ်ဆွေးနွေးခြင်းဖြစ်ပါက တရားဝင်သတ်မှတ်ထားသည့်ဆက်သွယ်ရေးအရာရှိနှင့် ဆက်သွယ်၍ KNU ခေါင်းဆောင်များနှင့် တွေ့ဆုံရန်လိုကြောင်းပြောဆိုရာ ဗိုလ်မှူးကြီးမြတ်ထွန်းဦးက KNU နိုင်ငံရေးခေါင်းဆောင်များနှင့် မတွေ့လိုကြောင်း၊ စစ်ဖက်တပ်မှူးအချင်းချင်းသာ တွေ့ဆုံလိုကြောင်း ပြန်လည်ပြောကြားခဲ့သည်။ ဎင်းနောက် (၁၆) ရက်နေ့က ပြန်လည်ထွက်ခွာသွားခဲ့သည်။

ဗိုလ်မှူးကြီးမြတ်ထွန်းဦးအနေနှင့် တရားဝင်လမ်းကြောင်းမှမဟုတ်ဘဲ ဆက်သွယ်လာခြင်း၊ စစ်ဖက်နှင့်သာ တွေ့ဆုံညှိနှိုင်းစကားပြောနိုင်မည်ဖြစ်ခြင်း၊ ဗိုလ်ချုပ်မြကို ကြိုတင်အသိပေး၊ ဎင်း၏ဆန္ဒကိုမရယူဘဲ ရန်ကုန်သို့ခေါ်ယူ၍ ဆေးကုပေးရန်စီစဉ်ခြင်းများသည် မူမှန်သောကိစ္စများမဟုတ်ချေ။

နအဖအနေနှင့် KNU နှင့် သဘောရိုးဖြင့်ဆွေးနွေးလိုပါက လက်ရှိစစ်ဆင်ရေးကို ရပ်ပစ်ရန်လိုသည်။ ကရင်ပြည်သူများအား သတ်ဖြတ်မောင်းထုတ်နေခြင်းကို ရပ်ပစ်ရန်လိုသည်။ KNU ကိုလည်းကောင်း၊ KNLA ကိုလည်းကောင်း၊ ကရင်အမျိုးသားများကိုလည်းကောင်း လေးစားရန်လိုသည်။ တရားဝင်သတ်မှတ်ထားသည့် ဆက်သွယ်ရေးလမ်းကြောင်းမှတဆင့် ဆက်သွယ်ဆောင်ရွက်ရန်လိုသည်။ သို့မှသာ အများတကာ၏ ယုံကြည်လက်ခံမှုကိုရနိုင်မည်ဖြစ်သည်။

နိဂုံးအနေဖြင့် KNU နှင့် ကရင်အမျိုးသားများသည် လွတ်လပ်မှု၊ တရားမျှတမှု၊ စည်းလုံးညီညွတ်မှု၊ ငြိမ်းချမ်းမှုများကို အပြင်းအထန်အလိုရှိကြသည်။ ဤရပ်တည်ချက်အတိုင်း တိုင်းရင်းသားလူမျိုးအားလုံး၊ ပြည်သူတရပ်လုံး၊ နိုင်ငံရေးပါတီအားလုံးနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။ တဆက်တည်းတွင် KNU ကိုလည်းကောင်း၊ ကရင့်တော်လှန်ရေးကိုလည်းကောင်း၊ ကရင်အမျိုးသားများကိုလည်းကောင်း စစ်ရေးဖြင့် မတရားအနိုင်ကျင့်ခြင်း၊ မလိုလားအပ်သောနည်းများနှင့် သပ်လျှိုဖြိုခွဲခြင်းများကို ဘယ်သောအခါမှ လက်ခံမည်မဟုတ်ချေ။ KNU အဖွဲ့ဝင်များအနေဖြင့်လည်းကောင်း၊ ကရင့်တော်လှန်ရေးအနေဖြင့်လည်းကောင်း၊ ကရင်အမျိုးသားများအနေဖြင့်လည်းကောင်း၊ နိုင်ငံရေးသတိ၊ စည်းရုံးရေးသတိရှိကြရန်၊ တော်လှန်ရေးစိတ်ဓာတ်ခိုင်မာကြရန်၊ နိုင်ငံရေးရပ်တည်ချက်ခိုင်မာကြရန်၊ မည်သူ၏ သပ်လျှိုဖြိုခွဲမှုကိုမျှ မခံကြရန်၊ စည်းလုံးကြရန်၊ ဆုံးခန်းတိုင်ဆက်လက်တိုက်ပွဲဝင် ကြိုးပမ်းကြရန် တိုက်တွန်းနှိုးဆော်လိုက်ပါသည်။

# အီတလီနိုင်ငံ၊ တူရင်းမြို့တွင်ကျင်းပသော မြန်မာပြည်ဒီမိုကရေစီရရှိရေးအတွက် မဟာဗျူဟာညှိနှိုင်းပွဲတရပ်နှင့်ပတ်သက်၍ အဲန်စီယူဘီတွဲဘက်အတွင်းရေးမှူး (၁) ဦးမြင့်သိန်းနှင့် မိုးကြိုးသတင်းစာတွေ့ဆုံမေးမြန်းခန်း



အဲန်စီယူဘီတွဲဘက်အတွင်းရေးမှူး (၁) ဦးမြင့်သိန်း

၁။ အီတလီနိုင်ငံ တူရင်းမြို့မှာ မြန်မာပြည်ဒီမိုကရေစီရရှိရေးအတွက် မဟာဗျူဟာညှိနှိုင်းပွဲတရပ်ကို ဇူလိုင်လအတွင်းက ကျင်းပခဲ့တယ်လို့ သိရပါတယ်။ ဘယ်အဖွဲ့တွေက အစည်းအဝေးတက်ရောက်သူ ဘယ်လောက်များများရှိပါသလဲ။

ဟုတ်ပါတယ်၊ အီတလီနိုင်ငံ တူရင်းမြို့ရဲ့ ကမ္ဘာ့ကုလသမဂ္ဂရဲ့ အိုင်အယ်လ်အိုအလုပ်သမားအဖွဲ့ချုပ်ကြီးရဲ့ သင်တန်းကျောင်းကြီးမှ ဇူလိုင်လ (၁၀) ရက်နေ့က (၁၅) ရက်နေ့အထိ (၆) ရက်တိုင်တိုင် မြန်မာပြည်ဒီမိုကရေစီရရှိရေး မဟာဗျူဟာညှိနှိုင်းအစည်းအဝေးတရပ်ကို အောင်မြင်စွာကျင်းပပြုလုပ်နိုင်ခဲ့ပါတယ်။

ဒီမဟာဗျူဟာညှိနှိုင်းအစည်းအဝေးကြီးကို တက်ရောက်ခဲ့ကြတဲ့အဖွဲ့အစည်းတွေကတော့– ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသမဂ္ဂ၊ တိုင်းရင်းသားအဖွဲ့အစည်းများမှ ခေါင်းဆောင်များ၊ မြန်မာနိုင်ငံအမျိုးသမီးများအဖွဲ့ချုပ်၊ လူငယ်ကျောင်းသားများကွန်ဂရက်တို့ ပါဝင်ပါတယ်ခင်ဗျား။

၂။ အစည်းအဝေးကို ဘယ်အဖွဲ့အစည်းက ကမကထပြု ဦးဆောင်ကျင်းပပေးခဲ့တာလဲ။

မြန်မာနိုင်ငံအလုပ်သမားသမဂ္ဂ FTUB နှင့်အီတလီနိုင်ငံမှ CISL တို့ ဥရောပရှိ အီတလီနိုင်ငံရောမမြို့မှာ ဘရာဇီးသမတ (လူလာ)နှင့် တွေ့ဆုံဆွေးနွေးမှုအရ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီနဲ့ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရအဖွဲ့တို့က နိုင်ငံတကာစည်းရုံးရေးလုပ်ငန်းစဉ်အဖြစ် ကမကထပြုပြီးကျင်းပနိုင်အောင်စီမံဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ အီတလီနိုင်ငံအလုပ်သမားသမဂ္ဂဖြစ်တဲ့ CISL က အီတလီနိုင်ငံရဲ့ နိုင်ငံခြားရေးဝန်ကြီးဌာနကိုတာဝန်ယူစည်းရုံးခဲ့တာဖြစ်တယ်။ ဒါကြောင့် အားလုံးပူးပေါင်းဦးဆောင်ခဲ့ကြတာကတော့ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ၊ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရအဖွဲ့နဲ့ အီတလီအလုပ်သမားသမဂ္ဂတို့ဖြစ်ပါတယ်။

တကယ်တန်း ဒီအစည်းအဝေးဖြစ်မြောက်အောင်မြင်ဖို့အတွက် ငွေကြေးအားဖြင့်လည်းကောင်း၊ အစစအရာရာအဆင်ပြေချောမွေ့စေဖို့အတွက် လူအားဖြင့်လည်းကောင်း၊ လိုအပ်တဲ့နေရာထိုင်ခင်း၊ သွားရေးလာရေးကိစ္စတွေအပါအဝင် အားလုံးကို တာဝန်ခံကူညီခဲ့တာကတော့ အီတလီနိုင်ငံအလုပ်သမားအဖွဲ့ချုပ် (ICSL) နဲ့ တာဝန်ခံဖြစ်တဲ့ မစ္စချီးရှေးလျားတို့ဖြစ်ပါတယ်ခင်ဗျား။

၃။ (MPU) အစည်းအဝေးလဲ အဲဒီမှာကျင်းပတယ်လို့ ကြားရတယ်။ ဘာတွေ ထူးခြားမှုရှိပါသလဲ။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့အစည်းအဝေး (MPU) ကို အဲဒီမှာကျင်းပခဲ့တယ်ဆိုတာ မှန်ပါတယ်ခင်ဗျား။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့အစည်းအဝေးမှာ– အဓိကအားဖြင့် လက်ရှိဖြစ်ပေါ်နေတဲ့ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးအခြေအနေများကို အလေးအနက်သုံးသပ်ဆွေးနွေးခဲ့ကြပါတယ်။ အဲဒီနောက်မှာ လက်ရှိပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့အနေနဲ့ ဖြစ်ပေါ်နေတဲ့ နိုင်ငံရေးအခြေအနေတွေနဲ့ လိုက်လျောညီထွေဖြစ်စေမဲ့ နိုင်ငံရေးလုပ်ငန်းစဉ်များကို ချမှတ်ခဲ့ကြပါတယ်။ သူတို့ရဲ့ အဓိကအမှုဆောင်ကော်မတီကိုလည်း အဖွဲ့ဝင် (၅) ဦး မူလရှိခဲ့ရာကနေပြီး နယ်စပ်ဒေသမှာ တကယ်တန်းအခြေပြုပြီး လက်တွေ့ပြည်သူနဲ့ နီးကပ်စွာလုပ်ငန်းများ တာဝန်ယူဆောင်ရွက်နိုင်မဲ့သူများကို ထပ်မံရွေးချယ်ပြီး အဖွဲ့ဝင် (၉) ဦးအထိ တိုးချဲ့ခဲ့တယ်လို့သိရပါတယ်။ အနာဂတ်ရှေ့လုပ်ငန်းစဉ်များကိုလည်း ပြင်ဆင်တိုးချဲ့ချမှတ်နိုင်ခဲ့ကြတယ်လို့ သိရပါတယ်။

နောက်တချက်ကတော့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ဒီနေ့ဖြစ်ပေါ်နေတဲ့ နိုင်ငံရေးအခြေအနေအောက်မှာ သူတို့ရဲ့ အဓိကလုပ်ငန်းစဉ်တွေဟာ ဘာတွေလဲ။ နောက် ဥရောပမှာရှိတဲ့ အစိုးရအဖွဲ့များနဲ့ကျနော်တို့ရဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့ကို မိတ်ဆက်ပေးလိုက်နိုင်တာလဲဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့ဟာ ၁၉၉၀ ပြည့် ရွေးကောက်ပွဲရလာဒ်ရဲ့ တရားဝင်ပြည်သူ့ကိုယ်စားလှယ်တွေဖြစ်သလို၊ ဒီနေ့ နိုင်ငံရေးလိုအပ်ချက်တွေနဲ့အညီ အဓိကအားဖြင့် တရားဥပဒေနဲ့အညီ၊ တရားဝင်မှုရှိတဲ့အဖွဲ့ဆိုတာကိုလည်း ဥရောပနိုင်ငံအစိုးရများကို တိုက်ရိုက်မိတ်ဆက်လိုက်ပြီး ရှေ့လုပ်ငန်းစဉ်တွေကို တရားဝင်လုပ်ကိုင်သွားနိုင်ဘို့လည်း ဖြစ်ပါတယ်။

အဲဒီနောက်မှာတော့ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရအဖွဲ့မှာလည်း၊ ယခင်က တရားရေးဝန်ကြီးတဦးဖြစ်ခဲ့တဲ့ မန္တလေးအနောက်တောင်မြို့နယ်မဲဆန္ဒနယ်မြေ (၂) ရဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဦးကို ဥပဒေနှင့်ဖွဲ့စည်းပုံအခြေခံဥပဒေရေးရာဝန်ကြီးအဖြစ် ဝန်ကြီးဌာနသစ်တခု တိုးချဲ့တာဝန်ပေးအပ်ခဲ့တယ်လို့လည်း ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရဝန်ကြီးချုပ်ဒေါက်တာစိန်ဝင်းက တရားဝင်ကြေညာခဲ့ပါတယ်။

၄။ မဟာဗျူဟာအစည်းအဝေးမှာ ဘာတွေဆွေးနွေးပြီး၊ ဘယ်လိုသဘောတူညီမှုတွေရရှိပါသလဲ။

ကျနော်တို့ကိုယ်စားလှယ်အဖွဲ့ရဲ့ဆောင်ရွက်နိုင်ခဲ့မှုအချို့ကိုအောက်ပါအတိုင်း အချက်အလက်များနဲ့တင်ပြလိုပါတယ်ခင်ဗျား....

၁။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့နဲ့ အီတလီဆီးနိတ်၊ ကွန်ဂရက်တို့အပါအဝင် သူတို့ရဲ့ အရေးကြီးတဲ့အစိတ်အပိုင်းများဖြစ်ကြတဲ့ ပါလီမန်ဝန်ထမ်းများကို မိတ်ဆက်ပေးနိုင်ခဲ့တယ်။ ဒါကတော့ ဘောစနီးယားနဲ့ အခြားဒီမိုကရေစီနိုင်ငံများမှာ ကျင့်သုံးခဲ့တဲ့နည်းလမ်းအတိုင်း လုပ်ဆောင်ခဲ့ခြင်းဖြစ်ပါတယ်။

၂။ ကျနော်တို့ရဲ့ ဒီမိုကရေစီလှုပ်ရှားမှုအတွက် အဓိကလုပ်ငန်းစဉ်နှစ်ခုလုပ်ဆောင်နိုင်ခဲ့တယ်လို့ ပြောရမှာဖြစ်တယ်။ အဲဒါတွေကတော့– တခုကတော့ အိုင်အယ်လ်အိုစင်တာ၊ ကမ္ဘာ့အလုပ်သမားအဖွဲ့ချုပ်ကြီးမှာ မိတ်ဆက်ပေးနိုင်ခဲ့ခြင်းနဲ့ တူရင်းတက္ကသိုလ်မှာ ကျနော်တို့ရဲ့လှုပ်ရှားမှုကို မှတ်တမ်းတင်နိုင်ခဲ့ခြင်းတို့ဖြစ်တယ်။

၃။ ကျနော်တို့ကိုယ်စားလှယ်အဖွဲ့ထဲက မြန်မာနိုင်ငံအမျိုးသမီးအဖွဲ့ချုပ်နဲ့ တူရင်းမြို့တော်ဝန်တို့ ဆက်စပ်နိုင်တဲ့အခြေအနေတခုကို တန်းတူညီမျှရေးဆိုင်ရာနှီးနှောဖလှယ်ပွဲတခုမှာတက်ရောက်ပြီး တည်ဆောက်နိုင်ခဲ့တယ်။ နောက်ပြီးတော့ တူရင်းနယ်မြေရှိ လှုပ်ရှားမှုတွေနဲ့ဆက်စပ်ပြီး အနာဂတ်လုပ်ငန်းစဉ်များအတွက် အထောက်အပံများရနိုင်ဖို့၊ လုပ်ငန်းစဉ်အသစ်များပူးပေါင်းလုပ်ဆောင်နိုင်ဖို့ အခြေအနေများရရှိခဲ့ပါတယ်။

၄။ UN ဝန်ထမ်းများကိုအထူးသဖြင့် သင်တန်းများပေးနေမှုအခြေအနေများ ILO သင်တန်းများပို့ချနေမှုအခြေအနေများကို လေ့လာနိုင်ခွင့်ရရှိခဲ့ပြီး မိမိတို့လှုပ်ရှားမှုအတွက် ဘယ်လိုအကျိုးရှိအောင်အသုံးပြုသွားမလဲဆိုတဲ့ အသိပညာများကို ကျနော်တို့ရဲ့ ကိုယ်စားလှယ်များကိုမိတ်ဆက်ပေးနိုင်ခဲ့ပါတယ်။

၅။ NCUB နှင့် NCGUB ကြားသဘောတူညီမှုအရ ကျနော်တို့ရဲ့ ဒီမိုကရေစီရေးလှုပ်ရှားမှုတွေကို တိုးမြှင့်ဖော်ဆောင်သွားနိုင်ဖို့နဲ့ NCUB နှင့် NCGUB ၏ ညွှန်ကြားချက်များအတိုင်း ဥရောပ၊ ဥရောပပါလီမန် (EP) နှင့် ဥရောပနိုင်ငံများ (EU) အကြား ဒီမိုကရေစီဆိုင်ရာလုပ်ဆောင်မှုများ ပိုမိုထိရောက်စွာဆောင်ရွက်ရန်အတွက် ရုံးတခုဖွင့်လှစ်သွားနိုင်ဖို့ အခြေအနေတခုရရှိခဲ့တယ်လို့ပြောနိုင်ပါတယ်။

၅။ ဥရောပနိုင်ငံတွေက မြန်မာအရေးကို အရှိန်အဟုန်မြှင့်ကူညီမယ်လို့ သိရတယ်။ ဘယ်လိုအကူအညီမျိုးတွေများ ဦးမြင့်သိန်းတို့အနေနဲ့ရခဲ့ပါသလဲ။

အခု ကျနော်တို့ကျင်းပပြုလုပ်ခဲ့တဲ့ အီတလီနိုင်ငံ တူရင်းအစည်းအဝေးမှာ ဥရောပနိုင်ငံတွေအနေနဲ့လည်း မြန်မာ့နိုင်ငံအရေးအပေါ် ယခုရှိနေတဲ့အနေအထားကနေပြီး အရှိန်အဟုန်မြှင့်ကူညီပေးသွားမယ်ဆိုတဲ့ ကတိကဝတ်ပြုမှုတွေအများကြီးရရှိခဲ့ပါတယ်။ အဲဒါတွေကတော့ အထက်မှာကျနော်ဖော်ပြခဲ့သလို– ကျနော်တို့ ဒီမိုကရေစီလှုပ်ရှားမှုအတွင်းက ခေါင်းဆောင်များရရှိခဲ့တဲ့အတွေ့အကြုံများ၊ ဆက်စပ်နိုင်ခဲ့မှုများကိုအခြေခံပြီး ကျနော်တို့ရဲ့လှုပ်ရှားမှုအရှိန်အဟုန်ကို မြှင့်တင်သွားနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။

၆။ ဥရောပတိုက်မှာ မြန်မာဒီမိုကရေစီလှုပ်ရှားမှုအတွက် ရုံးတရုံးကိုဖွင့်ပေးမယ်လို့ ပြောသံကြားရပါတယ်။ အဲဒီကိစ္စကိုလဲ ပြောချင်တာရှိရင် ပြောပြပေးပါ။

ဟုတ်ပါတယ်ခင်ဗျား– ဥရောပမှာ မြန်မာ့ဒီမိုကရေစီရေးလှုပ်ရှားမှုပိုမိုတိုးမြှင့်နိုင်ဖို့အတွက် ရုံးတရုံးကိုဖွင့်လှစ်နိုင်အောင်ကူညီပေးမယ်ဆိုတဲ့ သဘောတူညီချက်ရခဲ့ပါတယ်။ အဲဒီ မြန်မာ့အရေးလှုပ်ရှားမှုရုံးကိုလည်း ကမ္ဘာ့ကုလသမဂ္ဂရုံးစိုက်တဲ့နေရာမှာ ဖွင့်နိုင်ဖို့လိုအပ်တဲ့ အကူအညီများပေးသွားမယ်လို့ ကတိပေးပါတယ်။ ဒီကိစ္စဟာ ကျနော်တို့ မြန်မာဒီမိုကရေစီရေးလှုပ်ရှားမှုအတွက် အင်မတန်မှကြီးမားတဲ့ အခွင့်အလမ်းတခုဖြစ်ပါတယ်။ ကျနော်တို့ မြန်မာ့အရေးလှုပ်ရှားမှုတွေနဲ့၊ မြန်မာနိုင်ငံမှာ နိစ္စဓူဝဖြစ်ပေါ်နေတဲ့ ကျနော်တို့နိုင်ငံသားများရဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေကို အဲဒီရုံးကအခြေပြုပြီး ကမ္ဘာ့ကုလသမဂ္ဂကြီးနဲ့ နိုင်ငံတကာသိအောင် လုပ်သွားနိုင်တော့မှာဖြစ်ပါတယ်။ နောက်ပြီး ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီက အရေးယူဆောင်ရွက်နိုင်မဲ့အခြေအနေများကိုလည်း၊ တိုးမြှင့်လုပ်ဆောင်သွားနိုင်မဲ့အလားအလာတွေများစွာဖြစ်ပေါ်လာနိုင်ပြီလို့ ပြောရမှာဖြစ်တဲ့အတွက် ကြီးမားတဲ့အောင်မြင်မှုတခုဖြစ်ပါတယ်။ ယခင်က ကျနော်တို့ အတိုက်အခံအင်အားစုများအတွက် မရရှိသေးတဲ့အခွင့်အရေးကြီးတခုလို့လည်း ပြောရမှာဖြစ်ပါတယ်ခင်ဗျား ....။

❖

## မျက်နှာဖုံးသတင်းမှ

တထောင်ကျော်တက်ရောက်သော အခမ်းအနားအပြီးတွင် အဖွဲ့ချုပ်ကကြေညာချက်တစောင်ထုတ်ပြန်ခဲ့ပြီး နိုင်ငံရေးအရ ကန့်သတ်ချက်မှုများကို ရုပ်သိမ်းပေးရန်၊ ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦး၊ ခွန်ထွန်းဦး၊ စိုင်းညွန့်လွင်နှင့် နိုင်ငံရေးအကျဉ်းသားများပြန်လွှတ်ပေးရေးတောင်းဆိုခဲ့သည်။

မန္တလေး၊ မကွေး၊ မိတ္ထီလာ၊ တောင်တွင်းကြီး၊ ရေနံချောင်း၊ အောင်လံနှင့်အခြားပြည်နယ်တိုင်းအသီးသီးတွင်လည်း အာဇာနည်နေ့ မလုပ်ရ၊ ဗိုလ်ချုပ်ပန်းခြံမသွားရ၊ ဗိုလ်ချုပ်ကြေးရုပ်အလေးမပြုရ၊ ဗိုလ်ချုပ်ကျောက်တိုင်အလေးမပြုရစသော အာဏာပိုင်များထုတ်ပြန်ထားသော အမိန့်ကိုဖီဆန်၍ အဖွဲ့ချုပ်ဝင်များသည် ကျဆုံးအာဇာနည်းများအားအလေးပြုခြင်း၊ ခေါင်းဆောင်များအားရည်စူး၍ ရဟန်းတော်များအား ဆွမ်းကပ်လှူခြင်း၊ အမျှအတမ်းဝေခြင်းစသော ကောင်းမှုကုသိုလ်များပြုလုပ်နိုင်ခဲ့ကြောင်း သိရှိရသည်။

နအဖက အကျဉ်းရုန်းပြုလုပ်သော နိုင်ငံတော်အခမ်းအနားသို့ နအဖရဲချုပ်ခင်ရီနှင့် ယဉ်ကျေးမှုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးတို့သာတက်ရောက်ခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်၏အစ်ကိုတော်သူ ဦးအောင်ဆန်းဦးနှင့် ဇနီးတို့လည်း အာဇာနည်ဗိမာန်ရှိ ဗိုလ်ချုပ်အောင်ဆန်း၏ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချခဲ့သည်။

❖

# ပြည်သူ့လွှတ်တော်အမတ်များနှင့် ကေအဲန်ပီပီခေါင်းဆောင်များတွေ့ဆုံ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားရန်ဆွေးနွေး



ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ကေအဲန်ပီပီခေါင်းဆောင်များတွေ့ဆုံနေစဉ်

MPU ဒုဥက္ကဋ္ဌ ဦးပီတာလင်းပင်နှင့် အတွင်းရေးမှူး ဒေါ်စန်းစန်းတို့ခေါင်းဆောင်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် KNPP ဥက္ကဋ္ဌ ထဲဘူးဖဲနှင့် အတွင်းရေးမှူး (၁) ဦးမွန်ထူးတို့ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ ဩဂုတ်လ (၂) ရက်က လွတ်မြောက်နယ်မြေတနေရာ၌ တွေ့ဆုံဆွေးနွေးကြပြီး လက်ရှိနိုင်ငံရေးအခြေအနေများအပေါ် အမြင်ချင်းဖလှယ်ကြသည်ဟု သိရှိရသည်။

(၅) နာရီကြာကျင်းပသော တွေ့ဆုံဆွေးနွေးပွဲတွင် ပူးပေါင်းဆောင်ရွက်နိုင်သည့်ကိစ္စရပ်များတွင် ပိုမိုတိုးမြှင့်၍ ပူးပေါင်းဆောင်ရွက်ကြရန် သဘောတူညီကြသည်ဟု MPU အဖွဲ့ဝင် ဦးချစ်တင်မှထုတ်ဖော်ပြောကြားသည်။ အီတလီနိုင်ငံ တူရင်းမြို့တွင်ပြီးခဲ့သည့် လလယ်ကကျင်းပခဲ့သော MPU အစည်းအဝေးနှင့်စပ်လျဉ်း၍လည်း KNPP ခေါင်းဆောင်ကြီးများသို့ ရှင်းလင်းပြောကြားခဲ့သည်ဟုဆိုသည်။ 'စစ်ရေး'နှင့်ပတ်သက်သော အခြေအနေများကိုလည်း ဆွေးနွေးညှိနှိုင်းကြကြောင်း သတင်းရရှိသည်။

❖

# အဲန်အယ်လ်ဒီအယ်လ်အေတွင် အတွင်းပဋိပက္ခဖြေရှင်းရေးသင်တန်းဖွင့်လှစ်



အဲန်အယ်လ်ဒီအယ်လ်အေ အစည်းအဝေးတခု

IRI နှင့် NLD-LA တို့၏ ပူးတွဲစီမံချက်အဖြစ် အတွင်းပဋိပက္ခဖြေရှင်းရေးသင်တန်းကို NLD-LA ဌာနချုပ်ရုံးရဲ့ ဇွန်လ (၁၁) ရက်နေ့မှ (၁၃) ရက်နေ့အထိ (၃) ရက်ကြာ ကျင်းပခဲ့ရာ ဥက္ကဋ္ဌဦးတင်အောင်အမှူးပြုသော SIC အဖွဲ့ဝင်များ၊ အခြားအဖွဲ့ချုပ်ကိုလွတ်မြောက်နယ်မြေ ခေါင်းဆောင်အချို့နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ခဲ့သည်ဟု သိရှိရသည်။

Resource Person အဖြစ် အမေရိကန်ပြည်ထောင်စု၊ ဖလော်ရီဒါပြည်နယ် ပြည်နယ်အောက်လွှတ်တော်အမတ် Mrs. Leslie Waters မှ ပါဝင်ကူညီခဲ့သည်။ ယင်းသင်တန်းသို့ IRIမှMrs. Linneaနှင့် Mr. Chris တို့ပါ ပါဝင်တက်ရောက်သည်ဟုသိရှိရသည်။ ယင်းသင်တန်းနှင့်စပ်လျဉ်း၍ NLD-LA ခေါင်းဆောင်တဦးဖြစ်သူ ဦးထွန်းအောင်ကျော်က "ကျနော်တို့အတွက် အင်မတန်မှ အကျိုးရှိတဲ့သင်တန်းပါ။ အဖွဲ့အစည်းတွေမှာ ပြဿနာတွေရှိနေတာက သဘာဝကျတယ်။ ဒီပြဿနာတွေကို ဘယ်လိုဖြေရှင်းရမယ်ဆို တာသိဖို့က ခေါင်းဆောင်တွေရဲ့အရည်အချင်းပါ" ဟု 'မိုးကြိုး'သို့ ထုတ်ဖော်ပြောကြား ခဲ့သည်။ ၎င်းသင်တန်းတွင် ခေါင်းဆောင်မှု ဆိုင်ရာအရည်အသွေးများ မည်သို့ရှိသင့်သည် ကို ထုတ်ဖော်ဆွေးနွေးကြကြောင်းလည်းသိရှိရသည်။ ❖

# စစ်လက်နက်ပစ္စည်းများတင်ဆောင်လာသော မြောက်ကိုရီးယားသင်္ဘောဆိုက် နေပြည်တော်သို့ လက်နက်သယ်ယူ

စစ်လက်နက်ပစ္စည်းများနှင့် စက်ရုံသုံးပစ္စည်းအမြောက်အမြား တင်ဆောင်လာသည့် မြောက်ကိုရီးယားသင်္ဘောတစင်း ယခုဇူလိုင်လ (၇) ရက်နေ့က ရန်ကုန်မြို့ ရေဝတီရေတပ်စခန်းဌာနချုပ်သို့ ဆိုက်ရောက်လာပြီး ထိုပစ္စည်းများကို ရထားတွဲများဖြင့် နေပြည်တော်သို့ သယ်ဆောင်သွားကြောင်း နေပြည်တော်ဌာနချုပ်မှ အမည်မဖော်လိုသူ စစ်အရာရှိတဦးက ပြောဆိုသည်။

၎င်းက ' အခုသင်္ဘောက မြောက်ကိုရီးယားက စစ်လက်နက်တွေနဲ့ စက်ရုံသုံးပစ္စည်းတွေ တင်ဆောင်လာတာဖြစ်တယ်'ဟု ပြောသည်။

မည်သည့် စစ်လက်နက်အမျိုးအစားများဖြစ်ပြီး စက်ရုံသုံးပစ္စည်းများသည်လည်း မည်သည့်စက်ရုံအတွက်ဖြစ်သည်ကိုမူ မသိရှိရကြောင်း၊ ၎င်းမှာ ယင်းပစ္စည်းများကို မီးရထားတွဲများနှင့် နေပြည်တော်စစ်ဌာနချုပ်အရောက်သယ်ဆောင်ရန် တာဝန်နှင့် ရန်ကုန်ကိုလာခြင်းသာဖြစ်ကြောင်း ထိုအရာရှိကပြောသည်။

ရန်ကုန်မြို့ ရေဝတီရေတပ်စခန်းဌာနချုပ်တွင် ကုန်သင်္ဘောတစီး ဆိုက်ကပ်ထားကြောင်း၊ မြောက်ကိုရီးယား အလံလွှင့်ထူမထားသော်လည်း သင်္ဘောတွင်ပါလာသူများက ကိုရီးယားစကားပြောဆိုသည်ကို ကြားရကြောင်း ကုန်တင်ကုန်ချကြီးကြပ်ရေးတာဝန်ခံတဦးက ပြောသည်။

၎င်းကပြောဆိုရာတွင် 'ကုန်ပစ္စည်းတွေကို ညဘက် (၁၀း၀၀) နာရီကနေ မနက် (၃း၀၀) နာရီလောက်အထိချပြီး ရထားတွဲတွေပေါ်တင်တယ်။ ရထားတွဲတွေနဲ့ တညလုံး အခေါက်ခေါက်အခါခါ သယ်တယ်။ ဘာပစ္စည်းဆိုတာတော့မသိဘူး။ မမေးရဲဘူး' ဟု ပြောသည်။

အဆိုပါသင်္ဘောပေါ်သို့ မြန်မာနိုင်ငံမှ ကုန်ပစ္စည်းပြန်တင်ဆောင်မည်ဟု သိရသော်လည်း မည်သည့်ကုန်ပစ္စည်းများဖြစ်သည်ကိုမူ မသိရသေးဟုလည်း ၎င်းကပြောဆိုသည်။

နအဖစစ်အုပ်စုသည် မြောက်ကိုရီးယားနိုင်ငံမှ နျူကလီးယားလက်နက်တပ်ဆင်ရေးနည်းပညာဝယ်ယူရန် ကြိုးစားခဲ့သည်ဟု ယခုလ (၄)ရက်ထုတ်"The Australian" သတင်းစာတွင်ဖော်ပြသည်။

နအဖစစ်အုပ်စုသည် မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်များ၊ အမြောက်များနှင့် လက်နက်များကို မြောက်ကိုရီးယားထံမှရရှိခဲ့ပြီး စကဒ် ဒုံးကျည်နည်းပညာဝယ်ယူရန်လည်း တောင်းဆိုခဲ့သည်ဟု အနောက်တိုင်းထောက်လှမ်းရေးအေဂျင်စီများက ယုံကြည်ထားသည်။ ❖

# အာဆီယံလွှတ်တော်အမတ်များအစည်းအဝေးသို့ မြန်မာ့ဒီမိုကရေစီအင်အားစုများတက်ရောက် ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် မြန်မာ့အရေး လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်ချရေးအလေးပေးဆွေးနွေး



ဒေါ်စန်းစန်း

မြန်မာပြည်အရေးနှင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးဆိုင်ရာ အာဆီယံနိုင်ငံများမှ လွှတ်တော်အမတ်များအစည်းအဝေးကို မလေးရှားနိုင်ငံကွာလာလမ်ပူ၌ ဇူလိုင်လ (၂၁) ရက်နေ့မှ (၂၂) ရက်နေ့အထိ နှစ်ရက်ကြာ ကျင်းပခဲ့သည်။

အဆိုပါအစည်းအဝေးသို့ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူနှင့်ထိုင်းနိုင်ငံများမှ ဥပဒေပြုအမတ်များအပြင် နယူးဇီလန်နှင့်ဩစတြေးလျနိုင်ငံများမှ ဒီမိုကရေစီအရေးထောက်ခံသူများလည်း တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေး၊ မြန်မာနိုင်ငံဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနှင့် မြန်မာ့အရေးကို လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်ချရေးတို့ကို အလေးပေးဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့တက်ရောက်ခဲ့သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့၏ အတွင်းရေးမှူး ဒေါ်စန်းစန်းက မြန်မာ့အရေးကို လုံခြုံရေးကောင်စီကဲ့သို့သော ကမ္ဘာ့အဖွဲ့အစည်းတရပ်က ဖြေရှင်းပေးမည့်နည်းလမ်းသည် အသင့်တော်ဆုံးဖြစ်သည်ဟု ပြောသည်။

အချိန်ကြာမြင့်စွာ အကြပ်အတည်းနှင့် ရင်ဆိုင်နေရသော မြန်မာ့နိုင်ငံရေးအကြပ်အတည်းကို ကုလသမဂ္ဂက ကြားဝင်ဖြေရှင်းရေးအတွက် အာဆီယံက မည်သို့သောကြိုးပမ်းမှုမျိုးကိုမဆို ပြည်သူ့လွှတ်တော်များအဖွဲ့ကလက်ခံကြောင်း ဒေါ်စန်းစန်းကပြောသည်။

အစည်းအဝေးသို့ လွှတ်တော်အမတ်များဖြစ်သော ဒေါ်စန်းစန်း၊ ဦးဘိုလှတင့်၊ ဒေါက်တာ စန်းအောင်၊ ဦးမောင်မောင်လတ်၊ ကေအဲန်ယူခေါင်းဆောင် ပဒိုဒေးဗစ်ထော၊ မြန်မာ့အမျိုးသမီးသမဂ္ဂမှ မိဆူးပွင့်၊ ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့မှ ခေါင်းဆောင် ဒေါ်ခင်ဥမ္မာ၊ ရှမ်းအမျိုးသမီးအဖွဲ့မှ နန်းစိုင်နောင်တို့လည်းတက်ရောက်ခဲ့သည်။

❖

# အိမ်ပြန်သွားသည်ဆိုသော ဂျော်နီ

ဘုရားသခင်တပ်မတော် (God Army) ကိုတည်ထောင်ခဲ့သူ ဂျော်နီထူးနှင့်လူသာထူး အမြွှာညီအစ်ကိုနှစ်ဦးအနက်မှ ညီဖြစ်သူ ဂျော်နီထူးသည် ၎င်း၏ဖခင် စောဖျော်ဘိုးအပါအဝင် အဖွဲ့ဝင် (၄) ဦးနှင့်အတူ ဇူလိုင်လ (၁၇) ရက်နေ့က နအဖထံ လက်နက်ချခဲ့သည်။ (၂၀၀၀) ခုနှစ် အစောပိုင်းကာလက နအဖတပ်များကို တိုက်ခိုက်ရာတွင်လက်သံပြောင်ခဲ့သော ဘုရားသခင်တပ်မတော်သည် (၂၀၀၀) ပြည့်နှစ် ဇန်နဝါရီလက ရပ်ချ်ဘူရီဆေးရုံစီးနင်းမှုတွင် ထိုင်းစစ်တပ်၏ အလစ်တိုက်ခိုက်ခံရပြီးနောက် အကျအဆုံးများဖြင့် ထိုင်းအစိုးရထံ လက်နက်ချလိုက်ရသည်။ ထို့နောက် တပ်ဖွဲ့ဝင်များသည် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ အကူအညီဖြင့် ထိုင်းနိုင်ငံ စံခလဘူရီနယ်မြေရှိ ဘန်ဒုံးယမ်းဒုက္ခသည်စခန်းတွင် နေထိုင်ခဲ့ကြသည်။ ယခုအခါ အသက် (၁၈) နှစ်ရှိပြီ ဖြစ်သော ဂျော်နီထူးနှင့်အဖွဲ့ဝင်များ လက်နက်ချခြင်းကို မီဒီယာများတွင် အိမ်ပြန်သွားသောဂျော်နီအဖြစ် အသားပေးဖော်ပြသည်။ ❖



အိမ်ပြန်သွားသော ဂျော်နီထူး (အလယ်)

# ရောဂါ (၃) မျိုး ဒေါ်လာသန်း (၁၀၀) နှင့် လူသန်း (၅၀)

**သတင်းဆောင်းပါး**



မြန်မာလူထုအသက်ပေါင်းများစွာကို ခြိမ်းခြောက်နေသော အေ့ဒ်စ်ရောဂါ၊ တီဘီနှင့်ငှက်ဖျားရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများတွင် အရေးတကြီးလိုအပ်နေသော ငွေကြေးထောက်ပံ့ရေးအစီအစဉ်အတွက် အလှူရှင်နိုင်ငံများသည် ယခုအခါ ခေါင်းချင်းဆိုင်လျက်ရှိသည်။

ဥရောပနိုင်ငံအများစုပါဝင်သော အလှူရှင်နိုင်ငံများ၏ အဆိုပါ ဒေါ်လာသန်း(၁၀၀) ထောက်ပံ့မည့်အစီအစဉ်သည် ပြီးခဲ့သည့် အောက်တိုဘာလက စစ်အာဏာပိုင်များ၏ ကန့်သတ်အနှောင့်အယှက်ပေးမှုများကြောင့် မြန်မာနိုင်ငံတွင် လုပ်ငန်းများအကောင်အထည်ဖော်မရဘဲပြန်လည် ထွက်ခွာသွားသောဂလိုဘယ်ဖန်း၏ ကျန်းမာရေးအထောက်အပံ့နေရာတွင် အစားထိုးရန် ရည်ရွယ်ခြင်းဖြစ်သည်။

ရောဂါသုံးမျိုးရံပုံငွေ (သရီးဒီ) ၏ အလှူရှင်များသည် ကမ္ဘာ့အလျှို့ဝှက်ဆုံး အာဏာရှင်အုပ်စိုးသော မြန်မာနိုင်ငံသို့ပေးအပ်မည့် ၎င်းတို့၏ ငွေကြေးထောက်ပံ့ရေး အစီအစဉ်အတွက် အပြီးသတ်ဆွေးနွေးမှုများပြုလုပ်လျက်ရှိပြီး မှန်ကန်ထိရောက်သောနည်းလမ်းဖြင့် လုပ်ငန်းလည်ပတ်နိုင်ရေးနည်းလမ်းများကိုလည်း ဆက်လက်ရှာဖွေကြမည်ဖြစ်သည်။

“အလှူရှင်နိုင်ငံများရဲ့ ဆွေးနွေးမှုကနည်းလမ်းတခု ရှာဖွေနိုင်မယ်လို့မျှော်လင့်ပါတယ်။ ဒါပေမယ့် ဒီလိုကောင်းမွန်တဲ့ရည်ရွယ်ချက်တွေဟာ လက်တွေ့ဖြစ်ပျက်နေတဲ့ အကြောင်းအချက်တွေကြောင့်ပဲ ပျက်စီးသွားမှာကိုတော့ ကျနော်တို့မလိုလားပါဘူး” ဟု လန်ဒန်အခြေစိုက် မြန်မာအရေးလှုပ်ရှားမှုအဖွဲ့မှ မာခ်ဖမ်းမားနားကပြောသည်။

ဆက်လက်၍ ပြည်သူလူထုအကျိုးကို လျစ်လျူရှုထားသောစစ်အုပ်စုသည် လူထုအတွက်ထောက်ပံ့သော ပြည်ပအကူအညီများကို ၎င်းတို့၏ဝင်ငွေရပေါက်ရလမ်းတခုအဖြစ် တလွဲသဘောထားနေသည်ဟု သူကဆိုသည်။

စစ်အုပ်စုသည် ၎င်းတို့ကျူးလွန်နေသော လူ့အခွင့်အရေးမှတ်တမ်းများနှင့် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ဖမ်းဆီးထားမှုများကြောင့် ကမ္ဘာ့အသိုင်းအဝိုင်းက အတန်ကြာဝိုင်းပယ်ထားခဲ့ပြီး၊ စစ်အုပ်စိုးသူ လက်အောက်မှ မြန်မာနိုင်ငံသည်လည်း နိုင်ငံခြားအကူအညီများ မဆိုစလောက်သာရရှိခဲ့သည်။

ဒေသတွင်း နိုင်ငံများဖြစ်သော ကမ္ဘောဒီယား၊ ဗီယက်နမ်နှင့်လာအိုနိုင်ငံများရှိ လူတဦးချင်းစီသည် ပြည်ပငွေကြေးအထောက်အပံ့များမှ အမေရိကန်ဒေါ်လာ (၄၇)၊ (၃၃)၊ (၆၃) ကျစီ ခံစားခွင့်ရရှိနေချိန်တွင် မြန်မာနိုင်ငံသားတဦးသည် (၂) ဒေါ်လာခွဲသာ ခံစားနေရသည်။

၎င်းပမာဏသည် ဆင်းရဲသောနိုင်ငံအများစုတွင် လူတဦးချင်းခံစားခွင့်ရနေသော (၁၄) ဒေါ်လာနှင့်လည်း အလွန်ကွာဟနေသေးသည်။

နိုင်ငံတော်အသုံးစရိတ်၏ (၄၀) ရာခိုင်နှုန်းကို စစ်တပ်အတွက်အသုံးပြုနေသော နအဖသည် ပြည်သူလူထု၏ကျန်းမာရေးစောင့်ရှောက်မှုအတွက် (၃) ရာခိုင်နှုန်းသာ အသုံးပြုသဖြင့် သန်း (၅၀) ကျော်သောလူထုသည် အရှေ့တောင်အာရှတွင် ရောဂါကူးစက်မှုဒဏ် အများဆုံးနှင့် အဆိုးဆုံးခံစားနေရရှာသည်။

မြန်မာနိုင်ငံတွင် အသက် (၅) နှစ်အောက်ကလေး (၃) ထောင်ကျော်သည် ငှက်ဖျားရောဂါကြောင့် နှစ်စဉ်သေဆုံးနေပြီး နယ်စပ်ဒေသများတွင် ကူးစက်ပျံ့နှံ့နေသော ဆေးမတိုးသော ငှက်ဖျားရောဂါမျိုးသစ်များသည်လည်း လူ့အသက်ပေါင်းများစွာကို ခြိမ်းခြောက်လျက်ရှိသည်။

အလားတူ တီဘီရောဂါကြောင့် နှစ်စဉ်သေဆုံးရသူစုစုပေါင်းမှာ (၁၂၀၀၀) ကျော်ရှိနေပြီး၊ အစိုးရ၏ ကျန်းမာရေးစောင့်ရှောက်မှုညံ့ဖျင်းမှုနှင့် အဆင့်မမီဆေးဝါးအသုံးပြုမှုများကြောင့် လောလောဆယ်တွင် စိုးရိမ်ရသည့်အခြေအနေနှင့် ရင်ဆိုင်နေရသည်။

ကုလသမဂ္ဂ၏ခန့်မှန်းချက်အရ မြန်မာနိုင်ငံတွင် အေ့ဒ်စ် (အေအိုင်ဒီအက်စ်) ရောဂါပိုးရှိသူ (၃) သိန်းခွဲကျော်ရှိနေပြီး ကျန်းမာရေးစောင့်ရှောက်မှုများ အရေးတကြီးများလိုအပ်နေသည်ဟု ကုလသမဂ္ဂအေ့ဒ်စ်ရောဂါတိုက်ဖျက်ရေးအဖွဲ့က သတိပေးထားသည်။

ဩစတြေးလျ၊ နယ်သာလန်၊ နော်ဝေ၊ ဆွီဒင်၊ ဗြိတိန်နှင့်ဥရောပကော်မရှင်တို့ ပါဝင်သောအလှူရှင်နိုင်ငံများသည် မြန်မာနိုင်ငံတွင် အေ့ဒ်စ်ရောဂါ၊ ငှက်ဖျားရောဂါနှင့် တီဘီရောဂါသုံးမျိုးတိုက်ဖျက်ရေးလုပ်ငန်းများအတွက် (၅) နှစ်အတွင်း ဒေါ်လာသန်း (၁၀၀) ထောက်ပံ့ရန် ရည်ရွယ်ထားသည်။

၎င်းရန်ပုံငွေကို နိုင်ငံတကာနှင့် ပြည်တွင်းမှအစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ကုလသမဂ္ဂနှင့် အစိုးရကူညီထောက်ပံ့ရေးအဖွဲ့အစည်းများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် အသုံးပြုမည်ဟု အလှူရှင်နိုင်ငံများ၏ မကြာသေးခင်က ထုတ်ပြန်သောပူးတွဲကြေညာချက်တွင် ဖော်ပြထားသည်။

နအဖ၏ ကျန်းမာရေးဝန်ကြီးဌာနသည် အဆိုပါကျန်းမာရေးလုပ်ငန်းများတွင် ဦးဆောင်ဦးရွက်ပြုရမည်ဖြစ်ပြီး လိုအပ်သောငွေပမာဏကိုလည်း ဘဏ္ဍာငွေထောက်ပံ့ရေးအဖွဲ့ထံ တောင်းခံရမည်ဖြစ်သည်။

ဘဏ္ဍာငွေထောက်ပံ့ရေးအဖွဲ့တွင် သီးခြားဘုတ်အဖွဲ့တဖွဲ့ကို ဖွဲ့စည်းထားမည့်အပြင် ကုလသမဂ္ဂက ခန့်အပ်သောကြီးကြပ်ရေးမှူးတဦးက လုပ်ငန်းလည်ပတ်ရေးအတွက် လိုအပ်သော ငွေကြေးဆိုင်ရာအစီအမံများကို နေ့စဉ်စီစဉ်ပေးသွားမည်ဖြစ်သည်။

“ရောဂါသုံးမျိုးတိုက်ဖျက်ရေးအစီအစဉ်ရန်ပုံငွေကို မြင်သာပွင့်လင်းမှု၊ တာဝန်ခံမှုနှင့် မျှတမှုရှိအောင် စနစ်တကျစီမံထားပြီးဖြစ်သည်”ဟု အလှူရှင်နိုင်ငံများ၏ ပူးတွဲကြေညာချက်ကဆိုသည်။

ဝေဖန်သူများက အလှူရှင်နိုင်ငံများသည် ဂလိုဘယ်ဖန်းအဖွဲ့ကြီးရင်ဆိုင်ခဲ့ရသော ကန့်သတ်ခံရမှုမျိုးကို မည်သို့ကျော်နင်းနိုင်မည်ဆိုသော ၎င်းတို့၏အစီအစဉ်ကို ချပြသင့်သည်ဟုဆိုသည်။

စစ်အုပ်စုသည် ပြီးခဲ့သည့် ဖေဖော်ဝါရီလကပင် ပြည်ပအဲန်ဂျီအိုများ၏ ကွင်းဆင်းခရီးသွားလာခွင့်နှင့် စီမံကိန်းပစ္စည်းသယ်ယူမှုများအပေါ် တင်းကြပ်သောစည်းကမ်းသစ်များထုတ်ပြန်ထားသေးသည်၊

ကုသမဂ္ဂအေဂျင်စီများက မြန်မာနိုင်ငံ၌ လုပ်ငန်းဆောင်ရွက်ရာတွင် အခက်အခဲနှင့် အဆင်မပြေသောဝန်းကျင်များ ဝိုင်းရံနေသဖြင့် ၎င်းတို့ကိုဖြတ်ကျော်၍ ဖြစ်မြောက်အောင်ဆောင်ရွက်နေရသည်မှာ မလွယ်ကူကြောင်း ဝန်ခံပြောကြားကြသည်။

သို့သော် မြန်မာနိုင်ငံတွင် အဲန်ဂျီအိုလုပ်ငန်း လုပ်ကိုင်နေသော နိုင်ငံခြားသားတဦးက မည်သို့ပင် အားနည်းချက်များရှိနေသော်လည်း မြန်မာနိုင်ငံတွင် ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားနေသော လူထု၏အကြပ်အတည်းများကို ယခုအတိုင်းလျစ်လျူမရှုသင့်ဟုဆိုသည်။ ထို့အပြင် လူသားချင်းစာနာသည့် အကူအညီကြောင့် နိုင်ငံရေးအပြောင်းအလဲကို နှောင့်နှေးသည့် အထောက်အထားများမရှိသေးဟုလည်း သူကဆိုသေးသည်။

❖

( Darren Schuettler ၏ သတင်းဆောင်းပါးကို ဆီလျော်အောင်ဘာသာပြန်ပါသည်)

# နအဖစစ်အုပ်စုအပေါ် အမေရိကန်ပြည်ထောင်စု၏ စီးပွားရေးဒဏ်ခတ်မှု နောက်ထပ်သက်တမ်း (၃)နှစ်ထပ်တိုး



ဂျော့ဒဗလျူဘုရှ်

မြန်မာနိုင်ငံတွင် ဒီမိုကရေစီအစပျိုးရန် ခြေလှမ်းသစ် စတင်သည့်အရိပ်လက္ခဏာ မတွေ့ရသေးသည့်အတွက် နအဖစစ်အုပ်စုကို စီးပွားရေးဒဏ်ခတ်ပိတ်ဆို့သည့်ဥပဒေကို အမေရိကန်အစိုးရက နောက်ထပ်သက်တမ်း (၃) နှစ် ထပ်မံတိုးလိုက်သည်။

ဇူလိုင် (၁၁) ရက်ညပိုင်းက ပြုလုပ်သည့် အောက်လွှတ်တော်ကြားနာပွဲတွင် ယခုလိုဆုံးဖြတ်ချက်ချခဲ့ခြင်းဖြစ်ပြီး လာမည့်ရှေ့သီတင်းပတ်အတွင်း အထက်လွှတ်တော်က အတည်ပြုပြီးပါက သမတဘုရှ်က ဇူလိုင်လ (၂၇) ရက်နေ့မတိုင်မီ တရားဝင်အမိန့်ထုတ်ပြန်မည်ဖြစ်သည်။

ယခု သက်တမ်းတိုးလိုက်သည့်ဥပဒေသည် ၂၀၀၃ ခုနှစ် မေ (၃၀) ဒီပဲယင်းအရေးအခင်းအပြီး မြန်မာစစ်အုပ်စုကို အရေးယူသည့်အနေဖြင့် စီးပွားရေးအရ ပိတ်ဆို့အရေးယူရန် ပြဋ္ဌာန်းခဲ့သည့် မြန်မာပြည်လွတ်မြောက်ရေးနှင့် ဒီမိုကရေစီအက်ဥပဒေဖြစ်သည်။ ထိုဥပဒေတွင် မြန်မာနိုင်ငံမှ တင်သွင်းသည့်ကုန်ပစ္စည်းများကို ကန့်သတ်ပိတ်ပင်ရန်အဓိကပါဝင်ပြီး အမေရိကန်နိုင်ငံအတွင်းသို့ နအဖစစ်အုပ်ခေါင်းဆောင်များနှင့် ၎င်းတို့၏မိသားစုများအား ဝင်ထွက်ခြင်းမပြုရသည့် ကန့်သတ်ချုပ်ခြယ်မှုလည်း ပါဝင်သည်။ ထို့ပြင် အမေရိကန်ပြည်ထောင်စုနှင့် နအဖစစ်အုပ်စုအကြား ငွေကြေးအားဖြင့် ပတ်သက်ဆက်ဆံခြင်းကို လုံးဝခွင့်မပြုသည့်အချက်လည်းပါဝင်သည်။ ထိုဥပဒေသည် မြန်မာနိုင်ငံ၏ဒီမိုကရေစီဖြစ်စဉ်ကို စောင့်ကြည့်နေပြီး ပြောင်းလဲတိုးတက်လာခြင်းမရှိပါက တနှစ်တခါ သက်တမ်းတိုးအရေးယူသည့်ဥပဒေလည်း ဖြစ်သည်။

ယခုနှစ်တွင် အဆိုပါဥပဒေကို သက်တမ်းရေးအတွက် အောက်လွှတ်တော်အမတ်များဖြစ်သည့် ဘွန်နန်တို့စ်နှင့် ပီတာကင်းတို့က ဦးဆောင်ပြီးအဆိုပြုခဲ့ခြင်းဖြစ်ပြီး အထက်လွှတ်တော်တွင်လည်း မစ္စမက်ကော်နယ်နှင့် ဒိုင်ရာဖရင့်တို့ကဦးဆောင်၍ အဆိုတင်သွင်းထားကြောင်းသိရသည်။

အမေရိကန်အစိုးရ၏အဆိုပါအရေးယူမှုကို ဝေဖန်သူအချို့က အမေရိကန်၏စီးပွားရေးပိတ်ဆို့မှုသည် စစ်အုပ်စုအပြင် သာမန်လူထုကိုပါထိခိုက်စေကြောင်းနှင့် အမေရိကန်တနိုင်ငံတည်း၏အရေးယူမှုဖြင့် မထိရောက်ကြောင်း ဝေဖန်ခဲ့ကြသည်။

ထိုသို့ဝေဖန်မှုများနှင့်စပ်လျဉ်း၍ အမေရိကန်ပြည်ထောင်စု ဝါရှင်တန်အခြေစိုက် US Campaign for Burma အဖွဲ့မှ ဦးအောင်ဒင်က ယမန်နေ့ကပြုလုပ်သည့် အောက်လွှတ်တော်အစည်းအဝေးအပြီး ကွန်ဂရက်အမတ်သီအိုသောမတ်၏အဆိုကို ကိုးကားပြောဆိုရာ၌ ယခုလို စီးပွားရေးအရ ပိတ်ဆို့အရေးယူမှုကိုသက်တမ်းတိုးလိုက်ခြင်းသည် အမေရိကန်အစိုးရအနေဖြင့် နအဖစစ်အုပ်စုကို အရေးကြီးသည့်သတင်း စကားတခုပါးလိုက်ခြင်းဖြစ်ကြောင်း၊ ထိုအချက်မှာ စစ်အုပ်စု၏ မတရားအုပ်ချုပ်နေမှုကို လက်မခံကြောင်းနှင့် ယင်းတို့၏ မတရားမှုပြစ်ဒဏ်စီရင်မှုများ၊ လူထုအပေါ် ခါးသီးစွာညှဉ်းပမ်းနှိပ်စက်နေမှုများကို ကန့်ကွက်သည့်သတင်းစကားသာဖြစ်ကြောင်း၊ တချိန်တည်းတွင် မြန်မာ့ဒီမိုကရေစီရေးအတွက် နိုင်ငံအတွင်း ရှပ်ရှပ်ချွံချွံ အကြမ်းမဖက်လှုပ်ရှားတိုက်ပွဲဝင်နေကြသည့် ပြည်သူများအား ယင်းတို့နှင့်အတူ အမေရိကန်ပြည်ထောင်စုက အတူတကွရှိနေခြင်းကို ပြသခြင်းဖြစ်ကြောင်းနှင့် နအဖစစ်အုပ်စုနှင့် ဒီမိုကရေစီအင်အားစုများကြားတွေ့ဆုံဆွေးနွေးပွဲပေါ်ပေါက်လာရေးအတွက် ဒီမိုကရေစီအင်အားစုအနေဖြင့် တစုံတရာအားကောင်းလာစေရန်ရည်ရွယ်၍ ပံ့ပိုးကူညီခြင်းဖြစ်ကြောင်း မစ္စတာသီအိုသောမတ်က ပြောဆိုခဲ့ကြောင်း ဦးအောင်ဒင်ကပြောကြားသွားခဲ့သည်။ ❖

# မြန်မာကျောင်းသားများ ဂျပန်တက္ကသိုလ်တွင်ပညာသင်ခွင့်ရဦးမည်

ဂျပန်တက္ကသိုလ်များတွင် မြန်မာနိုင်ငံမှ ကျောင်းသားများကို ပညာသင်ရန် ဂျပန်အစိုးရက ပညာသင်ဆုအဖြစ် ဂျပန်ယန်းငွေ နောက်ထပ် (၄၂၉) သန်းခွင့်ပြုမည်ဖြစ်ကြောင်းကြေညာသည်။ ပညာသင်ဆုအတွက် ချီးမြှင့်ရေးအတွက် အစိုးရမဟုတ်သောအဖွဲ့သောအဖွဲ့အစည်းများနှင့် အစိုးရအဖွဲ့အစည်းများမှပါ ရွေးချယ်မည်ဖြစ်ကြောင်း ရန်ကုန်ဂျပန်သံရုံးကပြောကြောင်း အေပီသတင်းတပုဒ်ကဆိုသည်။ ၂၀၀၂ ခုနှစ်က စတင်ခဲ့သောပညာသင်ဆုအတွက် မြန်မာနိုင်ငံသား (၁၀၃) ဦးသည် ဂျပန်တက္ကသိုလ်များတွင် မဟာဝိဇ္ဇာဘွဲ့အတွက် လာရောက်သင်ယူခွင့်ရခဲ့ကြောင်း သိရသည်။ ပညာသင်ဆုချီးမြှင့်ခံရသူများသည် တိုကျိုတက္ကသိုလ်နှင့် နယ်တက္ကသိုလ်များတွင် အင်ဂျင်နီယာပညာ၊ စီမံခန့်ခွဲမှုပညာနှင့် အခြားအဆင့်မြင့်ပညာရပ်များသင်ကြားခွင့်ရမည်ဖြစ်သည်။ ဂျပန်နိုင်ငံသည် မြန်မာနိုင်ငံသို့ ကျန်းမာရေးနှင့်ပညာရေးအတွက် လူသားချင်းစာနာသည့် အကူအညီအများဆုံးပေးနေသောနိုင်ငံဖြစ်သည်။

❖

# ကရင်နီနှင့် ကရင်တိုင်းရင်းသားများအပေါ် ထိုးစစ်ဆင်မှုနှင့်

## သံလွင်မြစ်ရေကာတာစီမံကိန်းကိုရပ်တန့်ပေးရန် ကရင်နီနှင့်ကရင်တို့မှတောင်းဆို



ကေအဲန်ယူအထွေထွေအတွင်းရေးမှူး ဗဒိုမန်းရှာ

ကရင်နီနှင့် ကရင်တိုင်းရင်းသားများ အပေါ် ထိုးစစ်ဆင်နေမှုများနှင့် သံလွင်မြစ်ပေါ်တွင်တည်ဆောက်မည့် ရေကာတာစီမံကိန်းများကိုရပ်တန့်ပေးရန် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (ကေအဲန်ပီပီ) နှင့် ကရင်အမျိုးသားအစည်းအရုံး (ကေအဲန်ယူ) တို့က ယခုလ (၂၂) ရက်နေ့က ပူးတွဲတောင်းဆိုလိုက်ကြသည်။

လွတ်မြောက်နယ်မြေတနေရာတွင် ပြုလုပ်သော နှစ်ဘက်ခေါင်းဆောင်များ၏ ဆွေးနွေးပွဲအပြီး ပူးတွဲထုတ်ပြန်ကြေညာချက်တွင် ကရင်နီနှင့်ကရင်ဒေသများတွင်ပြုလုပ်နေသော နအဖ၏အလွန်ရက်စက်ကြမ်းကြုတ်သောစစ်ဆင်မှုများသည် ဒေသခံလူမျိုးများကို အခြေအနေမဲ့ဖြစ်စေပြီး တိုင်းပြည်အခြေအနေကိုပိုဆိုးဝါးစေသည်ဟု ဖော်ပြထားသည်။

အလားတူ ပြည်ပနိုင်ငံများ၏ အကူအညီဖြင့် သံလွင်မြစ်ပေါ်တွင်တည်ဆောက်မည့် ရေကာတာစီမံကိန်းသည် ဒေသခံကရင်နှင့် ကရင်နီလူမျိုးများ၏အကျိုးစီးပွား၊ လုံခြုံမှုနှင့် သဘာဝပတ်ဝန်းကျင်ကိုများစွာ ထိခိုက်စေမည်ဖြစ်သဖြင့် အမြန်ဆုံးရပ်တန့်ပေးရန်တောင်းဆိုထားသည်။

သံလွင်မြစ်သည် မြန်မာနိုင်ငံအရှေ့ဘက် ကရင်နှင့်ကရင်နီပြည်နယ်များကို ဖြတ်သန်းစီးဆင်းနေပြီး ထိုင်းနှင့်တရုတ်ကုမ္ပဏီများသည် ၎င်းမြစ်ပေါ်တွင် ဟတ်ကြီးရေကာတာကိုတည်ဆောက်ရန် ပြီးခဲ့သည့်လအတွင်း သဘောတူလက်မှတ်ထိုးခဲ့ကြသည်။

အရှေ့တောင်အာရှ၏ အရှည်ဆုံးရေကာတာများအနက်တခုဖြစ်ပြီး၊ အမေရိကန်ဒေါ်လာ (၁) ဘီလီယံကုန်ကျမည့် ၎င်းရေကာတာမှ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ်တသောင်း ထုတ်လုပ်နိုင်မည်ဟု ခန့်မှန်းထားပြီး (၇၀) ရာခိုင်နှုန်းကို ထိုင်းနိုင်ငံက ထုတ်ယူသုံးစွဲမည်ဖြစ်သည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့များက ရေကာတာကြောင့် မြစ်ကြောင်းစီးဆင်းမှုလမ်းကြောင်းကို ပြောင်းလဲ၍ ရေလွှမ်းမိုးမှုများဖြစ်ပေါ်စေမည့်အပြင် မြစ်အနီးအပါးတွင်နေထိုင်သော ဒေသခံများ၏နေ့စဉ်ဘဝနှင့် မြစ်အတွင်း ရှင်သန်ပေါက်ဖွားနေသောအပင်နှင့် သတ္တဝါများ၏ဂေဟစနစ်ကို ထိခိုက်လာနိုင်သဖြင့် ကန့်ကွက်နေကြသည်။

အလားတူ လူ့အခွင့်အရေးအဖွဲ့များကလည်း ရေကာတာစီမံကိန်းသည် ကိုယ်ပိုင်လွတ်လပ်ရေးတောင်းဆိုနေသော သံလွင်မြစ်ကြောင်းတလျှောက်မှ တိုင်းရင်းသားလူမျိုးစုများကို ဖယ်ရှားရှင်းလင်းရေးအတွက် နအဖ၏စီမံချက်ဖြစ်သည်ဟုဆိုသည်။

ကေအဲန်ပီပီနှင့်ကေအဲန်ယူတို့၏ ပူးတွဲကြေညာချက်၏ နိဂုံးပိုင်းတွင် မြန်မာပြည်ရှိ တိုင်းရင်းသားလူမျိုးများ၊ ပြည်သူများ၊ နိုင်ငံရေးပါတီများအနေဖြင့် မြန်မာနိုင်ငံတွင် စစ်မှန်သောဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုစနစ်တည်ဆောက်နိုင်သည့်အထိ ဆက်လက်တိုက်ပွဲဝင်ကြရန်တိုက်တွန်းထားပြီး၊ နိုင်ငံတကာအစိုးရနှင့် အဖွဲ့အစည်းများအနေဖြင့် သုံးပွင့်ဆိုင် တွေ့ဆုံဆွေးနွေးရေးပေါ်ပေါက်လာရေးအတွက် နအဖကိုဆက်လက်ဖိအားပေးရန်တောင်းဆိုထားသည်။

❖

# မြဝတီမြို့မှ အဖမ်းအဆီးနှင့် ချစ်ကြည်ရေးတံတားပိတ်ထားလိုက်ရသဖြင့် ပြည်တွင်းလုပ်ငန်းများထိခိုက်

ကြပ်ပြေးမှ (၂၄) ဦးပါသော စစ်ဆေးရေးအဖွဲ့တဖွဲ့သည် ဇူလိုင် (၂၁) နေ့က မြဝတီမြို့သို့ ရုတ်တရက်ရောက်လာပြီး ကုန်သည်များ၏ အကောက်ခွန်မဲ့ပစ္စည်းများကိုသိမ်းယူခဲ့သည်။

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန (စသုံးလုံး)၊ မူးယစ်နှိမ်နင်းရေးအဖွဲ့၊ စစ်ဘက်လုံခြုံရေးတပ်ဖွဲ့၊ ရဲအထူးသတင်းတပ်ဖွဲ့နှင့်အကောက်ခွန်ဦးစီးဌာနအဖွဲ့တို့ပါဝင်သောအဖွဲ့သည် ထိုနေ့ နေ့လည်ပိုင်းတွင် မြဝတီမြို့ရှိ ကုန်သည်များအိမ်ကိုဝင်ရောက်စီးနင်းပြီး ဂျပန်စက်ဘီး (၄၀၀)၊ ဆိုက်ကယ် (၂၅) စီးနှင့်လိုင်စင်မဲ့ကားအစီး (၂၀) ကို သိမ်းယူသွားခဲ့ကြောင်း မြဝတီမှကုန်သည်တဦးကပြောသည်။

အသိမ်းခံရသော စက်ဘီးများမှာထိုင်းဘက်မှ တရားဝင်ဂျူတီဆောင်တင်သွင်းသော ဂျပန်ဘီးများသာဖြစ်သဖြင့် မတရားသိမ်းဆည်းသွားခြင်းဖြစ်သည်ဟု စက်ဘီးပိုင်ရှင်ကပြောသည်။

စစ်ဆေးရေးအဖွဲ့သည် ကား၊ ဆိုင်ကယ်၊ စက်ဘီးများအပြင် ကားအပိုပစ္စည်းအဟောင်းများ၊ ဆေးဝါး၊ အိမ်ဆောက်ပစ္စည်းကုန်သည်အိမ်များနှင့် ကယ်ရီအိမ်များကိုဝင်ရောက်မွှေနှောက်ခဲ့သဖြင့် ကုန်သည်များမှာ အိမ်တွင်မနေရဲတော့ဘဲ မြဝတီမြို့တဖက်ကမ်းရှိ မဲဆောက်သို့ ထွက်ပြေးတိမ်းရှောင်နေကြသည်။

နယ်စပ်အဖမ်းအဆီးများနှင့်အတူ မဲဆောက်–မြဝတီချစ်ကြည်ရေးတံတားကိုလည်း အပျက်အစီးကြောင့် ယာယီပိတ်ထားလိုက်ရသဖြင့် နယ်စပ်တွင် ကုန်စည်စီးဆင်းမှုရပ်တန့်နေပြီး ရန်ကုန်တွင်လည်း ထိုင်းကုန်ပစ္စည်းများဈေးခုန်တက်သွားကြောင်း ကုန်သည်ရပ်ကွက်ကိုကိုးကား၍ သတင်းများကဆိုသည်။

လာဘ်စားမှုဖြင့် မူဆယ်အကောက်ခွန်ဂိတ်မှ ဝန်ထမ်းများဖမ်းဆီးခံရသဖြင့် ပြီးခဲ့သည့်လပိုင်းကတည်းက ရပ်ဆိုင်းခဲ့နေသော တရုတ်–မြန်မာကုန်သွယ်ရေး ပုံမှန်အခြေအနေပြန်မရောက်သေးသည့်ကာလတွင် ထိုင်းဘက်အခြမ်းတွင် ကုန်သွယ်မှုလုံးဝရပ်တန့်နေသောဂယက်ကြောင့် တရုတ်နှင့်ထိုင်းကုန်များကို အဓိကမှီခိုနေရသော ရန်ကုန်စက်မှုဇုံတချို့ရှိ ကုမ္ပဏီများနှင့် ပုဂ္ဂလိကလုပ်ငန်းများ လုပ်ငန်းရပ်ဆိုင်းထားရကြောင်းလည်းသိရသည်။

❖

# မြန်မာပြည်အနှံ့ရေကြီးမှုကြောင့် ပြည်သူများရာနှင့်ချီ၍ အိုးအိမ်များကို စွန့်ခွာထွက်ပြေးကြရ





ရေကြီးမှုကြောင့် ပြည်သူများအများအပြားအိုးအိမ်စွန့်ခွာ ထွက်ပြေးခဲ့ရသည်။

နိုင်ငံတဝှမ်းရေကြီးမှုကြောင့် ရာနှင့်ချီသည့်လူများသည် အိမ်များကိုစွန့်ပစ်ကာ ယာယီတဲများတွင် ပြောင်းရွှေ့နေထိုင်နေကြရသည်ဟု နအဖ၏မီဒီယာများတွင်ဖော်ပြသည်။

“ပြင်းထန်စွာရွာသွန်းသည့်မိုးကြောင့် နိုင်ငံအနှံ့အပြားတွင်ရေကြီးခဲ့သည်”ဟု ဇူလိုင်လ (၁၂) ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင်ဖော်ပြထားသော်လည်း လူအသေအပျောက်နှင့် ထိခိုက်ပျက်စီးမှုအသေးစိတ်အချက်အလက်ကို ဖော်ပြခြင်းမရှိပေ။

ရေကြီးမှုကိုအဆိုးဆုံးခံရသည့်ဒေသများမှာ ပဲခူးတိုင်း၊ ဧရာဝတီတိုင်း၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင်ဖြစ်သည်ဟု သတင်းစာတွင်ဖော်ပြသည်။

ပဲခူးတိုင်းတွင်ရေကြီးမှုကြောင့် ကျောင်းတချို့ကို ယာယီပိတ်ထားလိုက်ရသည်။ “ယခုထိ ယာယီကယ်ဆယ်ရေးစခန်း (၂၁) ခုကို ပဲခူးတွင်ဖွင့်လှစ်ထားပြီ”ဟု မြန်မာ့အလင်းသတင်းစာတွင်ဖော်ပြသည်။ အချို့ရွာများတွင် အိမ်မြုပ်သည့်အထိရေကြီးသောကြောင့် ရွာသူရွာသားများသည် လှေများဖြင့်ထွက်ပြေးခဲ့ကြရသည်။

အာဏာပိုင်များက အခြေအနေသည် ယခုထက်ပိုမိုဆိုးရွားလာနိုင်ကြောင်း၊ ပဲခူးမြစ်ရေသည် (၈၈၉) စင်တီမီတာ (၃၅၀ပေ) သို့ရောက်ရှိနေပြီဖြစ်ကြောင်း (၁၁) ရက်နေ့ညနေက သတိပေးကြေညာသည်။ ပဲခူးမြစ်၏ စိုးရိမ်ရေမှတ်သည် (၉၁၀) စင်တီမီတာဖြစ်ပြီး ထိုအမြင့်တွင်ကမ်းပါးများကို တိုက်စားသွားနိုင်သည်။ “တကယ်လို့ ပဲခူးမြစ်ရေဟာ စိုးရိမ်ရေမှတ်ကို ကျော်သွားခဲ့ရင် ရေကြီးတဲ့ဒေသတွင်းမှာရှိတဲ့ ဒေသခံတွေအကုန်ကယ်ဆယ်ရေးစခန်းတွေကိုသွားရလိမ့်မယ်” ဟု သတင်းစာတွင်ဖော်ပြသည်။

ဧရာဝတီတိုင်းအတွင်း မြို့လေးမြို့မှ ဒေသခံများသည် ဇူလိုင် (၇) ရက်၊ (၈)ရက်က မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးမှုကြောင့် ပို၍လုံခြုံစိတ်ချရသည့်နေရာများသို့ ရွှေ့ပြောင်းခဲ့ကြရပြီးဖြစ်သည်။ မွန်ပြည်နယ်တွင် မော်လမြိုင်–ရန်ကုန်လမ်းကို ရေကြီးမှုကြောင့် ယာယီပိတ်ထားရပြီး ကွန်ကရစ်တံတားတစင်းလည်း ကျိုးပျက်ခဲ့သည်။

ရခိုင်ပြည်နယ်တွင်လည်း တံတားများကျိုးခဲ့ရပြီး သံတွဲမြစ်သည်စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေပြီဖြစ်သည်။ တနင်္သာရီတိုင်းတွင်လည်း အချို့အိမ်များသည် ပို၍လုံခြုံစိတ်ချရာနေရာများသို့ပြောင်းရွှေ့နေကြပြီး ကျောင်းအချို့ကိုပိတ်ထားလိုက်ရသည်။

❖

# ထိုင်း–မြန်မာနယ်စပ်လမ်းသစ်ကြောင့် ကရင်လူမျိုးများ၏လုံခြုံရေး ပိုမိုထိခိုက်လာနိုင်

မြန်မာနယ်စပ်အနီး တက်ခ်ခရိုင်၊ မဲဆောက်မြို့မျက်နှာချင်းဆိုင်တွင် လမ်းသစ်ဖောက်လုပ်နေခြင်းကြောင့် သစ်တောများပြုန်းတီးခြင်းနှင့် ကရင်လူမျိုးများကို နအဖတပ်က ပိုမိုဖိနှိပ်လာနိုင်သည့်အတွက် လမ်းကြောင်းပြောင်းပေးရန် ကရင်အမျိုးသားအစည်းအရုံး (ကေအင်န်ယူ) က ထိုင်းအစိုးရကိုကန့်ကွက်ထားကြောင်း သိရသည်။

တက်ခ်ခရိုင်၏အာရှ အဝေးပြေးလမ်းဖောက်လုပ်ရေး ဒုတိယအရာရှိ ဝါချာရ၏ အဆိုအရ ကရင်တိုင်းရင်းသားများ၏ လုံခြုံရေးအတွက် လမ်းဖောက်နေခြင်းကို ရပ်တန့်ပေးရန် ကေအင်န်ယူ ထိုင်းအလုပ်သမားများနှင့် အင်ဂျင်နီယာများမှတဆင့် ထိုင်းအစိုးရကို မေတ္တာရပ်ခံခဲ့သည်ဟုဆိုသည်။

“ဒီလမ်းဖောက်လုပ်တာဟာ နယ်စပ်တလျှောက်မှာရှိတဲ့ လူနည်းစုကရင်တွေကို ဖိနှိပ်မှုပိုဆိုးလာစေလိမ့်မယ်လို့ ကေအဲန်ယူအဖွဲ့ကပြောတယ်” ဟု ဘန်ကောက်ပို့စ်သတင်းတပုဒ်ကဆိုသည်။

ဖောက်လုပ်ဆဲလမ်းသစ်သည် မြဝတီမှ သင်္ကန်းညီနောင်အထိပြီးစီးနေပြီး၊ သင်္ကန်းညီနောင်မှတဆင့် ကော့ကရိတ်ဘက်သို့ လမ်းဟောင်းအတိုင်းမဖောက်ဘဲ တောင်ဘက်သို့ လမ်းကြောင်းသစ်များလျှာထားကြောင်းသိရသည်။

ကေအဲန်ယူအထွေထွေအတွင်းရေးမှူး ပဒိုမန်းရှာလားဖန်းက အဆိုပါလမ်းကြောင်းသစ်များသည် သစ်တော၊ မြစ်ချောင်းနှင့် ကျေးရွာများကိုဖြတ်သွားသည့်အတွက် သဘာဝပတ်ဝန်းကျင်နှင့် ဒေသခံလူထု၏ လုံခြုံရေးကိုပါ ထိခိုက်လာနိုင်သည့်အတွက် သင်္ကန်းညီနောင် ကော့ကရိတ်လမ်းကြောင်းဟောင်းအတိုင်းသာဖောက်လုပ်ရန် မေတ္တာရပ်ခံထားသည်ဟုပြောသည်။

ထိုင်းအစိုးရက (၁၇.၃၅) ကီလိုမီတာအရှည်ရှိသည့် မြဝတီ–သင်္ကန်းညီနောင်လမ်းဖောက်လုပ်မှုအတွက် ဘတ်ငွေ (၁၁၈.၂) သန်းထောက်ပံ့ပေးခဲ့သည်။ ထိုလမ်းကို ပြီးခဲ့သည့်မေလကဖွင့်လှစ်နိုင်ခဲ့သည်။

နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေး ခရီးသွားလာရေးနှင့် စက်မှုလုပ်ငန်းများတိုးတက်ရေးအကြောင်းပြချက်ဖြင့် သင်္ကန်းညီနောင်မှ ကော့ကရိတ်သို့ ထပ်မံတိုးချဲ့ဖောက်လုပ်မည့်လမ်းအတွက် ထိုင်းဘတ်သန်းငါးရာ ထောက်ပံ့ခဲ့သည်ဟု ဘန်ကောက်ပို့စ်သတင်းက ဆိုသည်။

ကေအဲန်ယူက ယခုလမ်းသစ်ကို ကေအဲန်ယူနှင့် နအဖတို့ အပစ်အခတ်ရပ်စဲရေး မရခင်အထိ ရပ်တန့်ထားသင့်သည်ဟုပြောသည်။

❖

# အရပ်ကူပါ လူဝိုင်းပါ



“ဘကြီးက ဘာပြောသလဲဆိုတော့ ဗိုလ်သင်တန်းဆင်းပွဲမှာ အဆင့်လိုက်တန်းစီတော့ ဗိုလ်သန်းရွှေနောက်မှာ မြက်ခင်းပဲရှိတယ်ဆိုပဲ။ ဒီလိုလူမျိုးခေါင်းဆောင်ဖြစ်ပြီး တိုင်းပြည်အုပ်ချုပ်တော့ ဗျိုင်းနားဘုရင်လို လုပ်ချင်တာလုပ်တော့တာပေါ့။ ကုန်ဈေးနှုန်းက မိုးပေါ်တက်၊ စိတ်ဓာတ်တွေက ချောက်ထဲကျ၊ လူမိုက်က ရွာလူကြီးဖြစ်၊ ဝရမ်းပြေးက စစ်သားဖြစ်၊ လက်နက်ကိုင်အဖွဲ့အစည်းက မြို့ပေါ်ရောက်၊ မြို့ပေါ်ကနိုင်ငံရေးသမားက တောထဲရောက်၊ အစိုးရက သူပုန်ဖြစ်၊ သူပုန်က အစိုးရဖြစ်၊ ဒီပြောင်းပြန်သံသရာကြီးထဲမှာ ရာဇပလ္လင်ကနေ ကြိုးစင်ကိုမရောက်ဘူးလို့ ဘယ်သူပြောနိုင်မလဲ...”

မင်းရန်ကင်း

မြန်မာ့အရေးဟာ ကမ္ဘာ့အရေးဖြစ်လာပါပြီ၊ ဒါကို နအဖစစ်ခေါင်းဆောင်တို့ ငြင်းလို့မရတော့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ပထဝီနိုင်ငံရေးအရ ကမ္ဘာ့ပေါ်မှာ လူဦးရေအများဆုံးဖြစ်တဲ့ တရုတ်နဲ့အိန္ဒိယ နိုင်ငံကြီးနှစ်နိုင်ငံကြားမှာရှိတယ်ဆိုတာပါပဲ။ လက်ရှိတရုတ်နဲ့ အိန္ဒိယနိုင်ငံကြီးနှစ်နိုင်ငံကို ကြည့်ရင်ပဲ လူဦးရေများရုံပဲလားမဟုတ်ပါဘူး။ စီးပွားရေးအရ (boom) ဘွန်းဖြစ်နေပါတယ်။ တရုတ်ဆိုရင် ဟောင်ကောင်၊ မကာအိုအပါအဝင် ပြည်မကြီးတခုလုံး ဧရာမစီးပွားရေးဈေးကွက်ကြီးဖြစ်နေပြီး၊ အိန္ဒိယဆိုရင် ကမ္ဘာပေါ်မှာ (IT) နည်းပညာနဲ့မျက်နှာပွင့်လန်းလို့ ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်ဖြစ်နေပါပြီ၊ အရှေ့တောင်ဘက်ကို ကြည့်လိုက်ပါဦး၊ အာရှကျားပေါက်တွေ တစ်ကောင်ပြီးတစ်ကောင် အပြိုင်းပြိုင်းနဲ့ကြီးလာတဲ့အချိန်မှာ စစ်အာဏာရှင်အုပ်ချုပ်တဲ့ မြန်မာပြည်မှာကတော့ နွားပိန်အဆင့်မှာကြိုလှိုပြီး ကျန်ခဲ့ပါပြီ။

ဒါဟာ ဘာလဲဆိုတော့၊ လက်ရှိ ကျနော်တို့တိုင်းပြည်ရဲ့အနေအထားကို အိမ်နီးချင်းတိုင်းပြည်တွေနဲ့ယှဉ်ပြောတာပါ။ တကယ်တမ်းအဘက်ဘက်က နိမ့်ကျနေတဲ့တိုင်းပြည်ကို ဝိုင်းဝန်းဖေးမဖို့လိုပါတယ်။ ဖေးမကူညီတယ်ဆိုရာမှာ အစိုးရချင်းဆက်ဆံရေးကောင်းဖို့မဟုတ်ပါဘူး။ ပြည်သူလူထုအကျိုးစီးပွားကို ရှေ့တန်းတင်ရမယ့် ဆက်ဆံရေးမျိုးပါ။ ဒါမှသာ အပြုသဘောဆောင်တဲ့ဆက်ဆံရေးဆိုပြီး ပွင့်ပွင့်လင်းလင်းမရှိ၊ ပြည်သူလူထုကိုအသိမပေးဘဲ တိုးတိုးတိတ်တိတ်အစိုးရချင်းကြိတ်ပြီးဆက်ဆံနေတာ ရီစရာကောင်းတဲ့အလုပ်ပါ။ စီးပွားရေးကျတော့ လက်ကုန်နှိုက်ပြီး၊ နိုင်ငံရေးအရပြောဖို့ နှာစေးနေကြရင်တော့ တာဝန်မကျေရာရောက်ပါတယ်။ (၁၉၇၆) ဘာလီမှာ ငြိမ်းချမ်းရေးသဘောတူစာချုပ်ဟာ စစ်အေးခေတ်လွန်နောက်ပိုင်းမှာ ခေတ်မမီတော့ပါဘူး။ တနိုင်ငံရဲ့ ပြည်တွင်းရေးကို တနိုင်ငံက ဝင်မစွက်ဖက်ရေးမူဟာလည်း စီးပွားရေးတပိုင်း၊ နိုင်ငံရေးတပိုင်း၊ ဖားတပိုင်း ငါးတပိုင်း ပေါ်လစီဖြစ်နေပါတယ်။ ဒါကြောင့် အတုအယောင် အပြုသဘောဆောင်တဲ့ ဆက်ဆံရေးမူကိုစွန့်ပြီး၊ နိုင်ငံရေးအရ ပွင့်ပွင့်လင်းလင်းဝင်စွက်ဖက်ဖို့လိုပါတယ်။ ဒီလိုမှမလုပ်ရင် အောက်လမ်းဆရာ သရဲမွေးသလို၊ သရဲက တဖြေးဖြေးအကောင်ကြီးလာပြီး အောက်လမ်းဆရာကို ပြန်အနိုင်ယူသွားတတ်ပါတယ်။ လွန်ခဲ့တဲ့ (၉) နှစ်က မလေးရှားက အောက်လမ်းဆရာကြီးတယောက် သရဲမမွေးတတ်လို့ အာဆီယံနိုင်ငံတွေအားလုံး ခံခဲ့ဖူးပါတယ်။ အဲဒီတုန်းက မြန်မာပြည်ကို အာဆီယံအဖွဲ့ထဲလက်မခံဖို့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မစ်ဒလင်းအောဘရိုက်ကိုယ်တိုင် ကွာလာလမ်ပူကို ရောက်လာပြီး တားနေတဲ့ကြားကပဲ မြန်မာပြည်ကို အာဆီယံအဖွဲ့ဝင်အဖြစ် လက်ခံလိုက်ပါတယ်။ အဲဒီလိုခေါင်းမာပြီး လက်ခံလိုက်လို့ ပထမဆုံးအကျိုးဆက်ကတော့ အာဆီယံဒေသမှာ ငွေကြေးကမောက်ကမဖြစ်သွားတာပါပဲ။ ကိန်းဂဏန်းနဲ့ပြောရရင် မလေးရှားရင်းဂစ်ဟာ (၁) ဒေါ်လာကို (၂.၄) ကနေ (၅) အထိ ကျဆင်းသွားပါတယ်။ ထိုင်းနိုင်ငံသုံးငွေကြေးဟာ ဆယ်စုနှစ် နှစ်ခုကြာ(၁) ဒေါ်လာကို (၂၅) ဘတ်နဲ့ ငြိမ်နေရာမှ (၁) ဒေါ်လာကို (၅၀) ဘတ်အထိ ကျဆင်းသွားပါတယ်။ ဒီလိုငွေတန်ဘိုး (၂) ဆနီးပါးကျဆင်းသွားခြင်းရဲ့ အကျိုးဆက်ကို ဘဏ်လုပ်ငန်းရှင် သူဌေးကြီးတွေကစပြီး အောက်ခြေဆင်းရဲသား လူတန်းစားအထိ ဂယက်ရိုက်သွားတာပါပဲ။ ဥပမာ– ဘတ် (၁၀၀) ရှိတဲ့လူတစ်ယောက်ဟာ ယခင်ငွေကြေးလဲလှယ်နှုန်း တဒေါ်လာ (၂၅) ဘတ်တုန်းကနေ (၄) ဒေါ်လာချမ်းသာပေမယ့်၊ တဒေါ်လာဘတ် (၅၀) ဖြစ်သွားတဲ့အခါ (၂) ဒေါ်လာပဲ သူ့လက်ထဲမှာရှိပါတော့တယ်။ ငွေကြေးမတည်ငြိမ်ခြင်းရဲ့အကျိုးဆက်က အင်မတန်ကြောက်ဖို့ကောင်းပါတယ်။ ဘောဂဗေဒ အဆောက်အအုံကြီးပြိုကြသွားတာပါ။ ဒါဟာ နိုင်ငံရေးရဲ့အကျိုးဆက်ပါ။ ဥပမာပြောရရင် နိုင်ငံတကာမိသားစုအနေနဲ့ မြန်မာစစ်အစိုးရကို စစ်မှန်တဲ့တွေ့ဆုံဆွေးနွေးရေးအကောင်အထည်ဖော်ပါက ဒေါ်လာ တစ်ဘီလီယံထောက်ပံ့ကူညီမယ်လို့ ကမ်းလှမ်းခဲ့ဖူးပါတယ်။ ဒီလို အပြုသဘောဆောင်တဲ့ အကျိုးဆက်ကတော့ မြန်မာငွေကြေးတန်ဖိုးတက်သွားခြင်းပါ။ ဒါပေမယ့် စစ်အစိုးရက ဒီကမ်းလှမ်းမှုကို အပြုသဘောနဲ့ မတုံ့ပြန်ခဲ့ပါဘူး။ နောက်ဆုံး ဒုံရင်းက ဒုံရင်းဖြစ်ပြီး မြန်မာငွေကြေးတန်ဖိုး ပြန်ကျသွားတော့တာပါပဲ။ ကျနော်မှတ်မိသလောက်ပြောရရင် (၁၉၉၀) တုန်းက တဒေါ်လာကို (၅၀) ကျပ် (၁ဘတ်=၂ကျပ်) ကနေ၊ (၁၉၉၇) အာဆီယံငွေကြေး ဆူနာမိရေလှိုင်း ဂယက်ရိုက်တော့ တဒေါ်လာကို တထောင်စွန်းကျော်သွားပါတယ်။ ဒါဟာ ပထမဆုံး တထောင်ကျော်သွားခြင်းပါ။ ခြိတခါ ခုန်ကျော်ဘူးတဲ့နွားဟာ နောက်တခါ ခြေတပေါင်ကျိုးသွားလည်း ခုန်ကျော်အုံးမှာပါဘဲ။ ဒီလိုနဲ့ (၉၀၀) ကျပ် ဝန်းကျင်မှာ တဝဲလည်လည်ဖြစ်နေတဲ့ ငွေကြေးတန်ဘိုးဟာ အတွင်းရေးမှူး (၂) ဒုတိယ ဗိုလ်ချုပ်ကြီး တင်ဦး သံလွင်မြစ်ပေါ်မှာ ဟိုက်စကီးပျက်ကျပြီးသေရော (၁၄၀၀) ကျပ်အထိ ဖားခုန်သလိုဖြစ်သွားပါတော့တယ်။ ငွေတန်ဘိုး (၁၄၀၀) ကျပ်အထိကျသွားတာ၊ (၂၀၀၅) ခု တရားဝင်ဓာတ်ဆီဈေးနှုန်းမတက်ခင်ကတည်းက ဖြစ်ခဲ့ဖူးတာပါ။ ဒါတင်ပဲလားမဟုတ်ပါဘူး ငွေတန်ဖိုးကျတိုင်း ကုန်ဈေးနှုန်းက လိုက်တက်နေတာပါပဲ၊ မကြာခင်က ဗိုလ်မောင်အေးခေါင်းဆောင်တဲ့ စစ်အုပ်စုက ဗိုလ်သန်းရွှေစစ်အုပ်စုကို အာဏာသိမ်းလိုက်တယ်ဆိုတဲ့သတင်း တရုတ်နယ်စပ်ကရသလိုလို၊ ခိုင်လုံသလိုလိုနဲ့ သတင်းမီဒီယာကြီးတခုက လွှင့်ထုတ်သွားပါတယ်။ နောက်တနေ့ကျတော့ ဒီသတင်းကမဟုတ်ပါဘူး။ မြန်မာပြည်မှာ ကုန်ဈေးနှုန်းတက်တာပဲ အဖတ်တင်ကျန်ခဲ့ပါတယ်။ နောက် ကျနော်တို့မြန်မာပြည်မှာ အစဉ်အလာတခုရှိသေးတယ်။ အဲဒါက ဘာလဲဆိုတော့ ဖုံးတလုံးပေါက်တိုင်း ကုန်ဈေးနှုန်းတခါတက်တာပါပဲ။ နောက်ဆုံး ကစွန်းရွက်ကအစ ကစွန်းရွက်ဈေးတက်တာ ဖုံးပေါက်လို့၊ ဒေါ်လာဈေးတက်လို့ဆိုပြီး လွယ်လွယ်ပြောတတ်လာပါတယ်။ ဒီလိုပြောတာ အမှန်တရားပါ။ အောက်ခြေလူတန်းစားကတော့ စကောဝိုင်းထဲက ဇီးဖြူသီးလို၊ စကောဝိုင်းနဲနဲခါလိုက်တာနဲ့ ဇီးဖြူသီးက ပိုလိမ့်တော့တာပါပဲ။ နိုင်ငံရေးမတည်ငြိမ်တဲ့ ဒဏ်ကို ရာစုနှစ်တဝက်လောက်ခံရပါများလာတဲ့ ပြည်သူတွေကိုကြည့်ရတာ ကြာလာတော့ နာတာရှည်ရောဂါသည်လို လန်းလန်းဆန်းဆန်းမရှိတော့ပါဘူး။ (Alert) နိုးနိုးကြားကြားမဖြစ်တော့ပါဘူး။ စစ်အာဏာရှင်က လူသားမျိုးဆက်တဆက်ပြီး တဆက်အညွန့်တုံးအောင်လုပ်နေတာပါ။ ဒါကို လူထုစရိုက်လက္ခဏာပျက်စီးသွားပြီလို့ ပြောလို့မရပါဘူး။ နိုင်ငံရေး၊ စီးပွားရေးထွက်ပေါက်မရှိလို့ ထွက်ပေါက်ရှာရင်း လမ်းပျောက်နေကြတာပါ။ ပြည်တွင်းမှာ ထွက်ပေါက်မရှိလို့ နိုင်ငံခြားထွက်ပြီး ထွက်ပေါက်ရှာနေတာ ရန်ကုန်မြို့ ဗိုလ်အောင်ကျော်လမ်းက ပတ်စ်ပို့ရုံးမှာ ဗိုလ်သန်းရွှေကိုခေါ်လာပြီး ပြချင်ပါတယ်။ မလေးရှားလောက်ကိုထွက်ပြီး အလုပ်လုပ်ဖို့ ပတ်စ်ပို့လာလျှောက်တာ ရွာလုံးကျွတ်တရွာပြီးတရွာ သူတို့တည်းခိုတော့ ဘုန်းကြီးကျောင်းဒကာတွေဟာ စီးပွားရေး ချွတ်ခြုံကျရခြင်းရဲ့ပြဿနာပါ။

ကျနော်တို့တိုင်းပြည်မှာ အဘက်ဘက်ကချွတ်ခြုံကျနေသလောက် အိမ်နီးချင်း ထိုင်းနိုင်ငံ၊ ဘန်ကောက်မှာ ပန်းပွဲတော်ပြပွဲကြီးလုပ်ပြီး နိုင်ငံခြားဈေးကွက်ရှာတင်ပို့နေပါပြီ။ ပန်းရောင်းရလို့ရတဲ့ နိုင်ငံခြားဝင်ငွေဟာ လယ်ယာစိုက်ပျိုးရေးထုတ်ကုန်နဲ့ ဟိုတယ်ခရီးသွားလုပ်ငန်းပြီးရင် တတိယဝင်ငွေအကောင်းဆုံးလို့ဆိုပါတယ်။ ကျနော်ကိုယ်တိုင် ရွှေ့ပြောင်းဒေသဆရာ/မများ သမဂ္ဂမှာအလုပ်လုပ်ရင်း မဲဆောက်မြို့ပြင်ဘက်က စာသင်ကျောင်းများဆီ လှည့်လည်ရောက်ခဲ့ပါတယ်။ ကားလမ်းဘေးဝဲယာတောင်ကုန်းတွေမှာ စီးပွားဖြစ်ပန်းခင်းတွေ တမျှော်တခေါ်ကြီးစိုက်ပျိုးထားတာ မျက်မြင်တွေ့ရတော့မှ စိုက်ပျိုးရေးနည်းပညာရှေ့တန်းရောက်နေပါလားဆိုပြီး အံ့ဩမိပါတယ်။ အနောက်ဘက်က အိန္ဒိယကိုကြည့်ပါအုံး၊ နယူးဒေလီမှာ ကွန်ပျူတာဆော့ဝဲလ်နှင့်အိုင်တီနည်းပညာပြပွဲကြီးလုပ်နေပြီး ကမ္ဘာကိုမြူဆွယ်နေပါတယ်။ အိန္ဒိယလူမျိုး ဆော့ဝဲလ်ပညာရှင်များကို နိုင်ငံခြားသို့တင်ပို့ပြီး တိုင်းပြည်အတွက် နိုင်ငံခြားငွေအမြောက်အမြားရနေပါတယ်။ လူသားအရင်းအမြစ်ဆိုတာ ဒါပါလား။ တရုတ်ပြည်ဆိုရင် အာကာသနည်းပညာဖွံ့ဖြိုးနေပြီး ပထမဆုံးလူလိုက်ပါသော အာကာသယာဉ်လွှတ်တင်မှုအောင်မြင်သွားပါတယ်။ ပြီးတော့ ကမ္ဘာပေါ်မှာ ဈေးကွက်အကြီးဆုံး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအများဆုံး တရုတ်ပြည်ရဲ့စီးပွားရေးဖွံ့ဖြိုးလာတာကို အိပ်ပျော်နေတဲ့နဂါးကြီးနိုးလာပြီဆိုပြီးတင်စားကြပါတယ်။ သူတို့ခေါင်းဆောင်တွေက ပြင်သစ်က အင်ဂျင်နီယာဘွဲ့ရချည်းပဲကိုး။

မြန်မာပြည်စစ်ခေါင်းဆောင် ဗိုလ်သန်းရွှေအကြောင်း ကျနော့်ဘကြီး ပြောပြဖူးတယ်။ သူက ဗိုလ်သန်းရွှေနဲ့ မင်္ဂလာဒုံဗိုလ်သင်တန်းအတူတက်ခဲ့ဖူးတယ်။ ဗိုလ်သန်းရွှေရဲ့ BC နံပါတ်က (၆၇၁၀)၊ ကျနော်ဘကြီးရဲ့ BC နံပါတ်ကို မပြောနိုင်တာခွင့်လွှတ်ပါ၊ BC နံပါတ်ဆိုတာ ဘားမားကော်မရှင်လို့ခေါ်ပြီး အရာရှိစစ်ဗိုလ်ရဲ့ကိုယ်ပိုင်နံပါတ်ပါ။ ဘကြီးက ဘာပြောသလဲဆိုတော့ ဗိုလ်သင်တန်းဆင်းပွဲမှာ အဆင့်လိုက်တန်းစီတော့ ဗိုလ်သန်းရွှေနောက်မှာ မြက်ခင်းပဲရှိတယ်ဆိုပဲ။ ဒီလိုလူမျိုးခေါင်းဆောင်ဖြစ်ပြီး တိုင်းပြည်အုပ်ချုပ်တော့ ဗျိုင်းနားဘုရင်လို လုပ်ချင်တာလုပ်တော့တာပေါ့။ ကုန်ဈေးနှုန်းက မိုးပေါ်တက်၊ စိတ်ဓာတ်တွေက ချောက်ထဲကျ၊ လူမိုက်က ရွာလူကြီးဖြစ်၊ ဝရမ်းပြေးက စစ်သားဖြစ်၊ လက်နက်ကိုင်အဖွဲ့အစည်းက မြို့ပေါ်ရောက်၊ မြို့ပေါ်ကနိုင်ငံရေးသမားက တောထဲရောက်၊ အစိုးရက သူပုန်ဖြစ်၊ သူပုန်ကအစိုးရဖြစ်၊ ဒီပြောင်းပြန်သံသရာကြီးထဲမှာ ရာဇပလ္လင်ကနေ ကြိုးစင်ကိုမရောက်ဘူးလို့ ဘယ်သူပြောနိုင်မလဲ၊ ဘဝအလှည့်အပြောင်းဆိုတာ မျက်စိတမှိတ်၊ လျှပ်တပြတ်အတွင်း ပြောင်းချင်လဲ ပြောင်းသွားတတ်ပါတယ်။ ပြည်သူလူထုက ဝမ်းသာစရာရှိရင်လည်းမမျှော်လင့်ပဲ ဝမ်းသာရတတ်ပါတယ်။ ဒါကိုပြောရရင် အီဇော်လူးရှင်းမဟုတ်ပါဘူး၊ ရီဗော်လူရှင်းပါ။ ဒီနေရာမှာ ရီဗော်လူရှင်းကို တော်လှန်ရေးဆိုတဲ့အဓိပ္ပာယ်အပြင်၊ တပတ်လည်ခြင်းလို့လည်း ဘာသာပြန်လို့ရပါတယ်။ ကျနော်နားလည်တဲ့ ‘ဝဋ်’ ဆိုတာမျိုးလားမသိပါဘူး။ အဲဒီလိုသူ့အလှည့်၊ ကိုယ့်အလှည့်ဖြစ်လာခဲ့ရင် သာတဲ့ဘက်ကိုပြောင်းရတာ ရှက်စရာကောင်းပါတယ်။ (၁၉၉၀) ရွေးကောက်ပွဲမှာ ဒီ/မိုဘက်တော်သားတွေလဲ အနိုင်ရရော ပထမဆုံးဒီမိုကရေစီအဖွဲ့ချုပ်ရုံးကို လာနှုတ်ဆက်တာက တရုတ်သံအမတ်ကြီးပါ။ ယခု လုံခြုံရေးကောင်စီရဲ့ အရေးယူမှုကို ရှေ့ဆုံးလာဟန့်တားမှာက တရုတ်ပြည်ဖြစ်လာမှာစိုးရိမ်ရပါတယ်။ နောက်ကမ္ဘာပေါ်မှာ ဒီမိုကရေစီအဖွံ့ဖြိုးဆုံးအိန္ဒိယနိုင်ငံရဲ့ မြန်မာပြည်အပေါ် မူဝါဒဟာ နေရူးမျိုးဆက်တွေလို မဟုတ်တော့ပါဘူး။ စစ်အစိုးရရဲ့ အကျိုးစီးပွားလား၊ ပြည်သူတွေရဲ့အကျိုးစီးပွားလား ရှင်းရှင်းလင်းလင်းမရှိပါဘူး။ အရှေ့ဘက်က အိမ်နီးချင်းတိုင်းပြည်ကတော့ ကျနော် ဒီဆောင်းပါးရေးနေတဲ့အချိန်မှာ ဝန်ကြီးချုပ်ကို “အောင်ပိုင်၊ အောင်ပိုင်”ဟု အော်ပြီးဆန္ဒပြနေပါတယ်။ အစိုးရက ပါလီမန်ဖျက်သိမ်းပြီး (April) ရွေးကောက်ပွဲလုပ်ဖို့ ကြေညာထားပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကမ္ဘာပေါ်မှာ လူလတ်ပိုင်းအရွယ် ခေါင်းဆောင်တွေခေတ်စားလာပါတယ်။ ကျနော်တို့ တိုင်းပြည်မှ သက်ကြားရွယ်အိုခေါင်းဆောင်ကြီး ဗိုလ်သန်းရွှေကတော့ အာဏာတည်မြဲဖို့ လုံးပန်းနေရပါတယ်၊ အာဏာကိုဖက်တွယ်ထားသော စစ်ဗိုလ်များလက်အောက်မှ မြန်မာပြည်သူတွေလွတ်မြောက်ဖို့ ဒေသဆိုင်ရာနိုင်ငံများက ဝိုင်းကူဖို့လိုပါတယ်။ ကြက်ဥတလုံးပေါက်ဖို့ ပတ်ဝန်းကျင်အချိန်က ထိန်းညှိပေးရသလို၊ အာဏာရှင်စုထဲက ဒီမိုကရေစီ ကြက်သားပေါက်ကလေးထွက်လာဖို့ ပတ်ဝန်းကျင်ကောင်းဖို့လိုပါတယ်။ မြန်မာ့အရေးဟာ ကမ္ဘာ့အရေးဖြစ်လာတာကို ဒေသဆိုင်ရာနိုင်ငံတွေက လက်မခံရင်တော့၊ အရှေ့နှင့်အနောက် နိုင်ငံရေး၊ စီးပွားရေး၊ လွန်ဆွဲပွဲတွေဖြစ်ပြီး ဒုတိယမွိ ဆူနာမိငွေကြေးရေလှိုင်းဂယက်ကြီးပေါ်လာပါလိမ့်မယ်။ ကမ္ဘာ့ဘောဂဗေဒအဆောက်အအုံကြီးဟာလည်း ငလျင်ဒဏ်ကို အလူးအလဲခံရမှာသေချာပါတယ်။ ဒီတခါ ငလျင်ဗဟိုချက်မကတော့ တောင်တရုတ်ပင်လယ်ရေအောက်ကြမ်းပြင်မှာပါ။ အရပ်ကူပါ လူဝိုင်းပါ။ အိမ်နီးချင်းကောင်းများ ဒီမိုကရေစီထွက်ပေါက်တံခါးကို အမြန်ဝိုင်းဖွင့်ပေးကြပါ။ တောမီးလောင် တောကြောင်လက်ခမောင်းမခတ်ကြပါနဲ့။

မင်းရန်ကင်း
(၅.၂.၂၀၀၆)

# အလုပ်ရှင်များမသမာ၊ အလုပ်သမားမှတ်ပုံတင်သက်တမ်းတိုးရေး အခက်တွေ့

ထိုင်းနိုင်ငံရှိ တရားမဝင်အလုပ်သမားများအလုပ်လုပ်ကိုင်ခွင့်လက်မှတ် သက်တမ်းတိုးရာတွင် ယမန်နှစ်က လုပ်ငန်းရှင်သူဌေးများ၏ မသမာသောလုပ်ရပ်များကြောင့် ယခုနှစ်အတွက် လက်မှတ်များသက်တမ်းထပ်မံတိုးရာ၌ အခက်အခဲများနှင့်ရင်ဆိုင်နေရကြောင်းနှင့် တက်ခ်ခရိုင်အတွင်းရှိ မြန်မာအလုပ်သမားများမှာ လတ်တလောတွင် စားဝတ်နေရေး၊ ကျန်းမာရေး၊ လုံခြုံရေးအခက်အခဲများနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။



မြန်မာအလုပ်သမားတို့သည် အလုပ်ရှင်တို့၏ မသမာမှုအမျိုးမျိုးကိုတွေ့ကြုံရသည်။

ယမန်နှစ်က ထိုင်းနိုင်ငံအလုပ်သမားဝန်ကြီးဌာနမှ ပြဌာန်းသည့် ဥပဒေ (၃၇/၁) တွင် ထိုင်းနိုင်ငံအတွင်း အလုပ်လုပ်ကိုင်ရန် တနှစ်စာ အလုပ်လုပ်ခွင့် လက်မှတ်များပြုလုပ်သူများကိုသာ အလုပ်လုပ်ခွင့်ပေးမည်ဆိုခဲ့သည်။ သို့ရာတွင် ထိုင်းလုပ်ငန်းရှင်သူဌေးများမှ မိမိတို့စက်ရုံအလုပ်ရုံများတွင် လာရောက်အလုပ်လုပ်ကိုင်သူ နိုင်ငံခြားသားအလုပ်သမားများအား တနှစ်စာမလုပ်ပေးဘဲ (၃) လ တကြိမ်သာ သက်တမ်းတိုးပေးသည့်အတွက်၊ ယခုနှစ်တွင် နောက်တကြိမ်ထပ်မံသက်တမ်းတိုးရန် ထိုင်းနိုင်ငံခြားသားအလုပ်သမား ရှာဖွေရေးရုံးက ခွင့်မပြုတော့ပေ။

ထိုအခြေအနေနှင့်ပတ်သက်၍ ''အလုပ်ရှင်က (၃) လတကြိမ်ပဲ မနှစ်က သက်တမ်းတိုးပေးတယ်၊ လက်မှတ်အစစ်တွေကိုလည်း သူတို့လက်ထဲမှာပဲထားပြီး မိတ္တူကိုပဲ ပေးထားတယ်။ (၃) လတခါ တိုးပေးတယ်ဆိုတာတောင်မှ အလုပ်မရှိတဲ့အချိန်ဆို မတိုးပေးဘူး။ လစာကျတော့ လတိုင်း လက်မှတ်အတွက်ဆိုပြီးအဖြတ်ခံရတယ်။ အဲဒါကြောင့် ကျနော်တို့ဆီမှာ တနှစ်စာအပြည့်လုပ်ထားတဲ့ လက်မှတ်မရှိဘူး။ အခုဆို ဒီနှစ်သက်တမ်းအတွက်ဆိုပြီး တော့လုပ်ရပြန်ပြီ၊ ဆေးရုံကြီးမှာ သွေးစစ်ပြီးသွားပြီ၊ သွေးစစ်ခက (၆၀၀) ဘတ်၊ အလုပ်သမားကျန်းမာရေးအာမခံကြေး က (၁၃၀၀) ဘတ်၊ အဲဒီအတွက် လစာထဲကလည်းဖြတ်နေပြီ၊ ဒါပေမယ့် မနှစ်ကသူဌေးတွေက တနှစ်စာအပြည့်မလုပ်ပေးခဲ့တဲ့အတွက် အလုပ်သမားရှာဖွေရေးရုံး (ကျဟာပန်း) မှာ လက်ဗွေနှိပ်လို့မရဘူး။ အခုဆို ထိုင်းရဲတွေနဲ့တောမောင်းတွေက အမြဲပဲစက်ရုံတွေထဲအထိ ဝင်ဖမ်းတယ်။ အဲဒါ လိုက်ပြေးပြီးပုန်းနေရတယ်''ဟု ဘမ့်ဆန်ခွဲရပ်ကွက်ရှိ သိုးမွှေးစက်ရုံမှ မြန်မာအလုပ်သမားတဦးက ပြောဆိုခဲ့သည်။

ယခုအခါ အလုပ်သမားလက်မှတ်လုပ်ရန်အတွက် လုပ်ခကြေးငွေများထဲမှ အဖြတ်ခံထားရပြီး ထိုင်းအလုပ်သမားရှာဖွေရေးရုံးမှ အတည်ပြုရန် ဆက်လက်လုပ်ကိုင်ခွင့်မပြုသည့်အတွက် အလုပ်သမားလက်မှတ်ကိုင်ဆောင်မထားနိုင်သူ မြန်မာအလုပ်သမားများအလုပ်လုပ်နေသည့် စက်ရုံများဖြစ်သော တက်ခ်ခရိုင်မဲဆောက်မြို့နယ် သင်္ကြန်ကွင်းအနီးရှိ (GE) စက်ချုပ်ရုံမှ မြန်မာအလုပ်သမား (၂၀၀) ကျော်၊ မဲဆောက်မြို့နယ် ဘန့်ဆန်ခွဲအရပ်ရှိ ပန်းသီး (သိုးမွှေး) စက်ရုံမှ အလုပ်သမား (၁၀၀) ကျော်၊ သောင်းရင်းမြစ်ကမ်းနားဟွေးမုတ်ရှိ မြန်မာအခေါ် နွားရုံသိုးမွှေးစက်ရုံမှ မြန်မာအလုပ်သမား (၁၀၀) ကျော်၊ မဲဆောက်မြို့နာရီစင်ဘေးရုံ (FUWONE) သိုးမွှေးစက်ရုံတို့မှ မြန်မာအလုပ်သမား (၁၀၀) ကျော်တို့ကို ထိုင်းရဲများမှ လွန်ခဲ့သောအပတ်က စက်ရုံများအတွင်း ဝင်ရောက်ဖမ်းဆီးခဲ့ပြီး ယခုအခါ မဲဆောက်ထောင်ထဲတွင်ဖမ်းဆီးထောင်ချထားကြောင်း သိရသည်။

ထို့ပြင် အခြားစက်ရုံများမှ မြန်မာအလုပ်သမားများသည်လည်း ထိုသို့ဖမ်းဆီးမှုမခံရစေရန်အတွက် နီးစပ်ရာတောများနှင့် မဲဆောက်မြို့ပြင်ရှိ လယ်တောများတွင် မိသားစုလိုက်ပုန်းအောင်းနေကြရပြီး စားဝတ်နေရေးအပြင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကျန်းမာရေးနှင့် လုံခြုံရေးကိစ္စများပါအခက်အခဲနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

ထိုင်းနိုင်ငံတွင် ယမန်နှစ်က အလုပ်သမားလက်မှတ် မှတ်ပုံတင်ထားသည့် ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်၊ မြန်မာတို့မှ နိုင်ငံခြားသားအလုပ်သမား (၈,၃၀၀,၀၀၀) ကျော်ရှိပြီး ယခုနှစ်တွင်မူ (၂) သိန်းကျော်သာရှိကြောင်း၊ သို့ရာတွင် ထိုင်းနိုင်ငံတွင် လာရောက်အလုပ်လုပ်ကိုင်နေသည့် နိုင်ငံခြားသားအလုပ်သမားဦးရေမှာ စုစုပေါင်း (၁၂) သိန်းကျော်ရှိကြောင်းသိရသည်။

❖

# ဗိုလ်မှူးကြီးဟောင်းအေးမြင့် တကိုယ်တော်ဆန္ဒပြ ကုလမှ ထိရောက်သောဖိအားပေးရန်တောင်းဆို



ဗိုလ်မှူးကြီးဟောင်းအေးမြင့်

အမေရိကန်နိုင်ငံသို့ ခေတ္တရောက်ရှိနေသော အသက် (၇၀) ရှိနေသည့် အငြိမ်းစား ဒုဗိုလ်မှူးကြီးအေးမြင့်သည် မြန်မာ့ဒီမိုကရေစီရေးအတွက် ကုလသမဂ္ဂမှ ထိရောက်သော ဖိအားပေးမှုရရှိရန်ရည်ရွယ်ချက်ဖြင့် နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်ရှေ့ တွင် ယခုလ (၁၄) ရက်နေ့က တကိုယ်တော်ဆန္ဒပြခဲ့သည်။

ဒုဗိုလ်မှူးကြီးအေးမြင့်သည် မြန်မာနိုင်ငံအရေးကို ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ ကြားဝင်ဆောင်ရွက်ပေးရေး၊ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေးနှင့် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်နိုင်ရေးအတွက် ထိုနေ့မွန်းတည့် (၁၂) နာရီမှ ညနေ (၄) နာရီအထိ ဆန္ဒပြခဲ့ခြင်းဖြစ်သည်။

ဆန္ဒပြနေချိန်အတွင်း ဒုဗိုလ်မှူးကြီးအေးမြင့်သည် ရုံးရှေ့ရှိ ကျောက်တိုင်နံဘေးတွင် ရှစ်ပါးသီလဆောက်တည်ခြင်း၊ သက်သတ်လွတ်စား၍ ဂုဏ်တော်ကိုးပါး ပုတီးစိတ်အမျှပေးဝေခြင်းတို့ဖြင့် ငြိမ်းချမ်းစွာဆန္ဒပြခဲ့ခြင်းဖြစ်သည်။ ဆန္ဒပြရခြင်းနှင့်စပ်လျဉ်း၍ ၎င်းကပြောကြားရာတွင် ''မလွှဲမရှောင်သာလို့ အာဏာယူထားပါတယ်ဆိုတဲ့ စစ်အုပ်စုဟာ မလွှဲမရှောင်သာတဲ့အခြေအနေမျိုးနဲ့တွေ့မှသာ အာဏာကိုပြန်လွှဲမယ်လို့ ကျနော်ယုံကြည်တယ်။ ဒါကြောင့် ဒီနေ့ ကျနော်ဆောင်ရွက်လှုပ်ရှားမယ့်နည်းဟာလည်း သူတို့ကို မလွှဲမရှောင်သာတဲ့အနေအထားမျိုးရောက်အောင် တွန်းပို့တဲ့ နည်းတနည်းပဲလို့ယုံကြည်တဲ့အတွက် လုပ်ခြင်းဖြစ်ပါတယ်'' ဟု ပြောဆိုသည်။

ဆက်လက်၍ ''လူတိုင်းလူတိုင်းဟာ တိုင်းပြည်နဲ့ လူမျိုးအတွက် ကျရာနေရာပေါ့လေ။ လုပ်သင့်တာ လုပ်နိုင်တာ လုပ်နေကြတယ်။ ကျနော်လည်းပဲ ကျနော်လုပ်နိုင်တာကို တခုသောအတိုင်းအတာထိ အကျိုးကျေးဇူးဖြစ်နိုင်မယ်လို့ ယုံကြည်လို့လုပ်တာဖြစ်ပါတယ်။ သူတို့ကို ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ကျနော့်ရဲ့ ရင်တွင်းမှာရှိတဲ့ဆန္ဒလေးကို ထုတ်ဖော်ပြသတဲ့သဘောပါပဲ''ဟု ဗွီအိုအေမေးမြန်းခန်းတွင်ပြောဆိုခဲ့သည်။

အရှေ့မြောက်ပိုင်းစစ်ဌာနချုပ်မှ ပထမတန်းစစ်ဦးစီးအရာရှိ အငြိမ်းစား ဒုဗိုလ်မှူးကြီးအေးမြင့်သည် (၁၉၅၅) ခုနှစ်တွင် စစ်တပ်ထဲဝင်ခဲ့ပြီး (၁၉၈၃) ခုနှစ်တွင် အငြိမ်းစားယူခဲ့သည်။ အစဉ်အလာရှိခဲ့သော တပ်မတော်သည် ယနေ့အခြေအနေတွင် ဖက်ဆစ်ဂျပန်ထက် ဆိုးနေသောအနေအထားရောက်နေကြောင့် မခံမရပ်နိုင်ဖြစ်ကာ (၁၉၈၉) ခုနှစ်တွင် ကေအဲန်ယူလွတ်မြောက်ဒေသသို့တောခိုခဲ့ပြီး မာနယ်ပလောတွင် ကျောင်းသားတပ်မတော်နှင့် ကေအဲန်ယူစစ်သားများအား (၇) နှစ်နီးပါး စစ်သင်တန်းပေးခဲ့သည်။ မာနယ်ပလောကျပြီးနောက် (၁၉၉၅) ခုနှစ်တွင် နိုင်ငံရေးခိုလှုံခွင့်ရရှိကာ ဩစတြေးလျနိုင်ငံသို့ရောက်ရှိခဲ့သည်။

ထိုတကိုယ်တော်ဆန္ဒပြပွဲသို့ ကဗျာဆရာကြီး မောင်စွမ်းရည်နှင့် မြန်မာ့ဒီမိုကရေစီအင်အားစုများက သွားရောက်အားပေးခဲ့ကြကြောင်း သိရသည်။ ❖

စာမျက်နှာ (၄) ဇွန်မှိုင်းဆောင်းပါးမှ

တည်ဆောက်၍ လုပ်ငန်းတူများ ပူးတွဲအကောင်အထည်ဖော်နိုင်ရေး ကြိုးပမ်းသွားရန်။

၈။ ဒီပဲယင်းလုပ်ကြံမှုနှင့်ပတ်သက်၍ အရေးယူဆောင်ရွက်မှုများ ပေါ်ပေါက်လာစေရေး ကြိုးပမ်းသွားရန်။

၉။ အနာဂတ် ဖက်ဒရယ်ပြည်ထောင်စုလုပ်ငန်းများအား အထောက်အကူပြုသည့် လိုအပ်သောပြင်ဆင်မှုများ ပြုလုပ်ရန်။

၁၀။ တိုင်းရင်းသားများနှင့် ဒီမိုကရေစီအင်အားစုများ၏ တရားသောခုခံစစ်အားအားပေးထောက်ခံသွားရန်။

၁၁။ ဒီမိုကရေစီရေးလှုပ်ရှားမှု ပိုမိုအားကောင်းလာစေရေးအတွက် အရည်အချင်းမြှင့်တင်ရေးလုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်သွားရန်။

၁၂။ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ၏ နိုင်ငံရေးလှုပ်ရှားမှုများအား အထောက်အကူပြုနိုင်ရေးအတွက် နအဖစစ်အုပ်စု၏ နိုင်ငံရေး၊ စစ်ရေး၊ သံတမန်ရေးနှင့် အခြားလှုပ်ရှားမှုများအား စနစ်တကျလေ့လာသွားရန်။

(၈)

အောင်ပွဲနီးလေ၊ တိုက်ပွဲကြီးလေဆိုတဲ့ စကားအတိုင်း အခြေအနေတွေဟာ ပိုပြီးရှုပ်ထွေးလာတယ်။

စစ်အုပ်စုကလည်း မာယာကုန်ထုတ်သုံးလာတယ်။

လူထုရဲ့တောင်းဆိုမှုကလည်း တနေ့တခြား ပိုပိုကြီးလာနေပြီ။

ဒီအခြေအနေသစ်ဟာ တော်လှန်ရေးအင်အားစုတိုင်းကို တော်လှန်ရေးအမြော်အမြင်ကြီးစွာနဲ့ အလုပ်စွမ်းအားတွေကို အရှိန်မြှင့်ဆောင်ရွက်ကြဖို့ အရေးတကြီးတောင်းဆိုလာပြီ။

ဒီအတွက် .... ဘာတွေလုပ်ကြမှာလဲ။ ဘယ်လို ဘာတွေပြင်ဆင်ကြမှာလဲဆိုတာ အင်အားစုတိုင်း၊ တယောက်စီတိုင်းအတွက် ကနေ့ကာလ စိန်ခေါ်ချက်တွေဖြစ်လာနေပြီ။

(၉)

NCUB ဟာ ၂၀၀၅ နိုဝင်ဘာ (၂၈) (၂၉) မှာ .... အဖွဲ့ဝင် အဖွဲ့အစည်းတွေကြားမှာ ဒီအခြေအနေတွေကိုချပြ၊ မဟာဗျူဟာညှိနှိုင်းမှုတွေ အကြိမ်ကြိမ်ပြုလုပ်၊ ရရှိလာတဲ့စဉ်းစားချက်တွေအပေါ်မှာ အကျေအလည်ဆွေးနွေး၊ ပြီးတော့မှ အားလုံးရဲ့ သဘောတူညီချက်နဲ့အတူ ....

၂၀၀၆ ခုနှစ်အတွက် လတ်တလောလုပ်ငန်းစဉ် (၈) ရပ်ကို အခုလို အခိုင်အမာရေးဆွဲ ချမှတ်နိုင်ခဲ့ပါတယ် ....

၁။ ပြည်တွင်းအင်အားစုများကို လက်တွေ့အားဖြည့်သွားမည့်လုပ်ငန်း၊

၂။ နအဖလမ်းပြမြေပုံ၊ အမျိုးသားညီလာခံနှင့် ညီလာခံရလာဒ်များကို အဆင့်တိုင်းတွင် တိုက်ဖျက်သွားမည့်လုပ်ငန်း၊

၃။ လူထုတိုက်ပွဲများ အရှိန်မြှင့်ဖော်ဆောင်လာစေရန် စည်းရုံးလှုံ့ဆော်အားပေးသွားရေးလုပ်ငန်း၊

၄။ အမျိုးသားကောင်စီအတွင်းစည်းမဟာဗျူဟာညှိနှိုင်းမှုလုပ်ငန်း၊

၅။ အပြင်စည်းဆိုင်ရာ မဟာဗျူဟာရေးရာညှိနှိုင်းမှုများကို ပုံစံအမျိုးမျိုးဖြင့် ဖော်ဆောင်သွားရေးလုပ်ငန်း၊

၆။ သတင်းမီဒီယာလုပ်ငန်းများကို ထိရောက်စွာ တိုးမြှင့်လုပ်ဆောင်သွားရေးလုပ်ငန်း၊

၇။ ဘဏ္ဍာငွေတိုးမြှင့်ရှာဖွေရေးလုပ်ငန်း။

ဒီလုပ်ငန်းစဉ် (၇) ချက်ဟာ လက်တွေ့လိုအပ်ချက်နဲ့ကိုက်ညီပြီး တကယ်လည်းအလုပ်ဖြစ်နိုင်တဲ့ လုပ်ငန်းစဉ်တွေပါ။

(၁၀)

သိပ်မကြာခင်ဆိုရင် အဌမကြိမ်မြောက်ညီလာခံကျင်းပကြတော့မယ် ....

အဲဒီညီလာခံမှာ .... အဖွဲ့ဝင် အဖွဲ့အစည်းတိုင်းကရော၊ တပ်ပေါင်းစုကြီးကိုယ်တိုင်ကရော ကိုယ့်ကိုယ်ကို စမ်းစစ်ကြည့်ကြရပါလိမ့်မယ်။

ဘာတွေလုပ်နိုင်ပြီလဲ။ ဘာတွေမလုပ်နိုင်သေးဘူးလဲ။

ဘာတွေမှာအားနည်းနေတာလဲ၊ ဘာတွေမှာ အားကောင်းနေပြီလဲ။

ဘာတွေကို လျှော့ချပစ်ရမှာလဲ၊ ဘာတွေကို တိုးချဲ့မွမ်းမံရမှာလဲ။

ကိုယ့်ကိုယ်ကို ဘက်ပေါင်းစုံပြန်လည်သုံးသပ်၊ အခြေအနေအရပ်ရပ်ကို ဘက်ပေါင်းစုံ ပြန်လည်သုံးသပ်ပြီး၊ အကောင်းဆုံး၊ အပြည့်စုံဆုံး လုပ်ငန်းစဉ်တွေ၊ လုပ်ငန်းလမ်းညွှန်တွေကို ချမှတ်ကြရပါလိမ့်မယ်။

လက်တွေ့လိုအပ်ချက်နဲ့လည်း ကိုက်ညီ၊ လက်တွေ့လည်းကျ၊ လူထုကလည်းထောက်ခံတဲ့ လုပ်ငန်းစဉ်မျိုးတွေကို ချလည်းချမှတ်၊ အကောင်အထည်လည်းဖော်ကြရပါလိမ့်မယ်။

ကျနော်တို့ရဲ့ပြဒါးရှင်လုံး (၃) လုံး စလုံးကို တကယ်အစွမ်းထက်အောင်လုပ်နိုင်တယ်ဆိုရင် နှစ်ပေါင်း (၅၀) ကျော် မာယာတွေနဲ့ကြွယ်ဝနေတဲ့စစ်အုပ်စုကို မုချကိုပဲ အကုန်အစင်ဖယ်ရှားဖျက်သိမ်းပစ်နိုင်ပါလိမ့်မယ်။

ကျနော်တို့ရဲ့ ပြဒါးရှင်လုံးတွေ တကယ်တန်ခိုးထက်နိုင်ကြပါစေ ....။

❖

ဇွန်မှိုင်း (၄၊ ၈၊၂၀၀၆)

# နိုင်ငံတကာ

## သတင်းတိုထွာ

### မြောက်ကိုးရီးယားကိုထောက်လှမ်းနိုင်သော သူလျှိုဂြိုလ်တု တောင်ကိုးရီးယားကလွှတ်တင်

တောင်ကိုးရီးယားနိုင်ငံက ပထဝီလေ့လာရေးဂြိုလ်တုတလုံးကို ဇူလိုင် (၂၈) က အာကာသသို့လွှတ်တင်ခဲ့သည်။ ယခုလအစောပိုင်းက ဒုံးကျည်များပစ်လွှတ်ခဲ့ပြီး ဒေသတွင်း လုံခြုံရေးကိုခြိမ်းခြောက်လာသော မြောက်ကိုရီးယားကို ထိုဂြိုလ်တုကစုံစမ်းထောက်လှမ်းနိုင်စွမ်းရှိသည်။

ရုရှနိုင်ငံမှနေ၍လွှတ်တင်ခဲ့ပြီး (၈၀၀) ကီလိုဂရမ် (ပေါင်၂၀၀၀) အလေးချိန်ရှိသည့် အရီရမ်–၂ ဂြိုလ်တုသည် ကမ္ဘာမြေမျက်နှာပြင်ကို အရည်အသွေးမြင့်မားသည့်ဓာတ်ပုံများ ရိုက်ကူးနိုင်သည်ဟု အစိုးရအေဂျင်စီကပြောသည်။ ကျွမ်းကျင်သူများ၏အဆိုအရ ယင်းဂြိုလ်တုသည် အဆင့်အမြင့်ဆုံးထောက်လှမ်းရေးဂြိုလ်တုဖြစ်လိမ့်မည်ဟု သိရသည်။

"အရည်အသွေးမြင့် MSC (Multi-Spectral Camera) ကင်မရာက မြောက်ကိုးရီးယားရဲ့ ဒုံးကျည်ပစ်လွှတ်ဖို့ပြင်ဆင်မှုတွေ၊ စစ်ရေးလှုပ်ရှားမှုတွေကို မှုရင်းအရွယ်အစားအတိုင်း ရိုက်ကူးပေးနိုင်စွမ်းရှိပါတယ်"ဟု တောင်ကိုးရီးယားပင်လယ်ရပ်ခြားသတင်းဌာနများက ပြောသည်။

လောလောဆယ်တွင် တောင်ကိုးရီးယားသည် အမေရိက၏သူလျှိုဂြိုလ်တုကိုသာ အားကိုးနေရသည်။ မြောက်ကိုးရီးယားသည် ဇူလိုင်လအတွင်း တေပိုဒေါင်–၂ အပါအဝင် ဒုံးကျည် (၇) စင်း ပစ်လွှတ်ခဲ့သောကြောင့် နိုင်ငံတကာ၏သတိပေးခြင်းကိုခံခဲ့ရသည်။

### ရှန်ဟိုင်းတွင် ကြီးမားသည့်ဘန်ကာများတည်ဆောက်

လူနှစ်သိန်းခန့်နေထိုင်နိုင်သော မြေအောက်ဘန်ကာများကို ရှန်ဟိုင်းဒေသ အာဏာပိုင်များက ဆောက်လုပ်ပြီးစီးသွားပြီဟု ရှန်ဟိုင်းမောနင်းပို့စ်သတင်းစာတွင်ဖော်ပြသည်။

ဗုံးပေါက်ကွဲမှုများ၊ အဆိပ်ဓာတ်ငွေ့များထုတ်လွှတ်မှုနှင့် နျူးကလီယားရောင်ခြည်များပျံ့နှံ့မှုတို့ဖြစ်ပေါ်လာလျှင် ထိုဘန်ကာများတွင် အရေးပေါ်ပုန်းခိုနိုင်သည်ဟု သတင်းကဆိုသည်။ ဘောလုံးကွင်း (၁၅) ကွင်းစာခန့်ကျယ်ဝန်းပြီး ရုံး၊ မြေအောက်၊ ဘူတာရုံ၊ ဈေးတို့နှင့် ထိုဘန်ကာကို မြေအောက်ဥမင်လှိုဏ်ခေါင်းဖြင့် ဆက်စပ်ထားသည်ဟုသိရသည်။

အရေးပေါ်ဖြစ်လျှင် (၁၅) ရက်အထိ ထိုဘန်ကာများတွင် လူနေထိုင်နိုင်ရန်ရေ၊ လျှပ်စစ်ဓာတ်အားနှင့် လေသန့်စနစ်စသည်များကို တပ်ဆင်ပြီးစီးသွားပြီဟု မြို့ပြကာကွယ်ရေးရုံးမှ အရာရှိတဦးကပြောပြခဲ့သည်။ အရေးပေါ်ကိစ္စများမရှိလျှင် ထိုဘန်ကာ၏ အစိတ်အပိုင်းများကို ကားဂိုဒေါင် (သို့မဟုတ်) အိမ်အဖြစ် အသုံးပြုနိုင်သည်ဟု ထိုအရာရှိက ပြောသည်။ ထိုဘန်ကာများတွင် ရှန်ဟိုင်းဒေသခံများ၏ (၁ ◦ ၁) ရာနှုန်းနေထိုင်နိုင်သည်ဟု ဆိုသည်။ ရှန်ဟိုင်းမြို့၏လူဦးရေမှာ ယခု (၁၇ ◦ ၈) သန်းခန့်ရှိသည်။

### တမီလ်ကျားနှင့်သီရိလင်္ကာအစိုးရ အပစ်အခတ်ရပ်စဲရေးအဆုံးသတ်

တမီလ်ကျားခေါင်းဆောင်များက သီရိလင်္ကာအစိုးရနှင့် လေးနှစ်ကြာအပစ်အခတ်ရပ်စဲထားမှုသည် ယနေ့ပြီးဆုံးသွားပြီဟု ဇူလိုင် (၃၁) ရက်ကကြေညာလိုက်သည်။ တမီလ်ကျားခေါင်းဆောင်က ပြည်တွင်းစစ်ပွဲကို ပြန်လည်ဖြစ်ပွားစေမှုသည် စစ်တပ်၏စော်ကားမှုများကြောင့်ဖြစ်သည်ဟု စွပ်စွဲလိုက်သည်။ သီရိလင်္ကာအစိုးရစစ်တပ်များက ထရင်ကိုမယ်လီ အရှေ့မြောက်တွင် ရေရရှိရန် တမီလ်ကျားတို့ပိတ်ထားသည့် ရေပေါက်ကိုဖွင့်ရန်ကြိုးစားစဉ် တမီလ်ကျားများက ဂျက်ဖနာပင်နီဆူလာရှိအစိုးရတပ်များကို အမြောက်ဖြင့်ပစ်ခဲ့သည်။ ၎င်းတို့၏နယ်မြေထဲသို့ဝင်ရောက်၍ ရေပိတ်ထားမှုကိုဖွင့်ရန်ရည်ရွယ်သော အစိုးရ၏ ထိုးစစ်ဆင်မှုကြောင့် စစ်ကြေငြာသည့်အဆင့်ထိ မြင့်တက်သွားရခြင်းဖြစ်သည်ဟု သူပုန်ခေါင်းဆောင် ပူရတ်ချီကပြောသည်။ ၂၀၀၂ အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုအရ အစိုးရနှင့် သူပုန်အဖွဲ့တို့သည် တဦး၏နယ်မြေထဲသို့ တဦးမဝင်ရောက်ခင် ခွင့်ပြုချက် ရယူရမည်ဖြစ်သည်။

### အီရတ်စစ်ပွဲတွင်အမေရိကန်ဖက်မှသေဆုံးခဲ့သည့်စစ်သားအရေအတွက်

၂၀၀၃ မတ်လမှစတင်ခဲ့သောအီရတ်စစ်ပွဲတွင် အမေရိကန်စစ်သားအနည်းဆုံး ၂၅၇၃ ဦးသေဆုံးခဲ့ရပြီဟု အေပီသတင်းဌာန၏စာရင်းကောက်ယူမှုတခုအရ သိရသည်။ ဗြိတိသျှစစ်တပ်မှ (၁၁၄) ဦး၊ အီတလီ (၃၂) ဦး၊ ယူကရိန်း (၁၈) ဦး၊ ပိုလန် (၁၇) ဦး၊ ဘူလ်ဂေးရီးယား (၁၃) ဦး၊ စပိန် (၁၁) ဦး၊ ဒိန်းမတ် (၄) ဦး၊ အယ်လ်ဆာဗေးဒေါ (၄)ဦး၊ ဆလိုဗေးကီးယား (၃) ဦး၊ အက်စ်တိုးနီးယား၊ နယ်သာလန်နှင့် ထိုင်းနိုင်ငံတို့မှ (၂) ဦးစီ၊ ဩစတြေးလျ၊ ဟန်ဂေရီ၊ ကာဇတ်စတန်၊ လတ်ဗီးယား၊ ရိုမေးနီးယားနိုင်ငံတို့မှ (၁) ဦးစီ သေဆုံးခဲ့ရပြီဖြစ်သည်။

## ကိုးရီးယားနှစ်နိုင်ငံ စစ်မဲ့ဇုံကြားတွင် အပြန်အလှန်ပစ်ခတ်မှုများဖြစ်ပွား



ဇူလိုင် (၃၁) ရက်နေ့ညက တောင်ကိုးရီးယားစစ်သားတဦးစောင့်ကြပ်နေသော စစ်မဲ့ဇုံအနီးမှတ်တိုင်သို့ မြောက်ကိုးရီးယားတပ်ဖွဲ့က သေနတ်ဖြင့်နှစ်ချက်ပစ်ခတ်ခဲ့ရာ တောင်ကိုးရီးယားတပ်ဖွဲ့က ခြောက်ချက်ပြန်လှန်ပစ်ခတ်ခဲ့သည်ဟု အရာရှိတဦးကပြောသည်။

၂၀၀၅ အောက်တိုဘာလကလည်း စစ်မဲ့ဇုံတွင် သေနတ်များဖြင့် အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားခဲ့သည်။ ထိုအပြန်အလှန်ပစ်ခတ်မှုတွင်လည်း မြောက်ကိုးရီးယားက တောင်ကိုးရီးယားအစောင့်မှတ်တိုင်သို့ စတင်ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။

၂၀၀၂ ကလည်း နှစ်နိုင်ငံရေတပ်အကြားတွင် ရေပိုင်နက်အငြင်းပွားမှုကြောင့် ပစ်ခတ်မှုများဖြစ်ပွားခဲ့ရာ နှစ်ဖက်စလုံးတွင် သေဆုံးမှုများရှိခဲ့သည်။

ဇူလိုင်လ ကိုးရီးယားနှစ်နိုင်ငံဝန်ကြီးအဖွဲ့ဆွေးနွေးပွဲတွင် မစ်ဆိုင်းဒုံးကျည်များ ပစ်လွှတ်မှုနှင့်ပတ်သက်၍ ရှင်းလင်းချက်ပေးရန်နှင့် မြောက်ကိုးရီးယားသည် နျူးကလီယားလက်နက်ပရိုဂရမ်ကိုအဆုံးသတ်၍ ခြောက်နိုင်ငံဆွေးနွေးပွဲသို့ ပြန်မလှည့်မချင်း လူသားချင်းစာနာမှုအထောက်အပံ့များကို ရပ်ဆိုင်းထားမည်ဟု ဆိုးလ်ကပြောခဲ့သည်။ မြောက်ကိုးရီးယားကိုယ်စားလှယ်က ဒေါသပေါက်ကွဲ၍ တောင်ကိုးရီးယားသည် ကိုးရီးယားနှစ်နိုင်ငံဆက်ဆံရေးကိုဖျက်ဆီးခဲ့သည့်အတွက် တန်ကြေးကိုပေးဆပ်ရလိမ့်မည်ဟု ပြောခဲ့သည်။

ထိုအချိန်မှစ၍ မြောက်ကိုးရီးယားသည် ၁၉၅၀–၁၉၅၃ ကိုးရီးယားစစ်ပွဲကြောင့် ကွဲကွာသွားသောမိသားစုများပြန်လည်ပေါင်းစည်းရေးအပါအဝင် တောင်ကိုးရီးယားနှင့် လုပ်ဆောင်နေသည့်ပရောဂျက်များကို ရပ်ဆိုင်းထားလိုက်သည်။

ကိုးရီးယားစစ်ပွဲသည် ငြိမ်းချမ်းရေးစာချုပ်နှင့်ပြီးဆုံးခဲ့ခြင်းမဟုတ်ပဲ အပစ်အခတ်ရပ်စဲရေးစာချုပ်ချုပ်ကာ အဆုံးသတ်ခဲ့ခြင်းဖြစ်သောကြောင့် နှစ်နိုင်ငံကြားနည်းပညာစစ်ပွဲများဆက်လက်ရှိနေဆဲဖြစ်သည်။ မြောက်ကိုးရီးယားသည် စစ်မဲ့ဇုံတွင် စစ်သားဦးရေ (၁◦၇) သန်းချထားပြီး တောင်ကိုးရီးယားက စစ်သားခြောက်သိန်းငါးသောင်းကျော်ချထားသည်။ အမေရိကန်က တောင်ကိုးရီးယားတပ်ဖွဲ့များကိုကူညီရန် အမေရိကန်စစ်သားသုံးသောင်းပို့ထားသည်။

❖

## ကုလသမဂ္ဂ၏ ပဋိပက္ခအဆုံးသတ်ရန်အဆိုပြုချက် လက်ဘနွန်လက်မခံ

လက်ဘနွန်တွင်ဖြစ်ပွားနေသောစစ်ပွဲများနှင့်ပတ်သက်၍ ပဋိပက္ခအဆုံးသတ်ရန် အဆိုပြုသောဆုံးဖြတ်ချက်ကို ပြင်ဆင်ပေးရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီကို လက်ဘနွန်နိုင်ငံက တရားဝင်တင်ပြခဲ့သည်။ ကုလသမဂ္ဂဆိုင်ရာ လက်ဘနွန်ကိုယ်စားလှယ် နိုဟက်မာမွတ်က အစ္စရေးတပ်ဖွဲ့များ လက်ဘနွန်နယ်နိမိတ်မှ ပြန်လည်ဆုတ်ခွာရန်ဆိုသည့်အချက်ကို ဆုံးဖြတ်ချက်မူကြမ်းတွင် ထည့်သွင်းပေးရန်တောင်းဆိုခဲ့သည်။

လက်ဘနွန်ပါလီမန်၏ ပြောရေးဆိုခွင့်ရှိသူ နဘီဘာရီက အစ္စရေးတပ်ဖွဲ့များ မဆုတ်ခွာမချင်း မည်သည့်ဆုံးဖြတ်ချက်ကိုမဆို လက်ဘနွန်က လက်ခံမည်မဟုတ်ဟု ကြေညာအပြီး နာရီပိုင်းအကြာတွင် ထိုတောင်းဆိုချက်ထွက်ပေါ်လာခြင်းဖြစ်သည်။ အစ္စရေးတပ်များ လက်ဘနွန်တွင်ရှိနေသ၍ တိုက်ခိုက်နေဦးမည် လက်ဘနွန်ကပြောသကဲ့သို့ အစ္စရေးတို့ကလည်း နိုင်ငံတကာတပ်များ လက်ဘနွန်တွင်နေရာယူမပြီးမချင်း လက်ဘနွန်မှ ဆုတ်ခွာမပေးနိုင်ဟုပြောဆိုခဲ့သည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကွန်ဒိုလီဇာရိုက်စ်က "လုံခြုံရေးကောင်စီဆုံးဖြတ်ချက်ကိုမဲပေးကြဖို့ အရေးကြီးပါတယ်။ နောက်တရက်၊ နှစ်ရက်မှာ အဖြေထွက်တော့မှာပါ။ စစ်ကို ဘယ်လိုရပ်စဲနိုင်မလဲဆိုတဲ့အပေါ် နိုင်ငံတကာရဲ့အမြင်ကိုသိရတော့မှာပါ။ အဲဒီနောက်မှာတော့ ဘယ်သူက ငြိမ်းချမ်းရေးကိုတကယ်လိုလားတယ်၊ ဘယ်သူက မလိုလားဘူးဆိုတာကို တွေ့ရတော့မှာပါ"ဟု ပြောဆိုခဲ့သည်။

သူမက ယခုဆုံးဖြတ်ချက် မူကြမ်းသည် နှစ်ဖက်အကြား အပြင်းအထန်တိုက်ခိုက်နေကြသည်ကို အမြန်ဆုံးရပ်တန့်နိုင်မည့် နည်းလမ်းဖြစ်ပြီး ရေရှည်ငြိမ်းချမ်းရေးအတွက် ပထမအဆင့်ဖြစ်သည်ဟု ပြောခဲ့သည်။

❖



# နိုင်ငံတကာ

## ထိုင်းရွေးကောက်ပွဲကော်မရှင်နာ (၃) ဦးအား ထောင်ဒဏ် (၄) နှစ်စီချမှတ်

ထိုင်းရွေးကောက်ပွဲကော်မရှင်နာ (၃) ဦးသည် ရွေးကောက်ပွဲဝင်ရန် အရည်အချင်းမပြည့်မီသူကိုယ်စားလှယ်လောင်းများကို ပါလီမန်ရွေးကောက်ပွဲတွင်ပါဝင်စေခဲ့မှုဖြင့် ဇူလိုင် (၂၅) ရက်က ထောင်ဒဏ် (၄) နှစ်စီချမှတ်ခြင်းခံလိုက်ရသည်။

ထိုကော်မရှင်နာ (၃) ဦးသည် ရွေးကောက်ပွဲဥပဒေကိုချိုးဖောက်ခြင်း၊ ၎င်းတို့၏လုပ်ပိုင်ခွင့်အာဏာကို အလွဲသုံးစားလုပ်ကာ ဧပြီ (၂) ရက်၊ (၂၃) ရက် ရွေးကောက်ပွဲများတွင် ကိုယ်စားလှယ်လောင်းများကို ဝင်ရောက်ရွေးချယ်ခံခွင့်ပြုခဲ့ခြင်း စသည့်ပြစ်မှုများတွေ့ခဲ့ရသည်။ ထိုင်းနိုင်ငံ၏အဆင့်မြင့်တရားရုံးက အခြေခံဥပဒေနှင့်မညီညွတ်ဟုဆိုကာရွေးကောက်ပွဲကိုပယ်ဖျက်လိုက်သည်။ တရားရုံးက ကော်မရှင်နာသုံးဦး၏မဲပေးခွင့်နှင့် နိုင်ငံရေးလှုပ်ရှားဆောင်ရွက်ခွင့်တို့ကိုလည်း (၁၀) နှစ် ရုပ်သိမ်းလိုက်သည်။

ထိုသို့ ပြစ်ဒဏ်ချမှတ်ခြင်းခံလိုက်ရသော ကော်မရှင်နာသုံးဦးစလုံးသည် တက်ဆင်အားထောက်ခံသူများဖြစ်နေပြီး ၎င်းတို့၏လှုပ်ရှားမှုများသည် ဝန်ကြီးချုပ်အားမျက်နှာသာပေးကူညီဆောင်ရွက်မှုများဖြစ်နေသည်။

''ရွေးကောက်ပွဲကော်မရှင်နာတွေဟာ ရွေးကောက်ပွဲမှာ မမျှတတဲ့နည်းလမ်းတွေကို သုံးစွဲခဲ့တယ်။ သူတို့အပြစ်ရှိတယ်ဆိုတာ ရုံးတော်ကတွေ့ရှိခဲ့တဲ့အတွက် ထောင်ဒဏ် (၄) နှစ်ကျခံဖို့ ပြစ်ဒဏ်ပေးလိုက်တယ်''ဟု တရားရုံးကပြောသည်။

''သူတို့လုပ်ဆောင်ခဲ့သမျှအကျိုးဆက်တွေကို သူတို့ရိတ်သိမ်းရမှာပါပဲ။ နောင်လာမယ့်ရွေးကောက်ပွဲက ဒီထက်ပိုပြီး တရားမျှတမယ်လို့ ကျနော်ယုံကြည်ပါတယ်'' ဟု အတိုက်အခံဒီမိုကရက်ပါတီခေါင်းဆောင် သာဗွန်ဆီနီအမ်ကပြောသည်။

အာဏာအလွဲသုံးစားလုပ်မှု၊ အကျင့်ပျက်ချစားမှုများကြောင့် ဝန်ကြီးချုပ်ရာထူးမှနုတ်ထွက်ရန် လှုပ်ရှားကန့်ကွက်မှုများတိုးတက်ဖြစ်ပေါ်လာချိန်တွင် ပေါက်ကွဲများကို အရှိန်ထိန်းနိုင်ရန် ပါလီမန်ကိုဖျက်သိမ်း၍ ရွေးကောက်ပွဲကိုကျင်းပရမည့်အချိန်ထက် သုံးနှစ်စောကာ ဧပြီလ (၂) ရက်နေ့တွင် ကျင်းပခဲ့သည်။

အဓိကအတိုက်အခံပါတီသုံးပါတီက မဲရုံများကိုသပိတ်မှောက်၍ သန်းနှင့်ချီသည့် မဲဆန္ဒရှင်များသည်ဆန္ဒပြကာ ၎င်းတို့၏မဲပြားများတွင် ကြားနေသည့်ကွက်လပ်တွင် အမှတ်အသားလုပ်ကာ ဝန်ကြီးချုပ်ကိုဆန့်ကျင်ခဲ့ကြသည်။ သပိတ်မှောက်မှုများနှင့် ကြားနေမဲများကြောင့် အချို့မဲဆန္ဒနယ်များတွင် အနိုင်ရသူများသည် တရားဝင်အနိမ့်ဆုံးရရမည့်မဲအရေအတွက်ကိုမရသဖြင့် ရွေးကောက်ပွဲအောင်နိုင်သူအဖြစ် သတ်မှတ်၍မရခဲ့ပေ။

အဆင့်မြင့်တရားရုံးက မဲပေးပွဲကိုပယ်ဖျက်ခဲ့ပြီး အောက်တိုဘာ (၁၅) တွင်ကျင်းပမည့်ရွေးကောက်ပွဲအသစ်ကို တရားမျှတစွာကျင်းပရန် အာမခံနိုင်မည့်ကော်မရှင်နာအသစ်များကို ခန့်အပ်နိုင်ရေးအတွက် ရွေးကောက်ပွဲကော်မရှင်နာများကို နုတ်ထွက်ရန် တိုက်တွန်းခဲ့သည်။

## အသက် (၁၀၀) ပြည့်ချိန်ထိ အာဏာယူမထားပါဆိုသည့် ကတ်စထရို၏ဟာသ


ကတ်စရို

၁၉၅၉ ခုနှစ်မှစ၍ ကျူးဘားနိုင်ငံကို ခေါင်းဆောင်ခဲ့သော ဖီဒယ်ကတ်စထရိုက သူ့အသက် (၁၀၀) ပြည့်ချိန်ထိ အာဏာယူထားရန်အစီအစဉ်မရှိပါဟု ဟာသပြောလိုက်သည်။ ဇူလိုင် (၂၆) ရက် တော်လှန်ရေးအထိမ်းအမှတ်ချီတက်လမ်းလျှောက်ပွဲတွင် ပရိတ်သတ်တသိန်းခန့်ကို ပြောသောမိန့်ခွန်း၌ ထိုဟာသကို ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

''ကျုပ်တို့ရဲ့ အိမ်နီးနားခြင်းတွေက ကျုပ်ကိုမကြောက်သင့်ပါဘူးဗျာ။ ကျုပ်မှာ အဲဒီအရွယ်ထိအာဏာဆုပ်ကိုင်ထားဖို့ အစီအစဉ်မရှိပါဘူး'' ဟု လက်ဝဲလှုံ့ဆော်ရေးသမားကြီးကဆိုသည်။

ဩဂုတ် (၁၃) ရက်တွင် အသက် (၈၀) ပြည့်မည့်ကတ်စထရိုက ကျူးဘားတွင် အသက် (၁၀၀) ထိ အသက်ရှည်ကြသည့်သူ ပိုမိုများလာသည့်အတွက် ကွန်မြူနစ်အစိုးရ၏လူမှုရေးအထောက်အကူများကို ကျေးဇူးတင်ကြသည်ဟု ထည့်သွင်းပြောဆိုခဲ့သည်။

ကျူးဘားနိုင်ငံ၏ခေါင်းဆောင် ဖီဒယ်ကတ်စထရိုသည် အမေရိကန်သမတကိုးဆက်တိုင်တိုင်အသက်ရှည်ခဲ့သူဖြစ်ပြီး စီအိုင်အေ၏လုပ်ကြံခြင်း၊ ကျူးဘားကိုကျူးကျော်ရန်ကြိုးပမ်းမှုများနှင့် သူ့အားကူညီသည့် ဆိုဗီယက်ပြည်ထောင်စုပြိုကွဲခြင်း စသည်တို့ကိုတွေ့ကြုံကျော်ဖြတ်ခဲ့သူဖြစ်သည်။

ဘုရှ်အစိုးရသည် ယခုလအစောပိုင်းတွင် ကျူးဘားကို စီးပွားရေးပိတ်ဆို့မှုများ ပိုမိုတင်းကြပ်လိုက်ပြီး ကတ်စရို၏တပါတီစနစ်ဖြင့် အုပ်ချုပ်သောနိုင်ငံတွင် အတိုက်အခံများတည်ဆောက်ရန် ဒေါ်လာသန်း (၈၀) ထပ်မံလျာထားလိုက်သည်။ ကျူးဘားတွင် နောက်တက်မည့်ခေါင်းဆောင်ကို ကတ်စထရို၏ညီရာဲ ကတ်စထရိုမဖြစ်အောင် တားဆီးနိုင်လိမ့်မည်ဟု ဝါရှင်တန်ကမျှော်လင့်နေသည်။

ကတ်စထရိုက ကျူးဘား၌ ကလေးတထောင်တွင် အသေအပျောက်နှုန်း (၆.၅) ရာနှုန်းသာရှိ၍ အမေရိကန်ပြည်ထောင်စုထက်လျော့နည်းကြောင်း စကားဝါခဲ့ပြီး အမေရိကန်ပြည်ထောင်စုသည် ကျူးဘားကို ဝင်ရောက်စွက်ဖက်ခြင်းကိုရပ်တန့်၍ ကိုယ့်နိုင်ငံ၏လူမှုပြဿနာများကိုသာ ဂရုစိုက်ရန်ပြောခဲ့သည်။ ❖

## လေကြောင်းတိုက်ခိုက်မှုများ (၄၈) နာရီ ရပ်တန့်ထားမည်ဟု အစ္စရေးပြော



လက်ဘနွန်တွင် လူသားချင်းစာနာမှုဆိုင်ရာအကူအညီများထောက်ပံ့နိုင်ရေးနှင့် စစ်ဖြစ်ပွားနေသောဇုံမှ အရပ်သားများထွက်ခွာနိုင်ရေးအတွက် (၃) ရက် အပစ်အခတ်ရပ်ဆိုင်းထားရန် ကုလသမဂ္ဂ၏မေတ္တာရပ်ခံချက်ကို အစ္စရေးက စောစောပိုင်းကပယ်ချခဲ့သော်လည်း ဇူလိုင် (၃၀) ရက်နေ့ အမျိုးသမီးနှင့်ကလေးအများစုအပါအဝင် အနည်းဆုံးလက်ဘနွန်နိုင်ငံသား (၅၆) ယောက်သေဆုံးခဲ့ရသော လေကြောင်းတိုက်ခိုက်မှုအပြီးတွင် လေကြောင်းမှ တိုက်ခိုက်မှုကို (၄၈) နာရီကြာ ရပ်ဆိုင်းထားလိုက်သည်။

လေကြောင်းတိုက်ခိုက်မှုကိုရပ်ဆိုင်းထားလိုက်ပြီးနောက် တောင်ပိုင်းလက်ဘနွန်မှထွက်ခွာလိုသောအရပ်သားများအတွက် (၂၄) နာရီကြာ လမ်းကြောင်းဖွင့်ပေးထားမည်ဖြစ်ပြီး ပင်လယ်လမ်းနှင့် လေကြောင်းလမ်းများကိုလည်း လူသားချင်းစာနာထောက်ထားမှုအကူအညီများအတွက် ဖွင့်လှစ်ပေးမည်ဟု အစိုးရအရာရှိများကဆိုသည်။

ကာနာကျေးရွာရှိ သုံးထပ်အဆောက်အဦသည် ဒုံးကျည်ဖြင့်ပစ်ခတ်မှုကြောင့် မြေသို့ပြားပြားဝပ်သွားခဲ့ရသည်။ ကြက်ခြေနီအရာရှိများက လူ (၅၆) ယောက်သေဆုံးခဲ့ရသည်ဟုပြောပြီး ထိုသေဆုံးသူများထဲတွင် ကလေးငယ် (၃၄) ယောက်နှင့် အမျိုးသမီး (၁၂) ယောက်ပါဝင်သည်ဟု ရဲအရာရှိများကပြောသည်။ ထိုလေကြောင်းတိုက်ခိုက်မှုသည် ဟစ်ဇဘိုလာစစ်သွေးကြွများက နယ်စပ်ကိုဖြတ်ကျော်၍ အစ္စရေးစစ်သားနှစ်ဦးကို ပြန်ပေးဆွဲခေါ်ဆောင်သွားခဲ့ပြီးနောက် ဇူလိုင် (၁၂) ရက်မှစတင်ခဲ့သော အစ္စရေး၏စစ်ဆင်ရေးများတွင် အဆိုးဝါးဆုံးပင်ဖြစ်သည်။

ကာနာကျေးရွာတွင် အလုပ်သမားများသည် ညဝတ်ဘောင်းဘီတိုနှင့်တီရှပ်များဝတ်ဆင်ထားလျက်သေဆုံးသွားကြသော မိန်းခလေးများနှင့် ယောကျ်ားလေးများ၏ရုပ်အလောင်းများကို ဆွဲထုတ်နေကြသည်။ အဆောက်အဦအပျက်အစီးများကြားမှ ရုပ်အလောင်းများကို စောင်များနှင့်ထုပ်ပိုးနေကြသည်။

အသက် (၁၃) အရွယ် နောရ်ဟာရှမ်က ''သမီးအရမ်းကြောက်တယ်။ အဲ့ဒီမှာ ကျောက်တုံးတွေ၊ ကျောက်ခဲတွေနဲ့ညစ်ပတ်နေပြီးတော့ ဘာမှမမြင်ရဘူး။ အားလုံးမှောင် နေတာပဲ''ဟု ပြောသည်။ ကလေးငယ်၏ ညီအကိုမောင်နှမ (၅) ဦးလုံး သေဆုံးခဲ့ရပြီး သူ့ကိုအဆောက်အဦအပျက်အစီးများကြားထဲမှ ဦးလေးဖြစ်သူက ဆွဲထုတ်ခဲ့ရသည်။ ဦးလေးဖြစ်သူမှာလည်း ထိုတိုက်ခိုက်မှုကြောင့် ဇနီးနှင့်ကလေးငါးယောက်သေဆုံးခဲ့ရသည်။

အစ္စရေးက ထိုသေဆုံးရမှုအတွက်တောင်းပန်ခဲ့သော်လည်း ထိုအဆောက်အဦအနီးမှ ရော့ကတ်များဖြင့် မြောက်ပိုင်းအစ္စရေးသို့ပစ်ခဲ့သော ဟစ်ဇဘိုလာများကို အပြစ်တင်ခဲ့သည်။ ဟစ်ဇဘိုလာများသည်လေကြောင်း တိုက်ခိုက်မှု မတိုင်ခင်တွင် ဗုံးကျဲခံလိုက်ရသည့်အဆောက်အဦအနီးမှ ရော့ကတ် (၄၀) ကျော် ပစ်လွှတ်ခဲ့သည်ဟုဆိုသည်။ နိုင်ငံခြားရေးဝန်ကြီးဌာနအရာရှိ ဂီဒီယွန်မီယာက ဟစ်ဇဘိုလာများသည် ၎င်းတို့၏ပြည်သူလူထုကို လူသားဒိုင်းသဖွယ်အသုံးချနေသည်ဟုစွပ်စွဲသည်။

''ကျနော်တို့ ဒီမနက်ဖြစ်တဲ့မတော်တဆဖြစ်ရပ်ကြောင့် အခက်အခဲတွေ့ပေမယ့် စစ်ပွဲကိုရပ်တန့်မှာမဟုတ်ဘူး။ လိုအပ်ရင် နှောင့်နှေးမှုမရှိဘဲ ပိုပြီးကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်သွားမယ်''ဟု ကတ်ဘိနက်အစည်းအဝေးတွင် ဝန်ကြီးချုပ် အိုလ်မာ့တ်က ပြောကြောင်း ထိုအစည်းအဝေးတွင် ပါဝင်သူတဦးကပြောသည်။ အစ္စရေးတို့၏တိုက်ခိုက်မှုကြောင့် လက်ဘနွန်နိုင်ငံသား ခုနှစ်သိန်းငါးသောင်းကျော် အိုးအိမ်များကိုစွန့်ခွာထွက်ပြေးခဲ့ကြပြီး သေဆုံးသူအရေအတွက် (၅၁၀) ဦးကျော် သွားပြီဖြစ်သည်။

❖

## ကမ္ဘာ့စစ်ပွဲများတွင်ပါဝင်နေရသော ကလေးစစ်သားနှစ်သိန်းကျော်ရှိ




ကမ္ဘာတဝှမ်းဖြစ်ပွားနေသောစစ်ပွဲများတွင် ပါဝင်တိုက်ခိုက်နေရသော ကလေးစစ်သားအရေအတွက်သည် (၂၅၀၀၀၀) ကျော်ရှိပြီး စစ်သားများ၏ လိင်ပိုင်းဆိုင်ရာစော်ကားမှုခံရသောအမျိုးသမီးများမှာ သောင်းနှင့်ချီ၍ရှိသည်ဟု ကုလသမဂ္ဂအကြီးတန်းအရာရှိတဦးကပြောသည်။

ကလေးစစ်သားများစွာသည် ပဋိပက္ခတခုမှ ပဋိပက္ခတခုသို့ သံသရာလည်နေရသည်ဟု ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူး လက်အောက်အရာရှိတဦးဖြစ်သူ ရာဒီကာက ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဇူလိုင် (၂၄) ရက်နေ့က ပြောခဲ့သည်။

သူမက ဆီရာလီယွန်မှကလေးစစ်သားတဦးဖြစ်သူ အဘူကို ဥပမာပေးပြောခဲ့သည်။ သူပုန်များက အဘူကို အသက် (၁၁) နှစ်အရွယ်တွင် ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။ တပ်ဖျက်သိမ်းလိုက်ချိန်တွင် အဘူသည် အသက် (၁၅) နှစ်အရွယ်ရောက်နေပြီဖြစ်ပြီး တပ်မှူးတဦးလည်းဖြစ်နေပြီဖြစ်သည်။ သူ၏အသိုင်းအဝိုင်းက သူ့ကိုပြန်လည်လက်ခံခဲ့သော်လည်း သူသည်အထီးကျန်ကာ ကြောက်ရွံ့နေခဲ့သည်။ ခြောက်လကြာပြီးနောက် လိုင်ဘေးရီးယားရှိ သူပုန်စခန်းသို့ပြန်သွားခဲ့ပြီး နောက်ပိုင်းတွင် အိုင်ဗရီကို့စ်သို့ရောက်သွားခဲ့သည်။ မည်ကဲ့သို့တိုက်ခိုက်ရမည်ဆိုသည့်တခုကိုသာသူသိသည်ဟု အဘူက ကုလသမဂ္ဂဝန်ထမ်းများကိုပြောပြခဲ့သည်။

(၂၀၀၃) ခုနှစ်မှ စတင်ဖြစ်ပွားခဲ့သော ပဋိပက္ခများကြောင့် ကလေးငယ် (၁၄) သန်းသည် ရွှေ့ပြောင်းနေထိုင်ကြရပြီး နှစ်စဉ်မြေမြှုပ်မိုင်းကြောင့်သေဆုံးရသူ၊ ဒဏ်ရာအနာတရဖြစ်ရသူ (၈၀၀၀) မှ (၁၀၀၀၀) အတွင်းတွင်ရှိသည်။ ပြီးခဲ့သည့် ဆယ်စုနှစ်အတွင်း ကလေးငယ်နှစ်သန်းခန့်သည် စစ်ပွဲများကြောင့်သေဆုံးခဲ့ရသည်။ အနည်းဆုံးလူဦးရေခြောက်သန်းဒဏ်ရာရခဲ့သည်။ (၁၂) သန်း အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့သည်ဟု ယူနီဆက်ဖ်အမှုဆောင်ဒါရိုက်တာ အန်းဗီးန်မန်းကပြောသည်။ ❖

# မှန်ကန်တဲ့လုပ်ငန်းစဉ်တခုတွေ့ရလာကြပြီ




လက်နက်ကိုင်တော်လှန်ရေးမှာ ကာလရှည်ပါခဲ့သူတယောက်ရဲ့အတွေ့အကြုံအနေနဲ့ပြောရရင် လက်နက်ချချင်တဲ့လူဟာ ဆင်ခြေပေးစရာတွေပဲရှာတော့တယ်။ အမှန်တရားကိုမရှာတော့ဘူး။ ကိုယ့်အချင်းချင်းချကြတာဟာ တော်လှန်ရေးလုပ်ငန်းတခုလိုတောင်ထင်လာကြတယ်...
ဝမ်းသာစရာကောင်းတာတခုက ပြည်တွင်းပြည်ပနိုင်ငံရေးအင်အားစုတွေရော၊ နိုင်ငံရေးလုပ်သူတွေပါ အများစုကြီးအနေနဲ့ ပြည်တွင်းလုပ်ငန်းဟာ အဓိကဆိုတဲ့လုပ်ငန်းစဉ်ဆိုင်ရာ သေနင်္ဂဗျူဟာအချက်ပေါ်မှာ တူညီမှုရလာကြတာပဲ။
ဆယ်စုနှစ်တနှစ်ကျော်ဖြတ်သန်းပြီးမှ ရှာတွေ့လာတဲ့အမှန်တရားတခုလို့ဆိုရင်...

စစ်အာဏာရှင်စနစ်မျက်လုံးနီနေပြီ။ ဗိုလ်သန်းရွှေတို့ရဲ့စစ်အုပ်စုကတော့ မျက်စိပြာနေပြီ။

သတင်းစာတွေထဲမှာက နှစ်မျက်နှာခွဲပါတဲ့ ဆောင်းပါးတွေမပြတ်ပါနေတယ်။ ဆောင်းပါးတွေက ဘာအနှစ်သာရ၊ ဘာတန်ဘိုးမှမရှိ။ မည်းမည်းမြင် ထိုးဟောင်တဲ့ သဘောသာဖြစ်တယ်။ ကလောင်သစ်၊ ကလောင်ဟောင်းတွေ၊ နာမည်သစ်၊ နာမည်ဟောင်းတွေ ပေါ်ထွက်လာတာတွေ့ရတယ်။ နအဖဟာ ရှိသမျှအင်အားကိုစုပြီး ခုခံနေတဲ့သဘောကိုပြနေတယ်။

ဒီတချီ သူတို့ရဲ့ခံစစ်ကြောင်းထဲက ဆောင်းပါးတွေဟာလည်း အရင်အင်မ်အိုင် (MI) မျက်မှန်တင်ဦးရဲ့ “နောက်ဆုံးနေ့များ”နဲ့ ထောင်နန်းစံဗိုလ်စန်းပွင့်ရဲ့ “ထို့ကြောင့် ဤသို့”လိုပဲ အာဏာပိုင်တဦးဦးရဲ့ အနီးကပ်ကြီးကြပ်ကွပ်ကဲမှုအောက်မှာ ရေးတာပဲဖြစ်တယ်လို့ ယူဆစရာတွေ တွေ့နေရတယ်။ ဆောင်းပါးရှင် နာမည်ကတော့ ကြိုသလိုကောက်တပ်လိုက်တဲ့ သဘောရှိတယ်။ နောက်ပြီး အရည်အချင်းထက် အရေအတွက်ကို ဦးစားပေးနေရတာလည်း ရှင်းတယ်။

အခု ဆောင်းပါးတွေဟာ သိုးဆောင်းစကားပုံတခုအတိုင်းပြောရရင် ဝိုင်အရက်ဟောင်းကို ပုလင်းအသစ်နဲ့ထည့်လာတာသာဖြစ်တယ်။ အကြောင်းက အတွေးအခေါ်ပိုင်း၊ အယူအဆပိုင်းမှာ ဘာမှအသစ်အဆန်းမပါလို့ပဲ။ တကယ်တော့ အခု သူတို့ရေးနေတာတွေရဲ့အတွင်းသဘောကို လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်လောက်က တော်တော်လေးတွေ့ဖူးခဲ့ပြီ။ အဲဒီတုန်းကတော့ ကလောင်ရှင်ဟာ သွားလေသူ သခင်စိုး။ စစ်အစိုးရကို မာ့က်စ်ဝါဒစကားလုံးဆံဆံတွေအသုံးပြုပြီး အလုပ်အကျွေးပြုတာမျိုး။ နောက်ပြီး တချို့ဆောင်းပါးတွေကျတော့ အိမ်ချုပ်ကျ ဗိုလ်ခင်ညွန့်ရဲ့ အာဘော်နဲ့ခပ်ဆင်ဆင်။

သခင်စိုးက ရှစ်လေးလုံးလူထုအုံကြွမှုကို "Vandalism" လို့ သမုတ်တယ်။ အဲဒီ ဗင်ဒယ်လစ်ဇင်ဆိုတဲ့အင်္ဂလိပ်စကားရဲ့ ဗမာလိုအဓိပ္ပာယ်ဟာ စစ်အစိုးရသုံးနှုန်းလေ့ရှိတဲ့ အဖျက်ဝါဒဆိုတာနဲ့ တထပ်ထဲလောက်ပဲ။ ဒီနေရာမှာ ၁၉၄၇ ခုနှစ်ဆီတုန်းက သခင်စိုးက သူ့နောက် မလိုက်ပါရကောင်းလားဆိုပြီး လူထုကို “လူထုမဟုတ်ဘူး၊ လဒူ”လို့ အသံချဲ့စက်ကနေ ကော်ဆဲခဲ့တာသတိရစရာပဲ။ အခု ကလောင်ရှင်များကတော့ "mobocracy"တဲ့။ "Anarchism" တဲ့။ (သူတို့ဟာ အလံနီနွယ်တွေဖြစ်တယ်လို့ အသံလွှင့်ဌာနတခုကပြောတာလည်း ကြားမိလိုက်တယ်။) မိုဘိုကရေစီဆိုတာက လူအုပ်လူစုရဲ့ဒီမိုကရေစီဆိုတဲ့ အဓိပ္ပါယ်၊ ပြည်သူလူထုက ရွေးချယ်တဲ့ ဒီမိုကရေစီမဟုတ်ဘူးလို့ဆိုတာ။ အနာခစ်ဇင် ဆိုတာကိုတော့ မင်းမဲ့ဝါဒလို့ စစ်မဖြစ်ခင်ကတည်းက ဘာသာပြန်ကြလေ့ရှိတယ်။ ဗိုလ်ခင်ညွန့်က “ဗကပဟာ ဖြတ်လမ်းက အာဏာသိမ်းဖို့ကြိုးစားတယ်”လို့ ရေးတယ်။ အခု လူတွေကတော့ ဗကပဆိုတဲ့နေရာမှာ အဲန်အယ်လ်ဒီဆိုတာနဲ့လဲလိုက်တယ်။ ဘာမှမကွာဘူး။ ကွာတာတခုပဲရှိတယ်။ ဟိုတုန်းကတော့ အမေရိကန်နဲ့ဗကပကို စစ်အစိုးရရဲ့ အဓိကရန်သူအဖြစ်ဖော် ပြတယ်။ အမေရိကန်နဲ့ဗကပတို့ရဲ့ အဲန်အယ်လ်ဒီထဘီလုပ်ပွဲလို့တောင် ရိုင်းရိုင်းစိုင်းစိုင်းတင်စားတယ်။ အခုတော့ တမျိုးပြောင်းသွားပြီ။ ဗကပနဲ့ အဲန်အယ်လ်ဒီတို့ဟာ ပြည်ပဆရာကြီးတွေချမှတ်ပေးနေတာတွေကို တကြိတ်ထဲ၊ တဉာဏ်ထဲ အတိုင်အဖောက်ညီညီ လုပ်နေကြတယ်တဲ့။ အထောက်အထားမရှိဘဲ ပြောရတယ်ဆိုတာတယ်လွယ်တာပဲ။ ပြောချင်တာပြောလို့ရနေတယ်။ ဘာမှ သက်သေပြဖို့မလိုဘူး။

ဗမာပြည်ရဲ့ ဒီနေ့ပြဿနာက အခြေခံဒီမိုကရေစီပြဿနာသာဖြစ်တယ်။ သိပ်အခြေခံကျပြီး လူထုဆန္ဒ၊ လူထုလိုအပ်ချက်နဲ့ သိပ်ဟပ်စပ်တဲ့ကိစ္စဖြစ်တယ်။ အခြေခံဒီမိုကရေစီဆိုတာကို အလွယ်ဆုံးပြောရရင် အလုပ်သမားတွေက အလုပ်သမားသမဂ္ဂတွေဖွဲ့ပြီး အလုပ်သမားရေးရာတွေ ဆောင်ရွက်နိုင်ဖို့၊ လယ်သမားတွေက လယ်သမားသမဂ္ဂတွေဖွဲ့ပြီး လယ်သမားရေးရာတွေလုပ်ဆောင်နိုင်ဖို့၊ ကျောင်းသားတွေက ကျောင်းသားသမဂ္ဂ၊ အမှုထမ်းတွေက အမှုထမ်းသမဂ္ဂ၊ ကုန်သည်တွေက ကုန်သည်အသင်း၊ စာပေသမားတွေက စာပေသမဂ္ဂစသဖြင့် ကိုယ့်အရေး ကိုယ်ဆောင်ရွက်ခွင့်ရဖို့ဖြစ်တယ်။ နိုင်ငံ့အရေးလုပ်ချင်သူကို လုပ်ခွင့်ပေးဖို့၊ သူ့အယူအဆကို လွတ်လွတ်လပ်လပ် ဖော်ထုတ်ခွင့်ပြုဖို့ စတာတွေသာဖြစ်တယ်။ စစ်အာဏာရှင်တွေက ဒါတွေကိုခွင့်မပြုလို့ ဒီနေ့လို ထိပ်တိုက်ရင်ဆိုင်ရတဲ့ ပြဿနာကြီးကြုံတွေ့နေကြရတာဖြစ်တယ်။

တဆက်တည်းမှာ ပြောလို့ရတာက ဒီကွင်းဆက်ပြဿနာဟာ အခြေခံကျလွန်းလို့လည်း လူထုကြီးကတဘက်၊ စစ်အုပ်စုက တဘက်ဆိုသလို ရှင်းရှင်းလင်းလင်း၊ ပြတ်ပြတ်သားသားကြီး ကွာခြားနေကြတာဖြစ်တယ်။ ဒီလိုအခါမှာ ဒီချုပ်ပဲဖြစ်ဖြစ်၊ ဗကပပဲဖြစ်ဖြစ်၊ တခြားဘယ်အဖွဲ့အစည်းပဲဖြစ်ဖြစ် အခြေခံဒီမိုကရေစီအခွင့်အရေးများရရှိရေးကို ထောက်ခံသူမှန်သမျှ တဘက်တည်း၊ တစုတည်းလို တွေ့မြင်နေရတာဘာမှမဆန်းဘူး။ သဘာဝကျတယ်လို့သာဆိုရမယ်။ ဒါကို သူက ကွန်မြူနစ်မို့၊ သူက လစ်ဘရယ်ခနရှင်မို့၊ သူက ပြည်ချစ်သက်သက်မို့ စသဖြင့် အာဃာတနဲ့ ကြည့်မြင်လို့မဖြစ်ဘူး။ တခုသောစံပေါ်မှာ မတူတဲ့လူတွေ၊ မတူတဲ့အင်အားတွေ သွေးစည်းကြတယ်ဆိုတာ ဘာမှမဆန်းဘူး။ ဗမာသမိုင်းမှာလည်းရှိခဲ့တယ်၊ ကမ္ဘာ့သမိုင်းမှာလည်း အများကြီး။ ဒါပေမယ့် နအဖစစ်အုပ်စုကတော့ ဒါကိုပဲ မကျေနပ်နေတာဖြစ်တယ်။ ပဋိပက္ခဖြစ်နေတဲ့ဘက် (၂) ခုရယ်လို့ရှိလာရင် တဘက်က မမြင်ချင်အဆုံးဟာ တခြားတဘက် ညီညွတ်သွေးစည်းတာ၊ အားကြီးတာပဲ။ ဒါနဲ့ပါတ်သက်ရင် ဗမာပြည်က စစ်အုပ်စုမှာ မဟော်သဓာ တဇာတ်ထဲက ကေဝဋ်ပုဏ္ဏားလို တသက်မမေ့နိုင်တဲ့ အမာရွတ်ရှိနေတယ်။ အဲဒါဟာ (၁၉၉၀) ရွေးကောက်ပွဲပဲ။ အဲဒီမှာ အဲန်အယ်လ်ဒီနဲ့ စစ်အုပ်စုကိုယ်စားလှယ် တစည တို့ စီးချင်းထိုးရသလိုဖြစ်ခဲ့ပြီး သူတို့တွက်ထားတာနဲ့ လုံးဝပြောင်းပြန် တစည အပြတ်အသတ်ရှုံးခဲ့တယ်။ ဦးနုရဲ့ သန့်ရှင်းဖဆပလ အနိုင်ရခဲ့တဲ့ ၁၉၆၀ ခုနှစ်ရွေးကောက်ပွဲကိုသင်ခန်းစာမယူခဲ့တဲ့၊ လူထုကို အထင်သေးခဲ့တဲ့၊ မြေအောက်အင်အားတွေကို လျှော့တွက်ခဲ့တဲ့ စစ်အုပ်စုဟာ အဲဒီမှာကွဲခဲ့တယ်။ အခုတော့ ဒီဗိုလ်ချုပ်တတွေ သင်ခန်းစာယူတတ်ပြီလို့ ယူဆရတယ်။

ဒါပေမယ့် အဲဒီအတွေ့အကြုံနဲ့ အဲဒီသင်ခန်းစာကို အတိုက်အခံတွေယူနိုင်ရဲ့လား။ ဒီနေ့မြင်တွေ့နေရတာတွေအရဆိုရင် သံသယဖြစ်စရာတွေရှိနေတယ်။ တစ်ကကိုယ့် ပြည်သူလူထုကြီးအပေါ် ယုံကြည်မှုနည်းလာသလားလို့။ တချို့လူဟာ တိုက်ပွဲအီလာရင် စိတ်ဓာတ်လည်း အီလာတတ်တယ်။ လူထုကို အပြစ်တင်ချင်လာတယ်။ သတ္တိနည်းရသော်ကော၊ ဉာဏ်နည်းရသော်ကော စသဖြင့် လူထုကို အပြစ်တင်ချင်လာတယ်။ နှစ်က ကိုယ့်တွင်းညီညွတ်ရေးပြဿနာ။ တဘက်မှာရှိတဲ့ ရန်သူအပြင် ကိုယ့်ဘေးမှာရှိတဲ့ အတူတိုက်နေသူကိုလည်း မကြည်ဘူးဖြစ်လာတတ်တယ်။ ဒါ့အပြင် ရန်သူနဲ့ အလျှော့ပေးစေ့စပ်ချင်တာ၊ ရန်သူကို ကြံဖန် “အကောင်းမြင်” တာလေးတွေလည်း ဖြစ်လာတတ်တယ်။ ရန်သူခေါင်းမာတာဟာ ကိုယ့်ဘက်က ခေါင်းမာလို့ဆိုတဲ့ စဉ်းစားတာမျိုးတောင် ပေါ်လာတတ်တယ်။ လက်နက်ကိုင်တော်လှန်ရေးမှာ ကာလရှည်ပါခဲ့သူတယောက်ရဲ့ အတွေ့အကြုံအနေနဲ့ ပြောရရင် လက်နက်ချချင်တဲ့လူဟာ ဆင်ခြေပေးစရာတွေပဲရှာတော့တယ်။ အမှန်တရားကိုမရှာတော့ဘူး။ ကိုယ့်အချင်းချင်းချကြတာဟာ တော်လှန်ရေးလုပ်ငန်းတခုလိုတောင် ထင်လာကြတယ်။ ပြောလာကြတယ်။

ဒီနှစ်ပိုင်းအတွင်း ဝမ်းသာစရာကောင်းတာတခုက ပြည်တွင်းပြည်ပ နိုင်ငံရေးအင်အားစုတွေရော၊ နိုင်ငံရေးလုပ်သူတွေပါ အများစုကြီးအနေနဲ့ ပြည်တွင်းလုပ်ငန်းဟာ အဓိကဆိုတဲ့လုပ်ငန်းစဉ်ဆိုင်ရာ သေနင်္ဂဗျူဟာအချက်ပေါ်မှာ တူညီမှုရလာကြတာပဲ။ ဆယ်စုနှစ်တနှစ်ကျော်ဖြတ်သန်းပြီးမှ ရှာတွေ့လာတဲ့ အမှန်တရားတခုလို့ဆိုရင်လည်း မမှားဘူး။ တကယ်ဝမ်းသာစရာကောင်းတယ်။ တဘက်မှာလည်း အတိုက်အခံတွေက ဒီအချက်ကိုတင်လာတာနဲ့အမျှ နအဖအတွင်း ဂမူးရှူးထိုးဖြစ်လာတာကို သတိထားမိတယ်။ အထက်မှာဆိုခဲ့သလို အစွမ်းကုန်စုပြုံခုခံဖို့လုပ်လာနေတာတွေ့ရတယ်။

ကိုယ့်ဘက်ကရော၊ လူတိုင်း သူတို့လောက်အလေးထားပြင်ဆင်ကြရဲ့လား။ ပြောတာလောက်နဲ့ တာဝန်ကျေပြီယူဆကြသလား။ လုပ်စရာက ရှင်းတယ်။ မြေအောက်ကလပ်စည်းတွေကိုတည်ဆောက်ပြီး ပြင်ဆင်ဖို့ပဲ။ နည်းလမ်းဟာရိုးတယ်၊ ဒါပေမယ့် အောင်မြင်တဲ့သမိုင်းတွေအများကြီးရှိတယ်။ ဗမာပြည်က ဖက်ဆစ်တော်လှန်ရေးအပါ၊ အောင်မြင်တဲ့တော်လှန်ရေးတိုင်း ဒီလိုမြေအောက်ကလပ်စည်းကို တည်ဆောက်ခဲ့တာချည်းပဲ။ ဘယ်တခုမှ ခြွင်းချက်မရှိဘူး။

ဒါပေမယ့် ဒီလိုလုပ်တာကို နအဖက တွက်ထားပြီးသားမို့ အန္တရာယ်ရှိတယ်၊ မလုပ်ချင်ဘူးဆိုရင်လည်း ဖြစ်တယ်၊ တီထွင်တာ၊ ကြံဆတာ၊ လမ်းထွင်တာတွေဟာ အကျအဆုံးနည်းရင်ကောင်းတာပဲ။ အဓိကဟာ ပြည်တွင်းမှာလုပ်တာဖြစ်ဖို့ပဲ။ လက်ဖွေ့ လေ့ကျင့်တဲ့ ရှဲဒိုးဘောက်ဆင်ခေါ် ကိုယ့်အရိပ်နဲ့ ထိုးသတ်နေတာမျိုးနဲ့တင်တော့ မဖြစ်ဘူး။

မှန်တာပြောရရင် ဒီအခြေအနေကို အတိုက်အခံတွေက အခွင့်ကောင်းယူနိုင်ရဲ့လား။ မှန်ကန်စွာအသုံးချနိုင်မလားဆိုတဲ့အချက်ဟာ အရေးတော်ပုံ အောင်မယ် မအောင်ဘူးဆိုတာနဲ့ တိုက်ရိုက်ဆက်စပ်နေတယ်။ လမ်းစဉ်မှန်တခုတွေ့ရုံနဲ့ လုပ်ငန်းကပြီးတာမဟုတ်ဘူး။ လက်တွေ့လုပ်မယ့်လူ၊ လုပ်တဲ့လုပ်ငန်းရှိရအုန်းမယ်။ လက်တွေ့လုပ်ငန်းဆိုတာ ပြည်တွင်းထဲမှာဖြစ်ရမှာ။ ကိုယ့်ပြည်တွင်းမှာ စူးစိုက်ထားရမယ့်အင်အားနဲ့ အာရုံကို ပြည်ပကိုဆွဲထုတ်သွားဖို့မဟုတ်ဘူး။ ဒီနေ့အချိန်ဟာ ကယ်တင်ရှင်မျှော်နေရမယ့်အချိန်မဟုတ်ဘူး။ ပြည်တွင်းကလူတွေနဲ့ ပြောမိတဲ့အခါမှာ သူတို့က ဗမာပြည်ကို ကုလသမဂ္ဂဝင်ထဲဆွဲသွင်းလို့ ဘာမှဖြစ်မလာဘူး၊ ကုလသမဂ္ဂကလည်း ဗမာပြည်အရေးကို ရေးကြီးခွန်းကျယ်လုပ်နေမှာ မဟုတ်ဘူး၊ နအဖကလည်း ဂမ်ဘာရီလိုလူမပြောနဲ့ အာနန်လိုလူကလာပြောလည်း ဂရုစိုက်မှာမဟုတ်ဘူးလို့ပဲ ရှင်းရှင်းလင်းလင်းပြောတယ်။ တချို့ကဆိုရင် နအဖနဲ့စေ့စပ်စကားတောင် မကြားချင်ဘူးလို့ပြောတယ်။ သူတို့ပြောတာက စေ့စပ်တယ်ဆိုတဲ့တရားကို ငြင်းပယ်တာမဟုတ်ဘူး။ သူတို့ဆိုလိုတာက နအဖက ဘယ်တော့မှစေ့စပ်မှာမဟုတ်ဘူးဆိုတာပဲ။

သူတို့ပြောတာ တကယ်ပဲစဉ်းစားစရာကောင်းတယ်။

အထူးသဖြင့် ဒီနေ့လို လူတချို့က ကိုယ့်အချင်းချင်းအတွင်း ရန်ပြန်စောင်နေ၊ နအဖကို တဘက်သတ် သူမသိ ကိုယ်ပိုးလုပ်နေချိန်မှာ။

တိုက်ပွဲမရောက်ခင် သူရဲကောင်းဖြစ်ချင်နေလို့တော့မဖြစ်ဘူး။ ကိုယ့်ဟာကိုယ်၊ ဒါမှမဟုတ်ကိုယ့်အချင်းချင်း သတ်မှတ်နေလို့လည်းမရဘူး။ သူရဲကောင်းဆိုတာဟာ တိုက်ပွဲထဲကို ဖြတ်သန်းပြီးစမ်းသပ်၊ ပြည်သူရဲ့အသိအမှတ်ပြုခံရတာ။ လူတဦးစီပဲဖြစ်စေ၊ ပါတီတခုချင်းစီပဲဖြစ်စေ၊ အားလုံး ဒီလိုပဲမှတ်ကျောက်တင်ခံပြီးမှ သူရဲကောင်းဖြစ်မှာပဲ။

ဗသြ

# ကလေးသူငယ်များအတွက် အန္တရာယ်အရှိဆုံး (၁၀)နိုင်ငံတွင် မြန်မာနိုင်ငံလည်းပါဝင်


နအဖ၏လက်အောက်တွင် ကလေးသူငယ်များသည် အမှန်တကယ်အန္တရာယ်ရှိနေသည်။

အာဏာသိမ်းနအဖစစ်အုပ်စု၏လက်ထက် မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ကလေးငယ်များအတွက် မသင့်လျော်သည့်ဘေးအန္တရာယ် အကြီးဆုံးနိုင်ငံ (၁၀) နိုင်ငံတွင် ပါဝင်သည်ဟု ရိုက်တာ (Reuters) သတင်းဌာန၏ လူသားချင်းစာနာထောက်ထားမှု ကျွမ်းကျင်သူများ၏စစ်တမ်းတွင်ဖော်ပြခြင်းခံရသည်။

မြန်မာနအဖစစ်တပ်တွင် ကလေးစစ်သား (၇၀, ၀၀၀) အထိရှိပြီး တိုင်းရင်းသားလူမျိုးစုများကို နှိပ်စက်ခိုင်းစေနေသည်ဟု "အန္တရာယ်ဇုံ (၁၀) ခုတွင် ဘေးအန္တရာယ်ရင်ဆိုင်နေရသည့်ကလေးများ" အမည်ရှိ ထိုစစ်တမ်းတွင်ဖော်ပြခဲ့သည်။

မြန်မာနိုင်ငံနှင့်စပ်လျဉ်း၍ ထိုအစီရင်ခံစာ၏ဖော်ပြချက်တွင် လက်ရှိမြန်မာစစ်တပ်၏ ငါးပုံတပုံခန့်တွင် အရွယ်မရောက်သေးသည့်ကလေးစစ်သားများကို အသုံးပြုထားကြောင်း ကလေးငယ် (၇၀,၀၀၀) ခန့်သည် စစ်သားများအဖြစ် အဓမ္မခေါ်ယူအသုံးပြုခြင်းခံခဲ့ရကြောင်းဖော်ပြထားပြီး လူမျိုးစုဒေသများတွင် ရက်စက်သည့်သတ်ဖြတ်မှုများကို ထိုကလေးငယ်များအား အဓမ္မကျူးလွန်ခိုင်းနေသည်ဟုလည်း လူ့အခွင့်အရေးအဖွဲ့များကပြောသည်။

တချိန်ထဲတွင် အာဏာသိမ်းစစ်အုပ်စုကို ဆန့်ကျင်တော်လှန်နေကြသည့် တော်လှန်ရေးအဖွဲ့အစည်းများတွင်လည်း ကလေးငယ်များကို လက်နက်ကိုင်ခိုင်းစေနေသည်ဟု ဖော်ပြထားသည်။ မြန်မာစစ်တပ်၏ လူမျိုးစုများအပေါ် ထိုးစစ်ဆင်တိုက်ခိုက်မှုများတွင် ထောင်ချီရှိသည့် ကလေးများသည် တောတောင်များနှင့် ဒုက္ခသည်စခန်းများတွင် အိုးမဲ့ အိမ်မဲ့ ခိုကိုးရာမဲ့ဘဝများရောက်ခဲ့ကြရကြောင်းလည်း ထိုစစ်တမ်းတွင်ရေးသားထားသည်။

ရိုက်တာကထုတ်ပြန်သည့် ကလေးများအတွက် အဆိုးရွားဆုံး (၁၀) နေရာစာရင်းတွင် မြန်မာ၊ ဆူဒန်၊ ယူဂန်ဒါ၊ ကွန်ဂို၊ အီရတ်၊ ဆိုမားလီးယား၊ အိန္ဒိယ၊ အာဖဂန် နစ္စတန်၊ ပါလက်စတိုင်းနှင့် ချေချင်းညာတို့ပါဝင်သည်။

ရိုက်တာက ယင်းသို့ စစ်တမ်းထုတ်ရခြင်းမှာ ကမ္ဘာပေါ်တွင် ကလေးငယ်အချို့ အခွင့်အရေးများဆုံးရှုံးနေသော်လည်း လူအများကမသိသောကြောင့် အခြေအနေမှန်ကိုသိစေရန် မီဒီယာမှတဆင့် ဖော်ထုတ်ပေးခြင်းဖြစ်သည်ဟု စစ်တမ်းရေးသားရာတွင် ပါဝင်သူ ရိုက်တာ (Alert Net) ၏ အယ်ဒီတာ မှော်ဂျုံးစ်က ဘီဘီစီသတင်းဌာနကိုပြောသည်။

"မြန်မာနိုင်ငံမှာ ကလေးစစ်သားတွေအသုံးပြုနေတယ် ကလေးတွေက စစ်သားအဖြစ်အသုံးချခံရတော့ သူတို့ဟာ အသက်ဆုံးရှုံးဖို့လည်း အတော်နီးစပ်တယ်။ နောက်ပြီး စစ်တိုက်ဖို့သင်တန်းတွေလည်း တက်ရတယ်။ ဒီအခြေအနေတွေက လူသားချင်းစာနာမှုရှုထောင့်ကကြည့်ရင် သိပ်ဆိုးတယ်လို့ ပြောလို့ ရတယ်" ဟု ၎င်းကပြောဆိုသည်။

လူသားချင်းစာနာထောက်ပံ့မှုကယ်ဆယ်ရေးဆိုင်ရာကျွမ်းကျင်သူ (၁၀၀) ကျော်၏ သဘောထားများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများအပါအဝင်အချက်အလက်များဖြင့် ဤစစ်တမ်းကိုထုတ်ပြန်ထားခြင်းဖြစ်ကြောင်း သိရသည်။

ဆူဒန်နိုင်ငံ ဒါးဖိုး (Darfur) ဒေသရှိ ကလေးငယ် (၁,၇၀၀,၀၀၀) ခန့်သည် ဒုက္ခသည်စခန်းများတွင် နေထိုင်နေရကြောင်း၊ တောတောင်ထဲတွင် ထင်းရှာသည့်မိန်းကလေးငယ်များမှာ အဓမ္မအကျင့်ခံနေရကြောင်းနှင့် ယောကျ်ားလေးများသည် လက်နက်ကိုင်တပ်ဖွဲ့များအတွင်းသို့ အတင်းအကျပ်ဆွဲသွင်းခံနေရကြောင်း အဆိုပါ စစ်တမ်းတွင်ဖော်ပြထားသည်။

ဆိုမားလီးယားနိုင်ငံတွင် အဆိုးရွားဆုံး မိုးခေါင်မှုကြောင့် လူများထောင်သောင်းများစွာဒုက္ခကြုံတွေ့နေရာ ထိုအထဲမှကလေးငယ်လေးပုံတပုံခန့်မှာ အသက်ငါးနှစ်မပြည့်ခင်သေဆုံးနေကြရသည်ဟုဆိုသည်။ ထို့အတူ အိန္ဒိယနိုင်ငံတွင်လည်း အာဟာရချို့တဲ့မှုကြောင့် ငါးနှစ်အောက်ကလေးငယ် (၁၂ သိန်း – ၁,၂၀၀,၀၀၀ ) ခန့် နှစ်စဉ်သေဆုံးနေရသည်ဟု ဖော်ပြထားသည်။

သို့ရာတွင် မြန်မာနအဖစစ်အုပ်စုက ကလေးစစ်သားများအသုံးပြုသည့်ကိစ္စကို လုပ်ကြံဖန်တီးရေးသားချက်များဖြစ်ကြောင်း မကြာခဏငြင်းဆိုနေရာ ကမ္ဘာ့တဝန်း ကလေးစစ်သားအသုံးပြုမှုရပ်စဲရေးညွန့်ပေါင်းအဖွဲ့ ညွှန်ကြားရေးမှူး ဗစ်တိုးရီးယား ဖော့ဘစ်အဒမ် (Victoria Fobes Adam) က ထိုအစီရင်ခံစာများသည် စနစ်တကျ အသေအချာပြင်ဆင်လေ့လာပြီးမှ မှတ်တမ်းတင်ခြင်းဖြစ်ကြောင်း၊ မြန်မာပြည်တွင် ကလေးစစ်သားများအသုံးပြုထားခြင်း ရှိမရှိ ဆိုသည်မှာ သံသယဖြစ်စရာမလိုကြောင်း တုံ့ပြန်ပြောဆိုခဲ့ပြီး စစ်တပ်စခန်းများသို့ သွားရောက်ကာ တဦးချင်းမှတ်တမ်းယူ၊ စစ်တမ်းကောက်ရန် အခက်အခဲရှိနေသည့်အတွက် ဖော်ပြသည့်အချက်အလက်များ ကွဲလွဲနိုင်သော်လည်း ဘက်ပေါင်းစုံမှ သတင်းအချက်အလက်များအရ မြန်မာနိုင်ငံတွင် ကလေးစစ်သားအသုံးပြုမှုသည် သံသယဖြစ်စရာမလိုကြောင်း ထောက်ပြပြောဆိုခဲ့သည်။

မြန်မာနိုင်ငံအတွင်း ကလေးစစ်သားအသုံးပြုမှုနှင့်ပတ်သက်၍ (၂၀၀၂) ခုနှစ် လူ့အခွင့်အရေးစောင့်ကြည့်လေ့လာရေးအဖွဲ့ကြီးကလည်း အစီရင်ခံစာတစောင်ထုတ်ပြန်ဖူးရာ မြန်မာနအဖစစ်တပ်တွင် ကလေးစစ်သား (၇၀,၀၀၀) ထက်မနည်း စစ်မှုထမ်းနေကြောင်းဖော်ပြခဲ့သည်။ ❖

## တတိယနိုင်ငံရောက်ဗေဒါကြိုးကြာ

ဒုတိယနိုင်ငံမှညီမလေးအတွက်



နှင်းဆီတွေက ဘယ်အချိန်မှပွင့်တာလဲ။

မင်းသီချင်းနဲ့
ငါ့သီချင်းမတူပေမယ့်
ဖွဲ့ရပုံချင်းတူတယ်
မင်းလည်းအသပြာအတွက်
ငါလည်း ဒေါ်လာအတွက်။

နှင့်နှင့်သီးသီး
ဒီရေစီးဘယ်အထိစီးရမှာလဲ
ငါတို့ကအလွမ်းတွေကို
မီးနဲ့ပုံရှို့ခဲ့ရ
နှစ်ပရိစ္ဆေဒများစွာ။

ကမ္ဘာ့မှုပြုခြင်းကပေးတယ်
ငါတို့ကို
တတိယနိုင်ငံထွက်ရခြင်း
ဒုတိယနိုင်ငံ၌ ဘဝပျက်ရခြင်း
ဒုက္ခသည်တေးသီဆိုရခြင်းများ။

ထားပါတော့ကွယ်
မင်းကိုသာ ငါလွမ်းနေရတာ
မင်းက ဘယ်ရင်ခွင်မှာ နွမ်းခဲ့ပြီလဲ ။ ။

မြင့်ဇေ

# မြန်မာနိုင်ငံဒီမိုကရေစီဖော်ဆောင်ရေးအပေါ် ဂျပန်အစိုးရသဘောထား ပြောင်းလဲလာ

မြန်မာနိုင်ငံတွင် ဒီမိုကရေစီဖော်ဆောင်ရေးအတွက် နိုင်ငံတကာမှဖိအားပေးရန် လိုအပ်နေပြီဟု ဂျပန်နိုင်ငံခြားရေးဝန်ကြီးက ရုရှားနိုင်ငံသို့ရောက်ရှိနေစဉ် ပြောဆိုလိုက်သည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကွန်ဒိုလီဇာရိုက်စ်နှင့်တွေ့ဆုံစဉ် ဂျပန်နိုင်ငံခြားရေးဝန်ကြီး တာရိုအိုဆိုက ယခုလိုပြောကြားလိုက်ခြင်းဖြစ်ပြီး မိုင်နီချိ (Mainichi) သတင်းစာအပါအဝင် ဂျပန်သတင်းစာအများအပြားတွင် အဆိုပါသတင်းကိုဖော်ပြထားသည်။

ရုရှားနိုင်ငံတွင်ပြုလုပ်နေသည့် ဂျီ–၈ (ခေါ်) စက်မှုထိပ်သီးနိုင်ငံကြီးများအစည်းအဝေးတွင် မြန်မာနိုင်ငံအားပိုမိုဖိအားပေးသွားရန် ဂျပန်နှင့်အမေရိကန်နှစ်နိုင်ငံတို့ သဘောတူညီခဲ့ကြခြင်းဖြစ်သည်။


ဂျပန်ဝန်ကြီးချုပ်ကိုအိဇုမိ

မြန်မာနိုင်ငံအရေးပြေလည်သွားစေရေးအတွက် အာဆီယံနိုင်ငံများက ကြိုးပမ်းနေသော်လည်း အရာမထင်သေးကြောင်း၊ ဤအတိုင်းဆက်သွားနေပါက မြန်မာစစ်အုပ်စုအနေဖြင့် နိုင်ငံတကာ၏အရှိန်အဟုန်နှင့် ဖိအားပေးလာမှုကို မလွဲမသွေရင်ဆိုင်ရမည်ဖြစ်ကြောင်း ယင်းတို့က ထောက်ပြခဲ့ကြသည်။

ထို့အပြင် ဂျပန်ဝန်ကြီးချုပ် ကိုအိဇုမိနှင့် အမေရိကန်သမတဂျော့ဒဗလျူတို့ ဝါရှင်တန်ဒီစီတွင်တွေ့ဆုံစဉ် သမတဂျော့ဘုရှ်က မြန်မာနိုင်ငံရေးကိစ္စ ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် တင်သွင်းရေးကြိုးပမ်းမှုကို ဂျပန်ကထောက်ခံရန် တိုက်တွန်းတောင်းဆိုခဲ့ကြောင်းလည်းသိရသည်။ ❖

BINA
Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ
မှထုတ်ဝေဖြန့်ချိသည်။

**အယ်ဒီတာချုပ်**
ဇီဝဇိုး

**တာဝန်ခံအယ်ဒီတာ**
နေသွင်

**သတင်းအယ်ဒီတာ**
စောမင်းထိုက်ကျော်၊ ကျော်ဦးညို၊
ဘုန်းမြင့်၊ ခွာညို

**စာမျက်နှာဖွဲ့စည်းမှု**
စောဒီထူး၊ အောင်ထက်

မိုးကြိုးသတင်းစဉ် သို့
စာမူများ၊
ဝေဖန်အကြံပြုစာများ
ဆက်သွယ်
ပေးပို့နိုင်သည်။

P.O.Box (91)
Mae Sod, 63110
Tak , Thailand.
www.binamojo.org
binamojo@cscoms.com

ပြည်တွင်းလှုပ်ရှားမှု
ဓာတ်ပုံများကို
အသုံးပြုခွင့်ပေးခဲ့သော
နိုင်ငံရေးအံ့တုမှုကော်မတီအား
မိုးကြိုးသတင်းစဉ်မှ
အထူးကျေးဇူးတင်ရှိပါသည်။

အယ်ဒီတာအဖွဲ့

# ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ ငြိမ်းချမ်းရေးလမ်းစဉ်ကိုကိုင်စွဲချီတက် ထိုင်းမြန်မာနယ်စပ်ရောက်ဒီမိုကရေစီအင်အားစုများတိုက်တွန်း





ဆရာကြီးသခင်ကိုယ်တော်မှိုင်းကွယ်လွန်ခြင်း (၄၂) နှစ်ပြည့်အခမ်းအနား

ငြိမ်းချမ်းရေးဖိသုကာ၊ ဆရာကြီးသခင်ကိုယ်တော်မှိုင်းကွယ်လွန်ခြင်း (၄၂) နှစ်တင်းတင်းပြည့်ခဲ့သော ဇူလိုင်လ (၂၃) ရက်နေ့က ထိုင်း–မြန်မာနယ်စပ်တွင် အခမ်းအနားတရပ်ကျင်းပခဲ့ကြပြီး လူမျိုးစုံအကျိုးစီးပွားအတွက် သခင်ကိုယ်တော်မှိုင်းချမှတ်ခဲ့သော ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးလမ်းစဉ်ကိုကိုင်စွဲ၍ မမှိတ်မသုန်ဆက်လက်ချီတက်ကြရန် ဒီမိုကရေစီအင်အားစုများက သံဓိဋ္ဌာန်ပြုခဲ့သည်။

နယ်စပ်ရောက် ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးမြတ်နိုးသူ (၁၀၀) ကျော် တက်ရောက်ခဲ့၍ ဆရာကြီး၏ ကိုလိုနီနယ်ချဲ့ဆန့်ကျင်ရေးသမိုင်း၊ ငြိမ်းချမ်းရေးကြိုးပမ်းမှုသမိုင်းစာတမ်းများပြန်လည်ဖတ်ကြားခဲ့သော အခမ်းအနားအဖွင့်မိန့်ခွန်းတွင် အခမ်းအနားကျင်းပရေးကော်မတီတဦးဖြစ်သော ကဗျာဆရာမောင်လွမ်းဏီက မြန်မာသမိုင်းတွင် ကျေးဇူးကြီးလှသော ဆရာကြီး သခင်ကိုယ်တော်မှိုင်းအောက်မေ့ဖွယ် အလားတူအခမ်းအနားကို ပြည်တွင်း၌ကျင်းပခွင့်မရသည့်အပေါ် ဝမ်းနည်းမိကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

အခမ်းအနားကျင်းပရေးကော်မတီ၏ သဘောထားထုတ်ပြန်ချက်ကို ဖတ်ကြားခဲ့သူ လူဘောင်သစ်ပါတီ ပါတီအတွင်းရေးမှူးတဦးဖြစ်လဲ ကဗျာဆရာဇွန်မှိုင်းက ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏မျိုးချစ်စိတ်ဓာတ်နှင့် နယ်ချဲ့ဆန့်ကျင်ရေးဆောင်ရွက်ချက်များကြောင့် အင်္ဂလိပ်အစိုးရက ရန်သူနံပါတ်တစ်အဖြစ် သတ်မှတ်ခဲ့သည့်နည်းတူ၊ လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်ခဲ့သောပြည်တွင်းစစ်ငြိမ်းချမ်းရေးဆရာကြီး၏ ကြိုးပမ်းချက်များကြောင့် အာဏာရှင်မဆလ၏ ရန်သူနံပါတ်တစ်ဖြစ်ခဲ့ကြောင်း၊ မိမိတို့ကော်မတီအနေဖြင့် ယခုအခမ်းအနားတွင် ဆရာကြီး၏ ဂုဏ်ကျေးဇူးတန်ဖိုးကို ပြီးပြည့်စုံအောင် ဖော်ထုတ်ချီးကျူးနိုင်မည်မဟုတ်ကြောင်း အစချီ၍ ဆရာကြီးချမှတ်ခဲ့သော ငြိမ်းချမ်းရေးလမ်းစဉ်ကို ကိုင်စွဲချီတက်ကြရန် တိုက်တွန်းခဲ့သည်။

ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂအဖွဲ့ချုပ် (နိုင်ငံခြားရေးရာကော်မတီ) က ပေးပို့သောသဝဏ်လွှာတွင် ဆရာကြီး၏ ခေတ်အဆက်ဆက်ဖြတ်သန်းမှုတလျှောက်တွင် ကျောင်းသားမျိုးဆက်များနှင့် ကင်းကွာခဲ့ခြင်းမရှိဘဲ တိုင်းပြည်အရေးအတွက် ရှေ့တမ်းကကြိုးပမ်းခဲ့သည်ကိုဖော်ပြထားပြီး၊ မိမိတို့မျိုးဆက်အနေဖြင့် ဆရာကြီးနှင့်လက်တွဲဆောင်ရွက်ခွင့်မရသော်လည်း ဆရာကြီး၏ ငြိမ်းချမ်းရေးမူအတိုင်း စစ်အာဏာရှင်စနစ်ဖျက်သိမ်းရေး၊ ဒီမိုကရေစီရေးနှင့် ငြိမ်းချမ်းရေးအတွက် ချီတက်သွားမည်ဖြစ်ကြောင်း ရေးသားထားသည်။

အခမ်းအနားတွင် စာရေးဆရာ မြင့်အောင်သန့်က "ဆရာကြီးသခင်ကိုယ်တော်မှိုင်းနှင့် ငြိမ်းချမ်းရေးခရီး"အမည်ဖြင့် စာတမ်းဖတ်ကြားခဲ့ပြီး ကဗျာဆရာကြီး ဦးတင်မိုးနှင့် ကဗျာဆရာကြီးမောင်စွမ်းရည်တို့၏ ဆရာကြီးကိုဂုဏ်ပြုရေးသားထားသော "အဘိုးသခင်ကိုယ်တော်မှိုင်းသို့"နှင့် "မဟာမှိုင်းရဲ့အမွေ"ကဗျာများကို ညိုထက် (လမ်းသစ်ဦး) နှင့် မောင်စွမ်းမြိုင်တို့ကဖတ်ကြားခဲ့သည်။

၁၉၆၄ ခုနှစ်တွင် ကွယ်လွန်ခဲ့သော ဆရာကြီး သခင်ကိုယ်တော်မှိုင်းသည် မကွယ်လွန်ခင်အချိန်အထိ ပြည်တွင်းငြိမ်းချမ်းရေးနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး၊ ၁၉၅၄ တွင် ကမ္ဘာ့စတာလင်ဆုရွေးချယ်ရေးအဖွဲ့ကအပ်နှင်းသော ငြိမ်းချမ်းရေးစတာလင်ဆုနှင့်၊ ၁၉၆၀ တွင် အရှေ့ဂျာမနီပြည် ဟမ်ဘတ်တက္ကသိုလ်မှ ချီးမြှင့်သော ဂုဏ်ထူးဆောင်ပညာပါရဂူဘွဲ့တို့ကို ရရှိခဲ့သည်။ ❖

# လွတ်မြောက်ရေးလှုပ်ရှားမှုအဖွဲ့မှ သတင်းစာရှင်းလင်းပွဲကျင်းပ ဒေါ်စုနှင့် မြန်မာပြည်လွတ်မြောက်ရေးကြိုးပမ်းမည်

NCGUB ၏ အတွင်းရေးမှူးအဖွဲ့မှ ကမကထပြုစီစဉ်ပေးချက်အရ ၁၄ ရက် ဩဂုတ်လ ၂၀၀၆ ရဲ့ စာနယ်ဇင်းနှင့်ရေဒီယို အသံလွှင့်ဌာနများနှင့် လွတ်မြောက်နယ်မြေတနေရာ၌တွေ့ဆုံ၍ Freedom campaign အဖွဲ့၏ Director Jacrb Donnelly က ဒေါ်အောင်ဆန်းစုကြည်နှင့် မြန်မာပြည်လွတ်မြောက်ရေးအတွက် ကမ္ဘာလုံးအတိုင်းအတာဆောင်သည့်လှုပ်ရှားမှုများ ပေါ်ပေါက်လာစေရန် ကြိုးပမ်းနေသည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။



သတင်းစာရှင်းလင်းပွဲမြင်ကွင်း

ယခုရက်သတ္တပတ်အတွင်း၌ ယင်းအဖွဲ့သည် ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေးကြိုးပမ်းမှု၏ အစိတ်အပိုင်းအဖြစ် ဘန်ကောက်မြို့၌ ကမ္ဘာကျော် Black eyed peas တေးဂီတအဖွဲ့မှ ဒေါ်အောင်ဆန်းစုကြည်ကို ဂုဏ်ပြုစပ်ဆိုထားသည့်သီချင်းများကို ဖျော်ဖြေတင်ဆက်ခဲ့ရာ ထိုင်းပြည်သူ တသောင်းခန့်ပါဝင်ဆင်နွှဲခဲ့သည်ဟု သိရှိရသည်။

Freedom Campaign အဖွဲ့သည် အမေရိကန်သမတဟောင်း ကလင်တန်၊ လက်ရှိသမတကြီး ဂျော့ဘုရှ် (ဂျူနီယာ)၊ အမေရိကန်ဆီးနိတ်များဖြစ်သည့် မစ်ချ်မက်ကောနဲစသည့် အမေရိကန်နိုင်ငံရေးသမားများ၏ ထောက်ခံအားပေးမှုများအပြင် ကမ္ဘာကျော်အနုပညာရှင်များနှင့်လည်း ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေး၊ ဗမာပြည်ဒီမိုကရေစီရရှိရေးတို့ကို ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ဝါရှင်တန်ရှိအမျိုးသားညွန့်ပေါင်းအစိုးရအဖွဲ့ဝင်များ Burmma Campgin cuk တို့နှင့်လည်း ဆက်သွယ်လုပ်ဆောင်လျက်ရှိသည်ဟု jacrb က ထုတ်ဖော်ပြောကြားခဲ့သည်။ ❖

# ရှမ်းပြည်တပ်မတော် (တောင်ပိုင်း)မှ အပစ်ခတ်ရပ်သွားသော ခွဲထွက်အဖွဲ့နှင့် နအဖတပ်များကွဲပြီ

ပြီးခဲ့သည့်လ (၆) ရက်နေ့က နအဖနှင့်သွားရောက်ပူးပေါင်းခဲ့သော အက်စ်အက်စ်အေမှတပ်မှူး ဦးမိန်းစင်ခေါင်းဆောင်သောအဖွဲ့ကို နအဖတပ်၏ လက်နက်ဖြုတ်ချရန်ကြိုးပမ်းချက်များကိုသိရှိလာသဖြင့် ယခုအခါ ပြန်လည်တောခိုလာကြောင်း သိရသည်။

တော်လှန်ရေးနယ်မြေသို့ ပြန်လည်ထွက်ခွာလာသော ဦးမိန်းစင်နှင့်အဖွဲ့သည် လောလောဆယ်တွင် အက်စ်အက်စ်အေတပ်သည်အထိဖြစ်ခဲ့ကြောင်း သတင်းများက ဆိုသည်။

ဇူလိုင်လိုင် (၆) ရက်နေ့က အက်စ်အက်စ်အေတပ်မဟာ (၇၅၈) မှ တပ်မဟာမှူး မိန်းစင်ဦးဆောင်သောတပ်ဖွဲ့ဝင် (၈၄၈) ဦးသည် လက်နက်ခဲယမ်းများနှင့်အတူ လက်နက်ချခဲ့ကြောင်း ရှမ်းပြည်တောင်ပိုင်းလဲချားမြို့တွင်ပြုလုပ်သော ဇူလိုင်လ (၁၆) ရက်နေ့သတင်းစာရှင်းလင်းပွဲတွင် နအဖပြန်ကြားရေးဝန်ကြီး ကျော်ဆန်းက သတင်းထောက်များအား ပြောကြားခဲ့သည်။ အဆိုပါသတင်းရှင်းလင်းပွဲတွင် ဦးမိန်းစင်က အက်စ်အက်စ်အေခေါင်းဆောင် ဗိုလ်မှူးကြီးရွက်ဆစ်သည် မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းဝယ်မှုနှင့် ပြည်သူများကိုသတ်ဖြတ်မှုများပြုလုပ်နေသည်ဟု ပြောဆိုခဲ့သည်။



ဇူလိုင် (၁၆) သတင်းစာရှင်းလင်းပွဲတွင်တွေ့ရသော အက်စ်အက်စ်အေတပ်ဖွဲ့ဝင်များ

နှင့်ပြန်လည်မပူးပေါင်းမိသေးသော်လည်း ပူးပေါင်းရန်ကမ်းလှမ်းထားကြောင်း အက်စ်အက်စ်အေအသိုင်းအဝိုင်းကို ကိုးကား၍ သတင်းများကဆိုသည်။

နအဖနှင့်ပူးပေါင်းပြီး တလခန့်အကြာတွင် ယခုကဲ့သို့ ပြန်လည်ထွက်ခွာလာရခြင်းမှာ ဦးမိန်းစင်၏တပ်များကို နအဖတပ်များက ၎င်းတို့ကိုပေးအပ်ထားသောနယ်မြေအတွင်း၌ပင် လှုပ်ရှားခွင့်မပေးဘဲ၊ နောက်ဆုံးတွင် လက်နက်ချခိုင်းသည့်အထိဖိအားပေးလာခြင်းကြောင့် ဖြစ်သည်ဟု အက်စ် အက်စ်အေသတင်းရပ်ကွက်ကို ကိုးကားသောသတင်းများကဆိုသည်။

အစပိုင်းတွင် နအဖက ဦးမိန်းစင်၏ တပ်ဖွဲ့ကို ကိုယ်ပိုင်နယ်မြေပေးထားပြီး လက်နက်များလည်းတပ်ဆင်ပေးထားခဲ့သော်လည်း ဦးမိန်းစင်က အက်စ်အက်အေတပ်ကို ပြန်မတိုက်လိုကြောင်းပြောဆိုပြီးနောက်ပိုင်းတွင် နအဖတပ်နှင့်သဘောထားကွဲလွဲကာ လမ်းခွဲ

နန်းခူးဆမ်က လက်နက်ချသွားသော မိန်းစင်သည် ပြည်သူထံမှငွေမကောက်ရဟူသော အက်စ်အက်စ်အေတပ်ကချမှတ်ထားသော ဥပဒေများမလိုက်နာဘဲ ပြည်သူလူထုထံမှငွေကြေးကျပ်သန်း (၉၀၀) ကျော်ကောက်ခံခဲ့သဖြင့် ဗဟိုက ထိုကိစ္စနှင့်ပတ်သက်၍ ဆွေးနွေးရန်ဖိတ်ခေါ်ရာတွင် ရှောင်ပြေးသွားခြင်းဖြစ်ကြောင်းပြောသည်။

သို့သော် နန်းခူးဆမ်က မိမိတို့တပ်အနေဖြင့် ဦးမိန်းစင်က ပြန်လည်ပူးပေါင်းမည်ဆိုလျှင် လိုအပ်သောစစ်ဆေးမှုများပြုလုပ်ပြီးနောက် ပြန်လည်လက်ခံမည်ဖြစ်ကြောင်း ပြောသည်။ ❖